
mgyoe.com

SAMPLE BOOK

# ဂျာနယ်ကျော် မမလေး

ဆောင်းပါးပေါင်းချုပ်



mgyoe.com SAMPLE BOOK

အမှန်စင်စစ် ကျွန်မမှာ ဝတ္ထုရေးစက ဝါသနာအလျောက် ရေးခဲ့သည် မဟုတ်ဘဲ ဝတ္ထုနယ်ပယ်ထဲသို့ စာရေးဆရာ စောဦးက တွန်းထိုးပို့၍သာ ရောက်သွားရသဖြင့် စာပေနှင့် ကျွန်မ ဆုံစည်းရသော ရေစက်သည် လူကြီးတွေ အတင်းပေးစား၍ လက်ထပ်ရသော သတို့သမီးနှင့် တူလှသည်။

စာပေဆု

"ကျွန်တော်တို့လည်း ရွှေဆိုရင် ဇမ္ဗူရာဇ်တို့၊ နာရဏီတို့သာ သိတာပဲ။ ရှေးမြန်မာဘုရင်ခေတ်က ရွှေမျိုး ၄၀ ရှိတယ် ဆိုတာ ဒီအထဲမှာမှ သိရတာပဲ။ ရှေးက ရွှေပိုက်ဆံကို ခြသေ့်တံဆိပ်နဲ့ ထုတ်တယ်"

မန္တလေး ရုက္ခစိုးဘဏ္ဍာ

ကျွန်မမှာ စစ်မဖြစ်ခင်က စစ်တိုက်ချင်သော ဂျပန်၊ စစ်အတွင်း တစ်လျှောက်လုံး စစ်တိုက်နေသော ဂျပန်၊ စစ်ပြီးစ စစ်ရှုံးနေသော ဂျပန်နှင့် ယခု မျက်မှောက် စစ်နှင့်ကင်းဝေးနေသော ဂျပန်ကို နှိုင်းယှဉ် ခန့်မှန်း ကြည့်မိသည်။ စစ်မတိုက်ရ၍ စစ်မဖြစ်၍သာ သူတို့ဂျပန်လူမျိုးတွေ ဒီလို ဖောဖောသီသီ ဝတ်နိုင်စားနိုင်၊ တိုးတက်နိုင်တာပဲဟု တွေးကြည့်မိသည်။

ဟီရိုရှီးမား

"အနုပညာရှင်ရဲ့တာဝန်အစစ်အမှန်ဟာ သူတစ်ပါးရဲ့စိတ်မှာ သူ ခံစားရမှုမျိုး ဖြစ်ပေါ်အောင် ခံစားမှုအချက်ကို ပို့ပေးရုံ မဟုတ်ဘူးဟ။ ခံစားမှုတရားကို ဖော်ထုတ်ပြီး လောကအမြင် အသိတရား၊ ဘဝအမြင် အသိတရား ပို့ပေးဖို့ ဖြစ်တယ်"

အလှည့်

"မမလေး...သူတို့ကို ကြည့်စမ်း၊ သူတို့ကို ဆင်းရဲတယ်လို့ မထင်နဲ့၊ ကျုပ်တို့သာ ဆင်းရဲတာ။ ဟိုဟာ စားချင်တာ မစားရတာနဲ့၊ ဒီဟာ ဝတ်ချင်တာ မဝတ်ရတာနဲ့ ကျုပ်တို့ ခင်ဗျားတို့ဟာ ဒုက္ခများပြီး ဆင်းရဲတာ။ သူတို့မှာတော့ ဘာစားချင်တယ်၊ ဘာလုပ်ချင်တယ် အထွေအထူး မရှိဘူး။ အလိုနည်းတော့ ချမ်းသာတာပေါ့"ဆရာဇေယျသည် ပြောပြီး ဆေးပြင်းလိပ်ကြီး ခဲကာ . . .

ပြည်ထောင်စုပတ္တနာ

"မြန်မာပြည် ပြန်ရောက်လို့ သဘော်လည်း ဆိုက်ရော မြန်မာပြည်က ကြောက်စရာကောင်းလိုက်တာ။ ရတနာဂီရိမှာ သစ်ပင် မရှိဘူး၊ မြန်မာပြည်က သစ်ပင်ကြီးတွေက မိုးပေါ်ထိုးနေတော့ သိပ်ကြောက်တာပဲ"
"ရွှေနန်းတော်ကြီးကို တွေ့ချင် မြင်ချင်စိတ် မရှိဘူးလား ဘုရား"
"တွေ့ချင်စိတ် မရှိပါဘူး၊ ကိုယ်မှ နန်းတော်ကြီးကို မမြင်ဖူးတာပဲ။ ဘယ်တွေ့ချင်ပါ့မလဲ"

မန်းရာပြည့်နှစ်တစ်ရာပွဲ

ISBN 9789997136503
MML45
9 789997 136503
MMK 38,000.00

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# ဂျာနယ်ကျော် မမလေး

## ဆောင်းပါးပေါင်းချုပ်

ပထမအကြိမ်(၂၀၁၉)မှုကို ဆောင်းပါး(၅)ပုဒ် ဖြည့်စွက်ထားပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com

SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

# ဆောင်းပါးပေါင်းချုပ်

## ဂျာနယ်ကျော်မမလေး

ဒုတိယအကြိမ်၊ ၂၀၂၅

mgyoe.com

mgyoe.com SAMPLE BOOK

ဆောင်းပါးပေါင်းချုပ်၊ ဂျာနယ်ကျော်မမလေး
စာမျက်နှာ ၈၄၅+ မျက်နှာ၊ ၁၅ စင်တီ× ၂၂·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၉၊ ကံကော်ဝတ်ရည်စာပေ၏ ပထမအကြိမ်မှု

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK



ဂျာနယ်ကျော်မမလေး

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



ပြည်ထောင်စုပတ္တနာပွဲ



ပြည်ထောင်စုနေ့ပွဲ

mgyoe.com

yoe.com SAMPLE BOOK



ကမ္ဘာအေး စာပေညီလာခံ




ကမ္ဘာအေး စာပေညီလာခံ

mgyoe.com

mgyoe.com SAMPLE BOOK




သားသမီးများနှင့် မောင်ငယ်ကိုတင်ဝင်း



ညီမအငယ်ဆုံး ရွှေရွှေ၏ မင်္ဂလာအခမ်းအနားတွင်

mgyoe.com



စာရေးဆရာမ တက္ကသိုလ်ကျော့ရှင်းနှင့်အတူ



စာရေးဆရာမကြီး
ရေနံမြေစုနှင့်အတူ

mgyoe.com

mgyoe.com
SAMPLE BOOK



ညီမဝမ်းကွဲဖြစ်သူ
မမြစိန်နှင့်အတူ



ဂျာနယ်ကျော်မမလေးက ဦးသုခသို့ လက်စွပ်ပေးအပ်ခြင်း

mgyoe.com




ရွှေတိဂုံဘုရား ရာဟုထောင့်
နေလဘုရားထီးတင်ပွဲတွင် ထီးကိုယ်တိုင် ထမ်းနေပုံ



မောင်သိန်းတန်၊ ဂျာနယ်ကျော်မမလေး၊ ဦးပန်းစိန်(ဖြူး)

mgyoe.com



ဂျာနယ်ကျော်တိုက်ကို ဖျက်စီးရန် လာကြစဉ်

mgyoe.com

mgyoe.com
SAMPLE BOOK



ငယ်နုစဉ်

mgyoe.com

mgyoe.com
SAMPLE BOOK





mgyoe.com



ဂျာနယ်ကျော်မမလေး၏
နေလဓာတ်ပညာဆရာကြီး
အိုင်ကလောင်ဆရာလှိုင်



ရွှေပြားအလှူတွင်
အဘဆရာလှိုင်
မိသားစုနှင့် အတူ

mgyoe.com

mgyoe.com

SAMPLE BOOK



စစ်ပြီးခေတ် ဂျပန်ပြည်သို့
ပထမဆုံးအကြိမ် ရောက်စဉ်
ဂျာနယ်ကျော်မမလေး၏ပုံ



ဓရွှေဂေါ်တော်ရောက် အမှတ်တရ

mgyoe.com



ဆေးအလှူပွဲတွင် ဓာတ်ဆရာကြီး ဆရာလှိုင်၏သမီး
ဆရာမကြီးဒေါ်သန်းခင်နှင့်အတူ



ဂျာနယ်ကျော်မမလေး
ဈာပနအခမ်းအနားအား
(၁၀.၄.၁၉၈၂) နေ့
မှတ်တမ်းပြုခဲ့စဉ်
သားကြီးမောင်သိန်းတန်နှင့်
သားငယ်မောင်မိုးဟိန်း

mgyoe.com



ဂျာနယ်ကျော်မမလေး ဈာပနအခမ်းအနားအား (၁၀.၄.၁၉၈၂) နေ့ မှတ်တမ်းပြုခဲ့စဉ်



သားမောင်မိုးဟိန်းနှင့်
သမီးခင်လေးမြင့်

SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK



外国代表9人が長崎入り

駅で花束を受けるママレードさん

ပထမတစ်ခေါက်
ဂျပန်ပြည် သွားခဲ့စဉ်



အဘွားဂျာနယ်ကျော်မမလေးနှင့် မောင်သိမ်းစိုး

mgyoe.com

mgyoe.com

SAMPLE BOOK



## ဂျာနယ်ကျော် မမလေး (၁၉၁၇-၁၉၈၂)

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ ကမာကလူကျေးရွာ၌ အဖ ဒေါ်ဆင်ဘဏ် မန်နေဂျာ ဦးပျားချို၊ အမိ ဒေါ်ကွီတို့က ၁၉၁၇ ခု၊ ဧပြီလ ၁၃ ရက်၊ သောကြာနေ့တွင် မွေးဖွားသည်။ မွေးချင်း ငါးဦးအနက် စတုတ္ထမြောက် ဖြစ်သည်။ အမည်ရင်း မတင်လှိုင် ဖြစ်သည်။

၁၉၂၂ ခုတွင် ဖျာပုံ အေဘီအမ်ကျောင်း၌ ကျောင်းစနေခဲ့သည်။ ဘိုကလေးမြို့ အစိုးရကျောင်းမှ ၁၉၂၇ ခုတွင် သတ္တမတန်း အောင်သည်။ ထို့နောက် ရန်ကုန်မြို့မ အမျိုးသမီးကျောင်း၌ နဝမတန်း ၁၉၃၂ အထိ ပညာသင်ကြားခဲ့သည်။ ၁၉၃၈ ခုတွင် မြန်မာ့အလင်း သတင်းစာ အယ်ဒီတာချုပ် ဦးချစ်မောင်နှင့် လက်ထပ်သည်။ ၁၉၄၆ ခု၊ ဧပြီလ ၃ရက်တွင် ခင်ပွန်း ဂျာနယ်ကျော်ဦးချစ်မောင် ကွယ်လွန်၍ သားနှစ်ဦးနှင့် သမီးတစ်ဦး ကျန်ရစ်ခဲ့သည်။ ၁၉၅၉ ခု၊ မေလ ၁၄ ရက်တွင် ဦးအောင်ဇေယျနှင့် အိမ်ထောင်ပြုသည်။

ဘိုကလေးမြို့ တို့ဗမာအစည်းအရုံးတွင် အဖွဲ့ဝင်နှင့် တက်ခေတ် အမျိုးသမီး အဖွဲ့ ဥက္ကဋ္ဌ (၁၉၃၆-၃၇)၊ ဂျာနယ်ကျော် ထုတ်ဝေသူ၊ ဂျာနယ်ကျော်နှင့် ပြည်သူ့ဟစ်တိုင် သတင်းစာ အယ်ဒီတာ (၁၉၃၉)၊ အမျိုးသမီး ကလောင်ရှင်အသင်း ဒုတိယဥက္ကဋ္ဌနှင့် ကလောင်ရှင် မဂ္ဂဇင်း တာဝန်ခံ အယ်ဒီတာ (၁၉၄၇)၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ (၁၉၄၈-၄၉)၊ စာရေးဆရာအသင်း ဥက္ကဋ္ဌ (၁၉၄၈-၄၉)၊ မြန်မာနိုင်ငံ စာရေးဆရာ

mgyoe.com

mgyoe.com SAMPLE BOOK

စာပေကလလပ် အတွင်းရေးမှူး (၁၉၆၁-၆၂) တာဝန်များကို ထမ်းဆောင်ခဲ့သည်။ တရုတ်နှင့် ဆိုဗီယက်သို့ ယဉ်ကျေးမှု ကော်မတီအဖွဲ့ဝင် (၁၉၅၂)၊ အာရှတိုက် စာရေးဆရာများ ကွန်ဖရင့် (နယူးဒေလီ) (၁၉၅၅)၊ အဏုမြူဆန့်ကျင်ရေး ကွန်ဖရင့်(ဂျပန်) (၁၉၅၈)၊ ဂျပန်ဘာသာပြန် "သွေး"ဝတ္ထုအတွက် ဂုဏ်ပြုဖိတ်ကြားခြင်း (ဂျပန်)(၁၉၈၀) စသည်ဖြင့် နိုင်ငံရပ်ခြားသို့ သွားခဲ့သည်။

ပုဂ္ဂိုလ်ရေး 'ပစ်စာ' တစ်စောင် တုံ့ပြန်ဆောင်းပါးရေးရာမှ သတင်းစာတိုက်နှင့် ဆက်သွယ်မိပြီး စာပေနယ်ထဲ ရောက်ခဲ့သည် ဆို၏။ 'အမျိုးသမီးများ' 'ဏကြီးသတ်' ဉာဏ်ရှိကြရန် (မြန်မာ့အလင်း၊ ၁၉၃၆-၃၇)သည် ပထမပုံနှိပ်ဆောင်းပါး ဖြစ်သည်။ ပထမပုံနှိပ်ဝတ္ထုမှာ "မသိရလေခြင်း" (ဂျာနယ်ကျော်၊ ၃၁-၅-၁၉၄၁) ဖြစ်သည်။ ထင်ရှားသော စာအုပ်များမှာမူ **သူမ** (၁၉၄၅)၊ **သူလိုလူ** (၁၉၄၇)၊ **သူလိုမိန်းမ** (၁၉၄၈)၊ **ရွှေမငြိုး** (၁၉၄၈)၊ **စိတ်** (၁၉၅၁)၊ **ကမ္ဘာမြေဝယ်** (၁၉၅၂)၊ **မုန်း၍မဟူ** (၁၉၅၅)၊ **တွေးတစ်မှိန့်မှိန့်** (၁၉၆၃) **လှတစ်မျက်နှာ** (၁၉၆၉)၊ **ရင်နှင့်အောင်မွေး** (၁၉၆၇)၊ **ရင်မှတစ်ရှိုက်** (၁၉၇၀)၊ **သွေး** (၁၉၇၃)တို့ ဖြစ်ကြ၏။ **မုန်း၍မဟူဖြင့်** (၁၉၅၅) ခု စာပေဗိမာန်ဆု၊ **တွေးတစ်မှိန့်မှိန့်ဖြင့်** ၁၉၆၃ ခု အနုပညာ စာပေဆု ဝတ္ထုတိုပေါင်းချုပ် တတိယဆု ရရှိခဲ့သည်။ နိုင်ငံခြားဘာသာသို့ ပြန်ဆိုခဲ့သည်များမှာ **မြက်ကလေးတစ်ပင်** (ဂျာမန်-၁၉၆၈)၊ **တွေးတစ်မှိန့်မှိန့်** (ရုရှ-၁၉၈၄)၊ **သွေး** (ဂျပန်-၁၉၇၇)၊ **မုဆိုးမ** (အင်္ဂလိပ်)၊ **မုန်း၍မဟူ** (ရုရှ၊ ဥဇဘက်၊ ပြင်သစ်၊ တရုတ်၊ အင်္ဂလိပ်)တို့ ဖြစ်ကြသည်။

ဂျာနယ်ကျော် မမလေး၏ ကလောင်ခွဲများမှာ ရဝေလှိုင်၊ လှတခိုင်၊ ဘိုကလေး မတင်လှိုင်တို့ ဖြစ်ကြသည်။ စာရေးဆရာ၊ သတင်းစာဆရာ အဖြစ်သာမက တိုင်းရင်းဆေး ပညာရှင် အဖြစ်လည်း ထင်ရှား၏။ **ဆေးပညာ ဆောင်းပါးများ** (၁၉၆၂)၊ (**မြန်မာ့ဆေးပညာ**- ၁၉၆၇)ကို ပြုစုခဲ့သည်။

၁၉၈၂ ခု၊ ဧပြီလ ၆ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ မန္တလေး ရက္ခစိုး | ... | ၃ |
| ၂။ မန္တလေး ရက္ခစိုးဘဏ္ဍာ | ... | ၂၂ |
| ၃။ ဟီရိုရှီးမား | ... | ၄၁ |
| ၄။ နာဂါဆာကီး | ... | ၆၈ |
| ၅။ ၈ နာရီ ၁၅ မိနစ် | ... | ၈၁ |
| ၆။ အဏုမြူ ဆန့်ကျင်ရေး ကမ္ဘာ့ညီလာခံ | ... | ၉၃ |
| ၇။ အလှည့် | ... | ၁၀၆ |
| ၈။ ပြည်ထောင်စု ပဋ္ဌာန | ... | ၁၂၂ |
| ၉။ ဆန်တစ်ဇွန်း | ... | ၁၃၈ |
| ၁၀။ ဟင်းချိုမ | ... | ၁၅၄ |
| ၁၁။ သီရိလကျာ တောင်မြေ | ... | ၁၇၃ |
| ၁၂။ သာသောအခါ သာပါလိမ့် | ... | ၁၉၈ |
| ၁၃။ ဒိုးနက် | ... | ၂၂၃ |
| ၁၄။ ငြိမ်းချမ်းရေး အလံ | ... | ၂၃၃ |
| ၁၅။ မန်းရာပြည့်နှစ်တစ်ရာပွဲ | ... | ၂၅၈ |
| ၁၆။ ကချင်ပွဲတော် | ... | ၂၇၉ |
| ၁၇။ အရှေ့တစ်ခွင် ရောက်ခဲ့စဉ်က | ... | ၂၉၆ |
| ၁၈။ တီဘီလား | ... | ၃၁၂ |
| ၁၉။ စာပေဆု | ... | ၃၂၇ |
| ၂၀။ စာဆိုတော်နေ့ | ... | ၃၅၁ |
| ၂၁။ အမေ | ... | ၃၆၄ |
| ၂၂။ မရွေ့မရှိ၊ ရွေ့သည်ချည်းမို့ | ... | ၃၉၄ |
| ၂၃။ 'သူ' နှင့် မင်္ဂလာ လက်စွပ် | ... | ၄၀၈ |
| ၂၄။ ဒီသား၊ ဒီသမီး | ... | ၄၃၅ |


mgyoe.com

mgyoe.com SAMPLE BOOK


၂၅။ လွမ်းသူ့စာခွေ ... ၄၂၀

၂၆။ သည့်ရာသီ လတပေါင်း ... ၄၂၆

၂၇။ ဂျာနယ်ကျော် ဦးချစ်မောင် အမွေ ... ၄၃၂

၂၈။ သမ္ဗုဒ္ဓနှင့် ပရိပုဏ္ဏာ ... ၄၄၄

၂၉။ ဆယ်နှစ် ... ၄၆၂

၃၀။ စေတနာ ... ၄၉၆

၃၁။ ပုံနှိပ်တိုက် လောကနှင့် ၆၀၀၀ ကျပ် ကြွေး ... ၅၂၀

၃၂။ လမ်းနှစ်ခွ ... ၅၃၂

၃၃။ အဘ ပေးသော အမွေ ... ၅၅၆

၃၄။ ဘ၀ရေစက် ... ၅၆၉

၃၅။ စိတြဂီဝါ ... ၅၇၂

၃၆။ လွမ်းတသသ ... ၅၇၈

၃၇။ ပြည်ရွှေဘို မြို့တော် မြောက်ဆီမှ ... ၅၈၈

၃၈။ ဘ၀ဟူသည် ... ၅၉၆

၃၉။ မင်္ဂလာဗေယျာ ဆရာတော် ... ၆၃၅

၄၀။ လုံမပျိုနှင့် နောက်ဖေးပေါက် ... ၆၅၆

၄၁။ မွေးမေမေ ... ၆၇၆

၄၂။ မြေးအဘွား ... ၆၉၁

၄၃။ မိညို ... ၇၀၂

၄၄။ မာလီ ... ၇၂၅

၄၅။ လူထူး လူဆန်း ... ၇၄၃

၄၆။ တစ်ဖြစ်လဲ ... ၇၆၇

၄၇။ ယုမိစံနှင့် နိရှိဒွေစံ ... ၇၈၂

၄၈။ သိစေချင်စမ်းပါဘိ ... ၇၈၇

၄၉။ လဆန်း ၂ ရက် ... ၈၀၇

၅၀။ အိမ်ကြီးဝင်္ကဘာ ... ၈၂၀

၅၁။ အရှေ့ကပွင့်သစ် ... ၈၃၄

၅၂။ စာရေးဆရာနှင့် စာရေးဆရာလုပ်ငန်း ... ၈၄၃


❑

mgyoe.com

mgyoe.com SAMPLE BOOK

## မန္တလေး ရှုကွက်စုံ

( ၁ )

ကျွန်မ၏ ဧည့်ခန်းထဲတွင် ချိတ်ဆွဲထားသော မန္တလေးနန်းတော်ကားချပ်သည် စုတ်တံနှင့်ရေးသော ပန်းချီကား မဟုတ်ချေ။ နန်းတော်၊ မြို့ရိုးနှင့် ကျုံးကို လက်ရာမြောက်စွာ ကောက်ရိုးများနှင့်ကပ်ကာ ဖော်ပြထားသည့်အတွက် ဆေးရေးပန်းချီကားထက် တန်ဖိုးထားမိသည်။ အနက်ခံတွင် ကောက်ရိုးမျှင်၊ ကောက်ရိုးဖတ်ကလေးများသည် ရွှေရောင်တောက်ကာ ဝင်းနေပေသည်။

ဧည့်ခန်းထဲတွင် ကားကလေးကို ချစ်မြတ်နိုးစွာ အလှချိတ်ဆွဲ ထားပြီးနောက် တစိမ့်စိမ့်ကြည့်မိသည့်အခါတိုင်းပင် 'မန္တလေး' ကို သတိရလေသည်။

ကျွန်မခင်ပွန်း မဆုံးခင် အင်္ဂလိပ်ခေတ်က မန္တလေးသို့ ရောက်သွားခဲ့သည်။ မန္တလေးမြို့မှ စာရေးဆရာ မြမျိုးလွင်နှင့် မြန်မာ့အလင်း ဦးကိုကိုလတ်တို့မှာ ကျွန်မတို့ကို မန္တလေးတစ်မြို့လုံး အနှံ့အပြား လိုက်ပို့ကြသောသူများ ဖြစ်ခြင်းကြောင့် မန္တလေးကို သတိရလျှင် သူတို့နှစ်ယောက်ကိုလည်း အမြဲတမ်း သတိရလေသည်။

ဧည့်ခန်းထဲမှ ကောက်ရိုးဖြင့် ကပ်ထားသည့် မြို့ရိုးကားသည် သူ့ တစ်ကားတည်း သီးခြားမဟုတ်၊ ကြိမ်ဖန်များစွာ ကြည့်သော် မျက်စိထဲ၌ ဆရာမြမျိုးလွင်နှင့် ဦးကိုကိုလတ်တို့သည် ကားချပ်နှင့် အတူတကွ ပေါ်လာကြပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မရှေ့မှ နန်းတော် မြို့ရိုးကြီး၏ မြို့ရိုး အုတ်တံတိုင်း ပြအိုး၊ ပြာသာဒ်၊ တံခါးရွက်များနှင့် ကျုံးရေပြင်ကို စိုက်ငေးကာ ကြည့်နေစဉ် ဧည့်ခန်းထဲ၌ ချိတ်ဆွဲထားသည့် ကြည့်နေကျ ကောက်ရိုး ကားချပ်ကလေးသည် ပကတိ နန်းတော်မြို့ရိုးနှင့် ကျုံး ဖြစ်လာသလိုပင် ရုတ်တရက် အောက်မေ့ မှတ်ထင်မိသည်။

ကျွန်မဘေး၌ ထိုင်လိုက်လာကြသော ဆရာမြမျိုးလွင်နှင့် ဦးကိုကိုလတ် တို့ကိုလည်း စိတ်ကူးများလား၊ ဟုတ်မှ ဟုတ်ရဲ့လားဟု အောက်မေ့ရလောက်အောင် ကျွန်မမှာ မမျှော်လင့်ဘဲ သူတို့နှစ်ယောက်နှင့် မြို့ရိုးနားသို့ ရောက်သွားလေသည်။

မြို့ရိုး၊ ကျုံး၊ ဆရာမြမျိုးလွင်၊ ဦးကိုကိုလတ် စသည့် ဆုံစည်း ပေါင်းစပ်နေသော ဧည့်ခန်းထဲမှ နေ့စဉ်တွေ့နေကျ ပုံသဏ္ဌာန်သည် မျက်မှောက်တွင် ထင်ထင်ရှားရှား အသက်ဝင်နေကြသဖြင့် ကျွန်မမှာ မြို့ရိုးနှင့် ကျုံးကို မျှော်ကြည့်ရင်း သူတို့အား စကားပင် မပြောနိုင်ဘဲ ငြိမ်နေမိသည်။

ကျွန်မ ပြန်တွေ့ရသော မြန်မာ့အလင်း ဦးကိုကိုလတ်၏ အမူအရာမှာ မိတ်ဆွေတို့၏ ဝတ္တရားထက် ကျော်လွန်ကာ ခင်မင်ရင်းနှီးခြင်းက ပေါ်လွင် ထင်ရှားနေပေသည်။

စာရေးဆရာ မြမျိုးလွင်မူကား ကွဲကွာနေသော နှမငယ်နှင့် ပြန်တွေ့ရ၊ ဆုံရပုံမျိုး ပျော်တပြုံးပြုံး ဖြစ်နေသည်။

''ဘဏ္ဍာရေးဝန်ကြီး ဦးတင် လာတုန်းက ကျွန်တော် ပြောတယ်၊ ငွေတစ်သောင်းသာ အစိုးရက ပေးပါ၊ ကျုံးကို ကျွန်တော် ဆယ်ပေးမယ်လို့။ ဒီကျုံးထဲမှာ တိုင်းပြည်ပျက်တုန်းက နန်းတော်ထဲက ရွှေငွေတွေ ပစ်ထားတာ ရှိချင်ရှိမှာလို့ပြောတော့ ဦးတင်က ရယ်နေတယ်''

ဦးကိုကိုလတ် ပြောလိုက်သည့်အသံနှင့် ဆရာမြမျိုးလွင်၏ ရယ်မောသံမှာ တစ်နေရာမှ လွင့်လာသော အသံများကဲ့သို့ ထင်ရလေသည်။ အရှိန်မြန်လွန်းသော ကားပေါ်၌ လေတဟူးဟူးထဲတွင် ကျွန်မလည်း စိတ်တခြား၊ ကိုယ်တခြား အိပ်မက် မက်နေသည့်အလား ဖြစ်နေပေသည်။

မန္တလေးသို့ ဖြန်းခနဲ ရောက်လာခြင်းထက် ဆရာမြမျိုးလွင်၊ ဦးကိုကိုလတ်နှင့် မြို့ရိုး၊ ကျုံးနားသို့ ဂျစ်ကားနှင့် ရောက်လာကြခြင်းသည် ကျွန်မအဖို့ အိပ်မက်မက်နေသကဲ့သို့ပင်။

''မန္တလေးကို မြို့တည်တော့ မန္တလေးတောင်ရဲ့ စက်ရိုပ်ကို မှီပြီး မြို့ရယ်၊ ကျုံးရယ်၊ စေတီ၊ သိမ်၊ ကျောင်း၊ သုဓမ္မာ၊ ရွှေစာပိဋကတ်၊ ခုနစ်ဌာန၊ တစ်ပြိုင်တည်း တည်တာပဲ''

ဦးကိုကိုလတ်သည် ကျွန်မဘေးမှာ တတွတ်တွတ်ပြောပြလာသည်။ ကျွန်မမှာ ဦးကိုကိုလတ် ပြောနေသော မန္တလေးသမိုင်းကို နားစိုက်လျက်၊ မျက်စိထဲမှ ကျုံးဘေးရှိ

mgyoe.com

mgyoe.com SAMPLE BOOK

မြို့ရိုးကြီးနှင့် အဝေးက ဆီးနေသည့် မန္တလေး တောင်တော်သည် ခဲယမ်းမီးကျောက်များ၏ အရှိန်ဖြင့် ပေါက်ကွဲကာ မီးခိုးလုံးကြီးများ လွှမ်းခြုံ ဖုံးအုပ်နေပေသည်။

ဂျင်နရယ်ဝင်းဖို့ရီးစ်၏ စစ်တပ်ကြီးသည် နန်းတော်ကြီး၏ တပ်မြို့စခန်းကို သိမ်းနိုင်ရေးအတွက် မန္တလေးတောင်တော်ကို အပေါ်စီးရလေအောင် ကြောက်မက်ဖွယ်ရာ တိုက်ခိုက်နေကြလေသည်။

မန္တလေးတောင်၌ လှေကားထစ် ၁၁၁၀ ရှိသည့် စောင်းတန်းကြီးကို တောင်ထိပ်တောင်ဖျား ရောက်သည်အထိ စစ်သားများ တစ်ထစ်ပြီးတစ်ထစ် ချီတက်နေကြကုန်သည်။ တောင်ပေါ်တွင် ဂျပန်အလောင်းကောင်များသည် လှေကားထစ်များ၌ မြင်မကောင်း၊ ရှုမကောင်းအောင် အတုံးအရုံး လဲလျက် ရှိကြသည်။

ဂျပန်များမှာ ဆုတ်ခံခံရင်း တောင်အောက်သို့ မဆင်းသာသည်နှင့် တောင်ထိပ်၌ရှိသော ရောမဥမင်လိုဏ်ခေါင်းကြီးထဲသို့ စုပြုံဝင်အောင်းကြရလေသည်။

စစ်တပ်မှ ဥမင်ထဲသို့ ဓာတ်ဆီလောင်းသွင်းပြီး မီးတင်ရှို့ခြင်းဖြင့် ဂျပန်များသည် ဥမင်ထဲမှ တစ်ယောက်ပြီး တစ်ယောက် ထွက်လာကြတော့သည်။ ဥမင်ထဲမှ လူကောင်းပကတိ ထွက်လာကြပုံ မဟုတ်ဘဲ တစ်ကိုယ်လုံး မီးတောက်လောင်နေကာ ဟစ်အော်ကြလျက် သေပြေးရှင်ပြေး ပြေးထွက်လာကြကာ တောင်ပေါ်မှ အတင်း ခုန်ချနေကြလေသည်။

''မြို့ရိုးလေးရပ်လုံးလည် လှည့်လည်ထားတဲ့ တံခါးပြက ၁၂ ခု ရှိတယ်။ မြို့ထောင့်ပြက လေးခု ရှိတယ်။ တခြားပြငယ်ကလေးတွေက ၃၂ ပြ ရှိတယ်။ ပြအိုးပြာသာဒ် စုစုပေါင်း ၄၈ ခု ရှိတယ်''

ဦးကိုကိုလတ်သည် နန်းတော်မြို့ရိုး ရာဇဝင်ကို အသေးစိတ် ရှင်းပြနေလေသည်။ ရှေးအခါက မြို့ရိုးတံတိုင်းကြီးမှာ တင့်တယ်မောက်ကြွားကာ မားမားစွင့်စွင့် နီကြင့်ကြင့်နှင့် ထည်ဝင့်နေခဲ့၏။ ယခုမြင်ရသည်မှာ အမြောက် ဗုံးဆန်များ ခွဲဖြိုထားခြင်းကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေပေပြီ။

ဂျင်နရယ်ဝင်းဖို့ရီးစ်သည် တောင်ခြေ မြေမျက်နှာပြင်တွင် အမြောက်ကြီးများတပ်ဆင်ကာ နန်းတော်မြို့ရိုးကြီးဆီသို့ ချိန်မှန်း ပစ်ခွင်းနေလေသည်။

ညတိုက်ပွဲဆင်နေသည့် တောင်ပေါ်ဆီမှ ပစ်ခတ်သော အမြောက်ကြီးများ၏ ကျည်ဆန်များသည် မြို့ရိုးကြီးကိုသာ သဲမဲပစ်ခတ် ဖြိုခွင်းနေကြလေသည်။ ညမှောင်ကြီးထဲတွင် ကျည်ဆန်များ ဝင်းခနဲ လက်ခနဲ တရစပ် ထွက်ပေါ်နေမှုကြောင့် ထိန်လင်းနေတော့ရာ မီးရောင်များအောက်တွင် နန်းတော်၏ ကျုံးရေပြင်ကြီးမှာ ဖိတ်လက်နေလေသည်။

ရော်ဘာ စက်လှေကလေးများသည် ကျုံးထဲတွင် ဖြတ်ကူးနေကြ၏။ မြို့ရိုးကြီး၏ တစ်ခုတည်းသော တစ်နေရာကို မဲသဲပြီး စုပြုံပစ်ခတ် နေကြလေသည်။ လေယာဉ်ပျံ

mgyoe.com

mgyoe.com SAMPLE BOOK

များသည် နိမ့်နိမ့်ကလေး ပျံလာကာ မြို့ရိုး တစ်နေရာတည်းကိုပင် သဲသဲမဲမဲ တစ်ခဲနက် ဗုံးများ သွန်းကြဲချနေကြလေသည်။

၁၀ ပေခန့် နဂိုထူသော မြို့ရိုးကို နောက်က ထပ်မံပြီး ဂျပန်များက မြေဖြင့် ပေ ၂၀ လုံးလုံး ဖို့လောင်း အားဖြည့်ပေးထားခြင်းကြောင့် မြို့ရိုး အုတ်တံတိုင်းကြီး ကျိုးပွဲ ပွင့်သွားအောင် ထောင်နှင့် သောင်းနှင့်ချီ၍ အမြောက်ဗုံးဆန်များ သွန်နေကြရကုန်သည်။

''ဘုရင့် ဆွေတော်မျိုးတော် မသာတွေကို ဟောဒီ အနောက် မျက်နှာတံခါးက ထုတ်ရတယ်။ ဒီတံခါး နာမည်က ကြေးမုံတံခါး ခေါ်တယ်။ တံခါး ၁၂ တံခါးစလုံး သူ့နာမည်နဲ့ သူ မှည့်ထားတယ်။ အရှေ့မျက်နှာ မြောက်စွန်မိတ်တံခါးကို 'လွန်ကဲ' တံခါး ခေါ်တယ်။ အရှေ့မျက်နှာ အလယ် သူရဲ့ ဓာတ်တံခါးကို 'ဦးထိပ်'တံခါး ခေါ်တယ်။ အရှေ့မျက်နှာ တောင်စွန်မိတ်တံခါးကို 'သောင်းညွန့်'တံခါးခေါ်တယ်။ တောင်မျက်နှာ အရှေ့စွန်မိတ် တံခါးကို 'ကျွန်းလုံးယူ'တံခါးခေါ်တယ်။ တောင်မျက်နှာ အလယ်ကောလီ ဓာတ်တံခါးကို 'ကျော်မိုး'တံခါး၊ တောင်မျက်နှာက နောက်စွန်မိတ် တံခါးကတော့ 'ရန်နည်း'တံခါး၊ အနောက်မျက်နှာ တောင်စွန်မိတ် တံခါးကို'ကြေးမုံ' တံခါး၊ အနောက်မျက်နှာ အလယ်ပါပ ဓာတ်တံခါးကို'စည်ရှည်'တံခါး၊ အနောက်မျက်နှာ မြောက်စွန်တံခါးက 'ထင်ရှား'တံခါး၊ မြောက်မျက်နှာ နောက်စွန်မိတ် တံခါးကတော့ 'စည်သာ' တံခါး၊ မြောက်မျက်နှာအလယ် အမြိတ္တဓာတ် တံခါးကို 'လေးသိန်း'တံခါး၊ မြောက်မျက်နှာ ရှေ့စွန်မိတ် တံခါးကတော့'မန်းဦး' တံခါး ခေါ်တယ်''

ကျွန်မမှာ ဗုံးသံ၊ အမြောက်သံများ နားအူလောက်အောင် ကြားယောင် နေမိသည့် အကြားမှ တံခါးနာမည်များကို စိတ်ဝင်စားသွားပြန်ကာ အင်္ဂ္ဂါ၊ ဂဗ္ဗေ၊ စရေ၊ ဝံသေ ချ၍ ရှေးပညာရှိများ မှည့်ခေါ်ထားသည့် တံခါးများကို ကားပေါ်မှ ဂရုတစိုက် ကြည့်လိုက်သေးသည်။

အမြောက်သံ၊ ဗုံးသံတို့ကား ကြောက်ခမန်းလိလိ ဖြစ်တော့သည်။ တစ်ခါ၊ နှစ်ခါ၊ သုံးခါ ဗုံးထိမှန်မှပင် မြို့ရိုးကြီးသည် ပေါက်ကွဲသွားလေသည်။ ပေါက်ကွဲ သွားသော်လည်း ပေါက်ကွဲသော အပေါက်ကလေးကို မီးခိုးများ၊ ဖုန်များ ရှင်းကင်းသွားမှ မြင်နိုင်ကြရသည်။

''ဘယ်လောက်ကြာဦးမှာလဲ၊ ဒီမြို့ရိုးကြီးပဲ ဖြိုနေရတာ၊ ဒီမြို့ရိုးကြီးကလည်း ဘယ်တော့မှ မပြိုနိုင်တော့ဘူးလား''

စိတ်မရှည်သော မဟာမိတ် အင်္ဂလိပ် တင့်ကား တပ်သားများသည် တဖျစ် တောက်တောက် ပြောကြရင်းပင် မြို့ရိုးကို အမြောက်နှင့် တရကြမ်း ပစ်ခွင်းနေကြလေ သည်။

သူတို့ ၁၀ ရက်လုံးလုံး မြို့ရိုးကြီးကို ပစ်ခတ်နေကြသည်။ ၁၀ ရက် ပစ်ခတ်ကြ ပြီးနောက် ယခင့် ယခင်ကထက် ပို၍ ပြင်းပြင်းကြီး ပစ်ခတ်ဖို့ အချက်ပေးနေလေပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

နန်းတော်ကြီးက တပ်မြို့စခန်းသည် မန္တလေးမြို့၏သော့ချက် ဖြစ်သည်။ တပ်စခန်း မြို့ရိုးကို ဖြိုခွင်းနိုင်မှ မန္တလေးမြို့ကို သိမ်းပိုက်နိုင်တော့မည်။

တပ်မြို့ထဲမှ အလံဖြူဖြင့် ယူနီယမ်ဂျက်အလံများ လွှင့်ထူကာ ဂျပန်များ ထွက်သွားကြောင်းနှင့် ဗမာများက သွားပြောသောအခါမှ စစ်သားများ မြို့ရိုးကြီးကို အပစ်အခတ် ရပ်လိုက်ကြသည်။ စစ်သားတွေ ဝမ်းသာအားရ အော်ကြဟစ်ကြသည်။ တပ်မြို့ကြီးပေါ်၌ မီးခိုးများသည် အုပ်ဆိုင်းကာ ပကတိမည်းမှောင် ပိတ်ဖုံးနေလေ၏။

မဟာမိတ် စစ်တပ်က မတ်လ ၂၀ ရက်၊ အင်္ဂါနေ့ မနက် ၁၂ နာရီ၌ နန်းတော်ကို သိမ်းပိုက်လိုက်ကြသည်။ ဂေါ်ရခါး တပ်သားတစ်ယောက်သည် ပေ ၁၅၀ အမြင့်ကို တက်ရောက်ကာ ယူနီယမ်ဂျက်အလံကို လွှင့်ထူလိုက်လေသည်။

ဗိုလ်ချုပ်ကြီး ဂျင်နရယ်စလင်းသည် အလံကို လွှင့်ထူရင်း နန်းတော်ကြီးမှ အသံလွှင့်လိုက်သည်။

"ကာလမကြာမီ အင်္ဂလိပ် လင်္ကာဆရာကြီး ကစ်ပလင်သည် 'မန္တလေးသို့ သွားရာလမ်း'ဟူသော အလွန်ဖတ်ရှုကောင်းသည့် လင်္ကာ တစ်ပုဒ်ကို ရေးစပ်သွားသည်။ ကျွန်ုပ်အဖို့ကား သည်လင်္ကာကို စိတ်မဝင်စားတော့ပြီ။ ကျွန်ုပ် စိတ်ဝင်စားသည်ကား 'မန္တလေးမှ သွားရာလမ်း'ပင် ဖြစ်သည်။ ထိုလမ်းများအတိုင်း ကျွန်ုပ်တို့ ဆင်းသွားပြီးလျှင် ဘယ်ရောက်၍ ဘာတွေ့မည်ကို ကြည့်ကြစို့"

ဂျင်နရယ်စလင်းတို့ မန္တလေးမှ သွားရာလမ်းတွင် ဘယ်ရောက်၍ ဘာတွေ့ ကြသည်ကို ကျွန်မ စိတ်မဝင်စားပေ။ သူတို့ ၁၀ ရက်လုံးလုံး ဖြိုခွင်း၍ မရနိုင်သော ရာဇဝင်တွင်သည့် မန္တလေးမြို့ရိုး တံတိုင်းကြီးကိုသာ စိတ်ဝင်စားစွာ နောက်တွင် ကျန်ရစ် ခဲ့သည်အထိ ခေါင်းတပြန်ပြန် လှည့်ကြည့်ရလေသည်။

မန္တလေးတောင်ခြေသို့ ကျွန်မတို့ကား ရောက်လာသည်အထိ မြန်မာ့အလင်း ဦးကိုကိုလတ်သည် နန်းတော်မြို့ရိုး၏ တံခါးရာဇဝင်ကို စုံလင်စွာ ပြောကြားလာသည်။

မန္တလေးတောင်ပေါ်၌ ဂေါ်ရခါးတပ်နှင့် အင်္ဂလိပ်တပ်တို့ နှစ်ပိုင်း ခွဲသိမ်းကြစဉ်က ကျောက်စာရေးထိုးထားသည့် နေရာကို ပြသသည့်အခါ ကျွန်မလည်း အနားရှိ ဥမင်လိုဏ်ဂူ ကြီးကို ကြည့်လိုက်ကာ 'ဂျပန်သင်္ချိုင်း'ဟု ကမ္ပည်းထိုးချင်စိတ် ပေါက်သွားမိသည်။

တောင်ပေါ်မှ ဆင်းလာကြသောအခါ ဘုရားရှင် ပရိနိဗ္ဗာန် စံနေတော်မူသော ပုံနောက်တွင် အမြင့်ငါးပေခန့်ရှိ ရသေ့ကြီး ဦးခန္တီ ဘုရားဝတ်ပြုနေပုံ ကျောက်ဂူပေါက်သို့ ရောက်သွားကြသည်။ ဦးကိုကိုလတ်သည် ဖယောင်းတိုင်ကလေး ထွန်းညှိကာ ရုပ်ပုံအောက် တွင် ထိုးထားသော ကမ္ပည်းစာတန်းကို ဖတ်ပြလေသည်။

"သက္ကရာဇ်...မန္တလေးမြို့၊ မန္တလေးတောင် ရသေ့ကြီး ဦးခန္တီသည် မြတ်စွာဘုရား ကို ကြည်ညိုရင်း အနိစ္စရောက်သော ပုံတော်။

mgyoe.com

mgyoe.com SAMPLE BOOK

''သက္ကရာဇ်ကို ကွက်လပ်ချန်ထားတယ်၊ သေတဲ့နှစ်ကျမှ ထည့်ဖို့၊ အနိစ္စရောက်ခဲ့ရင် အရိုးပြာကို ကျောက်ဂူထဲ သွင်းပိတ်လိုက်ဖို့ လုပ်သွားတာ။ ခုထက်ထိ ဂူထဲ မသွင်းကြသေးဘူး''

''ဖြစ်မှ ဖြစ်ရလေ''ဟု ကျွန်မ၏ နှုတ်မှ မြည်တမ်းကာ ရင်ထဲတွင် ဖိုဟာသွားသည်။

မဟာမိတ်စစ်ဒဏ်ကြောင့် ရှေးဟောင်းအမွေအနှစ်များ ပျက်စီး ပျောက်ပျက်ကုန်ခြင်းကို စိတ်ထဲ၌ မကျေမနပ် တနုံ့နုံ့ဖြစ်လာရသည့်အထဲ၊ ရသေ့ကြီး၏ သည်သတင်းကို ကြားသိရသည့်အခါ မန္တလေးကို အဖတ်ဆယ်၍ မရသလောက် ရင်ထဲ၌ ဟာသွားမိသည်။

မန္တလေးတောင်ခြေရင်းရှိ အနုပညာမြောက်စွာ ဆောက်လုပ်ထားသည့် အတုမရှိကျောင်းတော်ကြီးကား ကျောင်းထဲတွင် ဂျပန်တစ်ယောက်၊ နှစ်ယောက် ပုန်းနေသည် အထင်နှင့် မန္တလေး သိမ်းပြီးမှ 'မဟာမိတ်'တပ်များ အမြောက်ကြီးဖြင့် ဖြိုခွင်းပစ်လိုက်ကြရာ အုတ်တံတိုင်းသာ ကျန်တော့ခြင်းကြောင့် အသည်းနာစရာ ကောင်းလှသည်။

အတုမရှိ ကျောင်းဝင်းထဲ၌ မင်းတုန်းမင်းကြီး ကွယ်လွန်သွားသော အဆောင်တော်ကို သီပေါမင်းက ဖြုတ်ရွှေ့လျက် ကျောင်းလုပ်လှူဒါန်းသော ရွှေကျောင်းကြီးသာ ကံကောင်းထောက်မ၍ ကျန်ရစ်ခဲ့သည်။ ရွှေကျောင်းကြီးထဲ မဝင်ခင် ကျောင်းအပြင်ကျောင်းခါးပန်း၊ နံရံ၊ တံခါး၊ နဖူးစည်း စသည့် နေရာတို့၌ ရုပ်လုံးထု ဖော်ထားသည့် ပန်းပုလက်ရာ စိတ်စိတ်နုနု ဝါဝါကလေးများမှာ တစ်ခုနှင့်တစ်ခု ထိရုံခတ်ရုံကလေးဖြင့် ပြုတ်ကြွေကျမယောင် ကြွဖောင်းနေလေသည်။

အတွင်း၌ကား ယခုအချိန်အထိ အဆောင်ကြီးတစ်ဆောင်လုံး ရွှေတွေဝင်းလျက် အိနေ၏။ စစ်ပြီးခေတ် နန်းတော်ဆောင်များ ပျောက်ကွယ်ကုန်ပြီးနောက် ဤကျောင်းကြီးသာ နန်းတော်အဆောင်တစ်ခုဟု ရှုစရာ ကျန်ရှိတော့သည်။ ဆောင်ခန်းမကြီး အတွင်းဝယ် ရွှေတိုင်ကြီးတွေနှင့် ရွှေသလွန်များမှာ တင့်တယ်သော အသရေကို ခမ်းနားစွာ ဖော်ကျူးနေတုန်းပင်။ မင်းတုန်းမင်းလက်ထက် စက်တင်ရက်လုပ်သည့် သားမွေးကော်ဇောများမှာ ရှေးက ကြမ်းတစ်ပြင်လုံး ခင်းထားဟန်ရှိကာ ယခုမူ စုတ်ပြတ်လျက် ချောင်ထဲတွင် လိပ်ပုံထားကြလေသည်။ မန္တလေး၌ ရှေးဟောင်းပစ္စည်းများ ကွယ်ပျောက်တိမ်ကောကုန်သည့် အခြားအရာများနှင့် ရသေ့ကြီး ဦးခန္တီ၏ ကျောက်ဂူ စာတန်းကမ္ပည်း အချည်းနှီး ဖြစ်နေသေးခြင်း တို့သည် မန္တလေး ရောက်နေသော ကျွန်မကို မန္တလေးနှင့် ကွာဝေးထားကြသည်။

မန္တလေးတောင် ဉည့်သည်တော် မှတ်တမ်းတွင် ဆိုင်ရာတို့အား ရသေ့ကြီး မိန့်မှာချက်အတိုင်း ပြုမူဆောင်ရွက်ကြရန် တောင်းပန်စာ ရေးထားခဲ့ကာ မသက်မသာ ဖြစ်စွာ ထွက်ခွာလာခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မန္တလေး လာရတာ စိတ်မချမ်းသာလိုက်တာ ဦးကိုကိုလတ်ရယ်၊ ရှေးဟောင်းပစ္စည်းတွေလည်း တဖြည်းဖြည်းနဲ့ တိမ်ကောကုန်တော့မှာပါပဲ"

တောင်ပေါ်ကအဆင်း တဖျစ်တောက်တောက် ညည်းတွားလိုက်လာသည်။ ဦးကိုကိုလတ်သည် ပြုံးလိုက်သည်။ သူ့အပြုံးမှာ လျှော့ရဲလှကာ ရင်ထဲက သက်ပြင်းချပုံရသည်။

"ရှေးဟောင်းပစ္စည်းတွေကြည့်ချင်ရင် ကျွန်တော့်အိမ် တစ်နေ့ သတ်သတ်လာခဲ့ပါလား၊ ကျွန်တော် နှစ်ပေါင်းများစွာ သိမ်းစုထားတာတွေ မမလေးကို အကုန်ထုတ်ပြမယ်"

သည်တော့မှ ကျွန်မရင်ထဲတွင် နည်းနည်းနွေးသွားလေသည်။ ကျွန်မသည် လေးနက်၍ အားသန်နေသော အမူအရာများဖြင့် "ကျွန်မ လာခဲ့မယ်"ဟု ပြန်အော်ပြောလိုက်လေသည်။

( ၂ )

ကျွန်မ ရောက်ရှိနေသောနေရာကို "မန္တလေး ယဉ်ကျေးမှု ပြတိုက်" ဟု ကျွန်မ ဘာသာကျွန်မ သတ်မှတ်လိုက်သည်။

ဦးကိုကိုလတ် အိမ်အပေါ်ထပ်ရှိ အိပ်ရာခုတင်များ၊ မှန်ဗီရို၊ အဝတ်ဗီရို၊ မှန်တင်ခုံစသည့် အိမ်ထောင်ပရိဘောဂ ပစ္စည်းများသည် ယဉ်ကျေးမှု ပြတိုက်ထဲတွင် အကျုံးမဝင်ချေ။ ကျွန်မနားဦး အဆင်သင့် ထပ်တင်ထားသည့် ဟောင်းအိုလှသော ထင်းရှူးသေတ္တာကြီးတွေနှင့်၊ အဝတ်နှင့် ပတ်ထုပ်ထားသည့် အထုပ်အပိုးတွေ၊ စက္ကူနှင့် ထုပ်ထားသည့် အထုပ်အပိုးတွေ၊ ယွန်းသေတ္တာတွေ၊ ဖိုင်တွဲတွေ၊ စာအုပ်ပုံတွေ…ဤပစ္စည်းတွေသာလျှင် ကျွန်မ သတ်မှတ်ထားသည့် ယဉ်ကျေးမှုပြတိုက်ကြီး နယ်နိမိတ်ထဲတွင် အကျုံးဝင်ကြလေသည်။

"ကိုင်း…ဘယ်ဟာက အရင်စမလဲ"

ဦးကိုကိုလတ်သည် အိပ်ရာခုတင်ဘေးရှိ စားပွဲခုံပေါ်၌ တင်ထားသည့် ယွန်းသေတ္တာကလေးကို သော့နှင့် ဖွင့်လိုက်သည်။

"ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေ ပထမ စကြည့်ရအောင်"

ဟု ဆက်ပြောလေသည်။

ကျွန်မကို ပြရန် ပြင်ဆင်စုပုံထားသည့် သေတ္တာများနှင့် အထုပ်အပိုးများကို ကျိုးကန်းတောင်းမှောက် ကြည့်လျက်၊ ကြည့်ရမည့်ပစ္စည်းတွေက နည်းတဲ့ ပစ္စည်းတွေ မဟုတ်ပါလားဟု အောက်မေ့ရင်း အားရသွားလေသည်။

ယွန်းသေတ္တာ ပွင့်သွားလျှင် အထဲက အထုပ်များကို ဖြေလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

''ရှေးဗမာမင်း လက်ထက်တုန်းက အမှုထမ်းတွေရဲ့ ရိက္ခာလစာတော်ကို ရွှေနဲ့ပေးတယ်။ ကျောက်စာဝန် တော်စိန်ခိုက ဗမာဘုရင့် လက်ထက်တော်က ရွှေမတ်စေ့အထိသာ ထုတ်သွားတယ်လို့ မှတ်တမ်းတင်ခဲ့တာ မှားနေတယ်။ ရွှေမူးစေ့၊ ရွှေပဲစေ့အထိ ထုတ်သွားတာပဲ''

ရှေးက ထုတ်သွားသည့် ရွှေဂင်္ဂါး၊ ရွှေငါးမူးစေ့၊ ရွှေမတ်စေ့၊ ရွှေမူးစေ့၊ ရွှေပဲစေ့များကို ယူကြည့်ကာ ရှေးခေတ်က 'ရွှေ'နှင့် ပိုက်ဆံ သုံးစွဲကြရာတွင် မူးစေ့၊ မတ်စေ့၊ ငါးမူးစေ့၊ ဒင်္ဂါး စသည်များကို မည်သည့် သတ္တုနှင့်မျှ မရောဘဲ ရွှေချည်း သက်သက် ဒေါင်းတံဆိပ်ခတ် သွန်းလုပ်ထားခြင်းကို တွေ့ရလေသည်။ ရွှေရောင်မှာ ပုရပိုက်ခေါက် ရွှေသားဖြစ်ကာ မူးစေ့၊ ပဲစေ့တွေကို ကိုင်ဖိကြည့်လျှင် သိပ်မမာဘဲ ပျော့ညွတ်ကျသည်။

ဦးကိုကိုလတ် စုဆောင်းထားသည့် ရွှေဒင်္ဂါး၊ ငွေဒင်္ဂါး၊ ရွှေပိုက်ဆံ၊ ငွေပိုက်ဆံ များသည် မြန်မာတစ်ပြည်တည်းသာ မဟုတ်၊ ကမ္ဘာ့ ရွှေ၊ ငွေ၊ ပိုက်ဆံများပါ စုထားလေသည်။

ကမ္ဘာအရပ်ရပ် အနှစ် ၁၀၀၊ အနှစ် ၂၀၀ လောက်က ထုတ်ခဲ့သော ပိုက်ဆံ များကို တွေ့ရသည်။ အင်္ဂလိပ်၊ အမေရိကန်၊ ရုရှား၊ ချက်၊ တရုတ်၊ ဂျပန်၊ ဂျာမနီ၊ ပြင်သစ်၊ ဟော်လန်၊ ဒိန်းမတ်၊ ကုလားပြည်၊ နိုင်ငံပေါင်းစုံမှ ရှေးသုံးပိုက်ဆံ။ အချို့ရွှေ၊ အချို့ငွေ၊ အချို့ကြေး ပိုက်ဆံများကို တွေ့ရသည်။

အင်္ဂလန်နှင့် အမေရိကန်တို့က ရှေးက သုံးစွဲခဲ့သော ရွှေပိုက်ဆံတို့မှာ ဗမာသုံး ရွှေပိုက်ဆံများနှင့် ရွှေရောင်အဆင်း ခြားနားလျက် မာကျောသည်။

ရှေးက ဗမာငွေဒင်္ဂါး၊ ငါးမူးစေ့၊ မတ်စေ့၊ ပဲစေ့များမှာလည်း ယခုတိုင် အရောင်မပျက်ဘဲ ငွေသားအစစ် ဖြစ်သည်။ ကြေးပြားများပါ စုထားသည်။

ဦးကိုကိုလတ်သည် နှစ်ပေါင်းများစွာ စုဆောင်းထားသည့် ပစ္စည်းဟောင်းများကို ဘာပြီး ဘာပြရမည်ကို တင်ကြိုစီစဉ်ထားပုံ ရှိသည်။ မြန်မာပြည်နှင့် ကမ္ဘာအရပ်ရပ် ရှေးဟောင်းပိုက်ဆံ၊ ရွှေငွေများကို စုံလင်အောင် ပြသပြီးနောက် တံဆိပ်ခေါင်းများကို ပြပြန်လေသည်။

တံဆိပ်ခေါင်း စုတတ်သည့် သူများသာဆိုလျှင် မည်မျှ မက်မက်မောမော ရှိလေမည်နည်း။ စာအုပ်ကြီးတွင် အပြည်ပြည်ဆိုင်ရာ တံဆိပ်ခေါင်းများကို မျက်စိ ညောင်းအောင် ကြည့်ရလေသည်။

''ဒါက ဓာတ်ပုံတွေ၊ ရှေးခေတ်နဲ့ အခုခေတ် ပုံတွေပဲ။ တစ်နေ့ ရုပ်စုံ စာအုပ် ထုတ်ရင် အသုံးချရအောင် စုလာတာပဲ''

အထပ်လိုက်ပုံရှိသည့် ဓာတ်ပုံစာအိတ်ကြီးထဲမှ ဓာတ်ပုံမျိုးစုံကို ဆွဲထုတ်ကြည့် လိုက်သည်။ ဓာတ်ပုံသိမ်းစုပုံမှာ ဓာတ်ပုံအကြောင်းအရာ အစ္စုပ္ပတ္တိ ရေးမှတ်သားလျက် အစီအစဉ်နှင့် သိမ်းစုခြင်းကြောင့် အတော်သေချာတဲ့ ပုဂ္ဂိုလ်ပဲဟု အောက်မေ့ရသည်။

mgyoe.com

မန္တလေး မဟာမြတ်မုနိဘုရား လွှန်ခဲ့တဲ့ အနှစ် ၄၀ ခန့်က ဓာတ်ပုံများနှင့် ယခုခေတ်၊ ယခုနှစ်၌ ရိုက်ကူးထားသည့် ပုံများကိုကြည့်မှ မည်မျှလောက် ရွှေဖို့ ချထားကြမှန်း နှိုင်းယှဉ်မြင်နိုင်သည်။

မန္တလေး ဦးခန္တီ၊ မန္တလေးတောင်၊ မန္တလေး နန်းတော်၊ မြို့ရိုး၊ ပြာသာဒ် နန်းတော်တွင်းမှ ရှေးဓာတ်ပုံများ ထည့်သွင်းထားသည့် စက္ကူအိတ်ကြီးထဲမှ ရှေးက ဝန်ကြီးများ၏ ပုံများ ထွက်လာသည်။

"အစိုးရက သည်ပုံတွေကို တစ်ပုံ ၁၀ ကျပ်နဲ့ ကျွန်တော့်ဆီမှ ဝယ်တယ်ဗျာ၊ ကျွန်တော် မရောင်းပါဘူး။ ဝန်ကြီး ဦးတင် လာတုန်းက သည်ပုံတွေ ပြပြီး အခုခေတ် ဝန်ကြီးတွေလည်း ဝန်ကြီးဝတ်စုံ အဆောင်အယောင်နဲ့ ဆင်မြန်းဖို့ ပြောတော့ ဦးတင်က ရယ်ပြီး သခင်နု လာတော့ ပြောပါလို့ ပြောသွားတယ်"

ရှေးက ဝန်ကြီးများ၏ ဓာတ်ပုံများကို ကြည့်ရှုနေခိုက် ကွမ်းအစ် ပုံသဏ္ဌာန် ဇရာမ ယွန်းအစ်ကြီး တစ်လုံးကို မ ယူလာကာ အဖုံးကို ဖွင့်လျက် အဆင့်အံများကို ထုတ်ပြလေသည်။

"သည်ယွန်းသေတ္တာက ဝန်ကြီးတစ်ပါးရဲ့ မင်းခမ်းမင်းနားဝတ်စုံကို ထည့်သိမ်းထားတဲ့ ယွန်းအစ်သေတ္တာပဲ။ သည်ထဲမှာ အဝတ်ထည့်တာ ဘယ်တော့မှ ပိုးမကိုက်နိုင်ဘူး"

ယွန်းအစ်ကြီး အံများထဲ၌ ဦးကိုကိုလတ်၏ ဆောင်းတွင်း သိုးမွေး အနွေးထည် များ ပိုးမကိုက်အောင် ထည့်ထားလေသည်။

စာအိတ်ကြီးတစ်အိတ်ထဲမှ ဓာတ်ပုံတွေကို ကျွန်မ ဆွဲထုတ်လိုက်သည်။ ပဉ္စမမြောက် ဂျော့ဘုရင် ဒေလီမြို့တွင် ဘိသိက်ခံသော ဓာတ်ပုံကားကြီးများ ဖြစ်သည်။ မြေကွက်လပ်ကြီးထဲ၌ ရွက်ထည်မိုး အဝတ်တဲကြီးများ စီရရီထိုးလျက် အဝတွင် ခြသေ့် ရုပ်ကြီးနှစ်ကောင် ထားကာ "ဗမာအစိုးရ သံတဲ"ဟု ကမ္ပည်းထိုးထားသော ပုံကားများ၊ မြန်မာပြည်မှ ဘိသိက်ပွဲတက် အရာရှိကြီးများ၏ ဓာတ်ပုံများ တွေ့ရသည်။

ဂျော့ဘုရင်၏ ဒေလီ ဘိသိက်ပွဲကို တက်ကြစဉ်က ညောင်ရွှေစော်ဘွား ဆာစောမောင်သည် 'ဆင်'တစ်စီးကို စော်ဘွားအဆောင်အယောင်အဖြစ် မြန်မာပြည်က ယူဆောင်လာသည်။

အိန္ဒိယပြည် ကုလားစော်ဘွားများ ဘိသိက်ပွဲ အခမ်းအနားတွင် စီးကြမည့် ကုလားစော်ဘွား ဆင်များ၏ ရတနာတန်ဆာများကို မြင်ရလျှင် မိမိဆင်ထက် အဖိုးထိုက် အဖိုးတန် တစ်ပန်းသာနေကြ၍ ဆာစောမောင်မှာ ဆင်ကို ပွဲမထုတ်ဝံ့အောင် အခက်ကြုံနေလေသည်။ ထိုအခါ အဖွဲ့တွင် လိုက်ပါသွားသော ပုဂံဝန်ထောက် ဦးတင်က ဗမာဆင်ကို ကြည့်ပြီး လူမျိုးခြားများ အထင်မသေးအောင် အကြံထုတ်ရလေသည်။

m gyi boe. c o m

mgyoe.com SAMPLE BOOK

ဘိသိက်ပွဲနေ့၌ ဆင်ကို ဝမ်းနုတ်ဆေးကျွေးပြီး ဆင်တင်းကုပ်၌ ပုန်းထားကြကာ ဆင်ဝမ်းသွားနေလို့ ပွဲမထုတ်ရကြောင်း အကြောင်းပြကြလေသည်။

ကျွန်မမှာ ဘိသိက်ပွဲ မင်းခမ်းမင်းနားပုံများနှင့် ဆာစောမောင်၊ ပုဂံဝန်ထောက်ဦးတင်တို့၏ ပုံများကို ကြည့်ရှုရင်း မျက်ရည်ကျမတတ် ဟက်ဟက်ပက်ပက် ရယ်မောရလေသည်။

အသင်းအဖွဲ့ဆိုင်ရာ နိုင်ငံရေး ဓာတ်ပုံများထဲမှ ဦးဘဘေ၊ ထိပ်တင်ဝတို့၏ ငါးပွင့်ဆိုင်အဖွဲ့ ဖြစ်လာပုံ အတ္တုပ္ပတ္တိကို ဓာတ်ပုံနှင့် ဖော်ပြထားလေသည်။

ညီညွတ်ရေး မူလဂျီစီဘီအေ အသင်းချုပ်ကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗဟိုအသင်းချုပ်ကြီး၊ တိုင်းပြည်ရေး ဗဟို ရတနာပုံ မြန်မာအသင်းချုပ်ကြီး၊ ပြည်သူ့ပြည်သားအဖွဲ့။

ဤအဖွဲ့အသင်းများ၏ အသင်းတိုက်များ၊ ဓာတ်ပုံများနှင့် ၄င်းအဖွဲ့အသင်းများ၏ ဆိုင်းဘုတ်များကို မီးပုံရှို့ကြသည့်ပုံ၊ ထို့နောက် ငါးပွင့်ဆိုင် အသင်းတိုက် ဖြစ်လာပုံ၊ ငါးပွင့်ဆိုင်အဖွဲ့၏ အတ္တုပ္ပတ္တိကို ဓာတ်ပုံများနှင့် ကပ်ပြထားလေသည်။

မန္တလေး အရေးတော်ပုံ ဓာတ်ပုံများ၊ ၁၃၀၀ ပြည့်နှစ်က ရဟန်းပျို အဖွဲ့က အင်္ကျီပါး မဝတ်ရန် မြို့ထဲ အလှူခံ ချီတက်နေသည့် ပုံများ၊ နိုင်ငံရေးလှုပ်ရှားမှု ဓာတ်ပုံများကို သီးခြားအိတ်များနှင့် သိမ်းစုထားသည်။

အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ စစ်ပြီးခေတ်နှင့် ပတ်သက်သော နိုင်ငံရေးဓာတ်ပုံများအနက်တွင် စစ်ပြီးခေတ်၊ မကြာသေးမီက မန္တလေးကို ကရင်သိမ်းပြီးနောက် ရဲဘော်ဖြူများ သိမ်းပြန်ကာ မြို့တွင်းတိုက်ပွဲ ဓာတ်ပုံတွေထဲ၌ ကျဆုံးသွားသည့် ရဲဘော်အလောင်းတစ်လောင်းဘေးတွင် ဝေ်မွတ်သော နံရိုးပိန် ခွေးကျားတစ်ကောင်က ရဲဘော်အသားကို အားရပါးရ ဖွဲ့ရွဲ့ ကိုက်စားနေသည့် ပုံကိုပါ ရိုက်စုထားလေသည်။

"၁၉၄၉၊ ဧပြီလ ၁ ရက်နေ့ မန္တလေးတိုက်ပွဲဖြစ်တုန်းက အလံနီနဲ့ အလံဖြူတွေ ပစ်ကြခတ်ကြတော့ အလံနီဘက်က ပစ်လိုက်တဲ့ ရိုင်ဖယ်ကျည်ဆန်ဟာ ကျွန်တော့် အိမ်ပေါ်ကို စွတ်ဝင်လာပြီး ထင်းရှူးသေတ္တာကြီးတွေထဲ ဖောက်သွားတယ်။ သူတို့ ကျည်ဆန်က ဘယ်ထဲမှာ ဝင်နေသလဲ ဆိုတော့ စာအုပ်ထဲမှာ"

အလံနီ၏ ကျည်ဆန်ဝင်နေသည့် စာအုပ် နှစ်အုပ်ကို ထုတ်ပြလေသည်။ စာအုပ်နှစ်အုပ်စလုံး ထုတ်ချင်းဖောက်နေလျက် စာအုပ်ကို အသာလေး ကိုင်ကြည့်ရသည်။ စာရွက်များ အထပ်လိုက် မွနေလျက် ဖြည်းဖြည်းလေး မကိုင်လျှင် စာရွက်ပြတ်တွေ ကြွေပြုတ်ကျသွားပေလိမ့်မည်။

မန္တလေး အလံဖြူ အလံနီတိုက်ပွဲ အမှတ်တရ အထိမ်းအမှတ်အဖြစ် သိမ်းစုနိုင်သည့် စာအုပ် နှစ်အုပ်မှာ ၁၂၇၂ ခုနှစ်က ရာဇာဓိရာဇ် ရေးသားသည့် မွန်စာအုပ်ကြီးနှင့် စွယ်စုံကျော်ထင်ကျမ်း စာအုပ်ကြီးများ ဖြစ်ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK


''ကျွန်တော် ဓာတ်ပုံသိမ်းစုတဲ့ အကျိုးကျေးဇူး ခံစားရတာ ပြောရဦးမယ်။ မန္တလေး အမျိုးသား နေရှင်နယ်ကျောင်းကြီး ဆောက်ပြီးတော့ ကျွန်တော် ဓာတ်ပုံရိုက်ပြီး သိမ်းထားလိုက်တယ်။ ဂျပန်ခေတ်က နေရှင်နယ် ကျောင်းကြီးကို ဗုံးကျသွားတော့ စကြာသီဟာဘုရားမှာ ကျောင်းက အုတ်တွေ သယ်ပြီး စောင်းတန်း ဆောက်ကြတယ်။ ကျောင်းက အုတ်တွေ ယူစဉ်က နောင် ကျောင်းပြန်ဆောက်ခဲ့ရင် ယူတဲ့ အုတ်ဖိုးငွေ ပေးပါမယ်လို့ ဆိုတယ်။ အခု နေရှင်နယ်ကျောင်းကြီးကို ပြန်ဆောက်တော့ စောင်းတန်း အတွက် အုတ်ယူဆောက်တဲ့အတွက် အုတ်ဖိုးငွေ ၃၀၀၀ ကျပ် ကျောင်းကို ပြန်ပေးတယ်။ ဗုံးမကျခင် ရိုက်ထားတဲ့ ဓာတ်ပုံနဲ့ ဗုံးကျပြီး ပျက်စီးနေတဲ့ ဓာတ်ပုံကို ကြည့်စမ်းပါ။ သူတို့ သယ်တဲ့ အုတ်တွေဟာ နည်းတာလား။ ၃၀၀၀ ကျပ်ဖိုး ဘယ်ကမလဲ။ ဒါကြောင့် ဗုံးမကျခင်ပုံ၊ ဗုံးကျပြီးပုံ၊ သည်ဓာတ်ပုံ နှစ်ပုံ ယှဉ်ပြပြီး အရေးဆိုတော့မှ ငွေ ၃၀၀၀ ကျပ်က ၈၀၀၀ ကျပ် တိုးပေးတယ်။ ဒါက ကျွန်တော် ဓာတ်ပုံစုတဲ့ ကျေးဇူးပဲ''

ဦးကိုကိုလတ်သည် ပြုံးပြုံး ပြုံးပြုံးနှင့် အားရကျေနပ်စွာ ပြောပြနေလေရာ သူ့အမူအရာများကို နှစ်သက်စွာ ကြည့်လျက် ''ဦးကိုကိုလတ်ဟာ မန္တလေး ရက္ခစိုးကြီး ပဲ''ဟု လွှတ်ခနဲ ဆိုလိုက်သည်။ ဦးကိုကိုလတ်လည်း ကိုယ်ကြီးလှုပ်လျက် မျက်ပေါက် ကျဉ်းနေအောင် ရှိုက်ရှိုက်ရယ်နေလေသည်။

ဓာတ်မင်းသား ရွှေမန်းတင်မောင် ငယ်စဉ် ဇာတ်ကသည့် အချိန်ကစ၍ ယခု စစ်ပြီးခေတ်အချိန် ရောက်လာသည်အထိ ရွှေမန်းတင်မောင် ဓာတ်ပုံများ စာအိတ်ထဲမှ တစ်ထပ်ကြီး ထွက်လာသည်။ မင်းသား ရွှေမန်းတင်မောင် ကိုယ်တိုင်ပင် ဦးကိုကိုလတ် စုဆောင်းထားသလောက် သူ့ပုံများ စုံစုံလင်လင် ရှိချင်မှ ရှိပေမည်။

ဓာတ်ပုံ(အယ်လ်ဘမ်)စာအုပ်များကို ထုတ်ယူကြည့်သည့်အခါ စာအုပ်ထဲမှ ပေါ်လာသည့် ပို့စကတ်ဓာတ်ပုံများသည် ကျွန်မ၏ ငယ်ငယ်ရွယ်ရွယ် ဘဝကို သတိရ စေသည်။

မျက်နှာချေများ ပိန်းနေအောင် လိမ်းကာ ပန်းတွေ ဝေနေအောင် ပန်လျက် ''မြကြိုးလိမ်'' ထဘီအသစ်နှင့် တောမြိုင်စွန်း ဇာတ်ကားကြည့်ရန် စီးသွားသော ကျွန်မ လန်ချားသည် မီးတွေထိန်နေသည့် ရုံးရှေ့တွင် ပက်လက်လန်သွားလေသည်။

ကျွန်မမှာ မြန်မာအဆွေ၏ ''တောမြိုင်စွန်းက လွမ်းအောင်ဖန်'' ပို့စကတ် ဓာတ်ပုံများကို ကြည့်ရှုရင်း နောက်ကြောင်းကို သတိရကာ ပြုံးမိလေသည်။ အေဝမ်း ရုပ်ရှင်၏ ရှေးက နာမည်ကျော်ဇာတ်ကား ဓာတ်ပုံ ပို့စကတ်များကို သူ့ဇာတ်ထုပ်နှင့်၊ သူ့ဓာတ်ပုံနှင့် အုပ်လိုက် အုပ်လိုက် စုထားလေသည်။ လန်ဒန်အတ်မှ ရှေးက ရိုက်ကူးသည့် ဇာတ်ထုပ် ပို့စကတ်ပုံများလည်း တွေ့ရသည်။ ရုပ်ရှင်ပေါ်လာသည့် ခေတ်ကစ၍ ကုမ္ပဏီအသီးသီးမှ ရုပ်ရှင်မင်းသား၊ မင်းသမီးစုံ ဓာတ်ပုံအယ်လ်ဘမ်စာအုပ်မှာ နောက်ထပ်

mgyoe.com

mgyoe.com SAMPLE BOOK

မင်းသား၊ မင်းသမီးသစ်တွေ ဖြည့်စုထည့်သွင်းနိုင်ရန် စာရွက်လွတ်များ အပိုဆောင်းထားရလေသည်။ ပန်သစ္စာမှ တက္ကသိုလ်ပျိုဖြူ၏ ပုံမှာ စာအုပ်ထဲတွင် မကပ်ရသေးပေ။

မန္တလေးတွင် လာရောက်ပြသသည့် ရုပ်ရှင်ကားများ ဘယ်ကားကို လူကြိတ်ကြိတ်တိုးကြည့်ပုံကို ရုံဝတွင် ဓာတ်ပုံရိုက်ပြီး ဓာတ်ပုံ၌ လက်ရေး မှတ်ချက် ရေးထားသဖြင့် ''တော်တော်စုံအောင် စုဆောင်းတာပဲ''ဟု ပြောလိုက်သည်။

''ဒီပုံက 'စိမ်းရောင်စို'တုန်းက ကြိတ်ကြိတ်တိုးနေကြတာ၊ ဒါက လန်ဒန်အတ်က 'ကြမ်းပိုးကြီး'ပြတုန်းက တိုးနေကြတာ။ ဒါက အသံထွက်ကားတွေ''

ဦးကိုကိုလတ်၏ ရုပ်ရှင်ဓာတ်ပုံများကား ရုပ်ရှင်လောက၊ ရုပ်ရှင်ကုမ္ပဏီများအတွက် အလိုရှိလျှင် အဖိုးတန်မည့် ပုံများပင်တည်း။

ဦးကိုကိုလတ် ဓာတ်ပုံစုဆောင်းချက်အနက် အထူးစိတ်ဝင်စားဖွယ်ရာ ကောင်းလှသည့် ဓာတ်ပုံများမှာ ရှေးခေတ်ကစ၍ အမျိုးသမီးများ မည်သို့ တစ်ခေတ်ပြီး တစ်ခေတ်ပြောင်းလဲကာ ဖြီးလိမ်း ဝတ်ဆင်ပုံ ဓာတ်ပုံများ ဖြစ်ချေသည်။

လက်လေးလုံးလောက် မြင့်မည့် ဘီးဆံထုံးနိမ့်နိမ့်၊ ဆံမြိတ်ကို ဆံထုံးဘေး၌ ပေါ်ယောင်ကလေး ကပ်ခွေကာ ထောင့်ကျကျ မဟာနဖူး ဖော်လျက် ကတ္တီပါဖုံပေါ်တွင် ထဘီအနားကြီး ဖြန့်ကာ မိန်းမပီပီ ထိုင်ပြီး လက်နှစ်ဖက် ပေါင်ပေါ် တင်ထားသည့် အမျိုးသမီး ဓာတ်ပုံ။

စံပယ်ဖူးသည် ဆံထုံး၌ ဝိုက်နေလေသည်။ စံပယ်ပွင့်လောက် ရှိမည့် ကျောက်နားကပ်ကြီး နား၌ ပန်ဆင်ထားကာ ရွှေနော်ဇာကုံးများကို ရင်ပေါ်၌ လေးနေအောင် ဆွဲထားလေသည်။ ကြိုးလိမ် လက်ကောက်များ လက်မောင်းထိအောင် ဝတ်ထားသည်။ လက်ချောင်းများ၌ မောင်းကွင်း လက်စွပ်များ ပျစ်ထူနေပေသည်။ အင်္ကျီရင်ဖုံး ထူထူမာမာ တောင့်တောင့် ပွပွကြီး ဝတ်ထားကာ တစ်ထွာလောက် အင်္ကျီလက်ဝ ကားနေလျက် ဓာတ်ပုံရိုက်ခါနီး အသက်အောင့်ထားသလို ခါးကို မတ်တောင့်ထားလေသည်။

ရှေးခေတ်ကစ၍ တစ်ပုံပြီးတစ်ပုံ လှန်ကြည့်ခဲ့ရာ ခေတ်အလယ်လောက်သို့ ရောက်လာသည်။ ပုံများထဲတွင် ဘီးဆံထုံးမြင့်မြင့်၊ ဆံမြိတ်အတိုချ၊ ရှုံသားရင်စေ့၊ ပန်းထိုး၊ အင်္ကျီခါးဖုံး၊ အင်္ကျီလက် တံတောင်ဆစ်ကျော်ကျော်၊ လက်ဖျားနှင့် ကိုယ်ထည် အဖျားပန်းပိုက်တွန့်၊ ပိုးတွန့်ထဘီ ဒူးတက် အနားပန်း၊ စိန်ဘီး၊ စိန်ဆံထိုး၊ စိန်လည်တုန်၊ စိန်လက်ကောက်၊ လက်ပတ်နာရီ၊ ရွှေခြေချင်း၊ သည်ခေတ်ပိုင်းလောက်သို့ ရောက်လာသည်အထိ အမျိုးသမီး ဝတ်ဆင်ပုံများမှာ မျက်စိနှင့် မတွေ့ဘဲ မျက်စိထဲတွင် ကိုးရိုးကားရား ဖြစ်နေသေးသည်။

ကျွန်မ ၁၆ နှစ်၊ ၁၇ နှစ်ခန့်က သည်ပုံထဲကလိုပင် ဖြီးလိမ်းပြင်ဆင် လာခဲ့သည်။ ခေတ်ဟောင်းက ကိုယ်ဝတ်ပုံ ကိုယ် ပြန်ကြည့်မိလျက် ရှေးက ကျွန်မ'အကြိုက်'သည် ယခု ကျွန်မ'မကြိုက်'ဖြစ်နေတော့ပြီ။

mgyoe.com

mgyoe.com
SAMPLE BOOK


ခေတ်အဆက်ဆက်၊ နှစ်အဆက်ဆက် အမျိုးသမီးများ တစ်မျိုးပြီး တစ်မျိုး ပြောင်းလဲ ဝတ်ဆင်လာကြသည့် ဓာတ်ပုံများ၌ ခေါင်းရော၊ ကိုယ်ရော၊ အဆန်းထွင်တိုင်း၊ မူပြောင်းတိုင်း၊ မတူတိုင်း၊ ပုံစံအသစ် ဖြစ်လာတိုင်း ရှေးခေတ်မှ ယခုခေတ်အထိ အမျိုးသမီး ဓာတ်ပုံများကို ရှာရှာဖွေဖွေ စုဆောင်းထားပေသည်။

'ဓာတ်ပုံစုဆောင်းချက်'များမှာ ကြည့်လို့ မကုန်နိုင်သေးပေ။ တပေါင်းလ မန္တလေး ဥတုကြောင့် ချွေးဖြိုင်ဖြိုင် စီးကျလာတော့မှသာ အတော် နေမြင့်လာပြီကို သတိပြုမိတော့သည်။

ဗမာမှုတွင် မန္တလေးမြို့သည် မည်မျှ ဗမာ့ဂုဏ်ကျက်သရေ ဆောင်တတ်ပုံကို တွေ့မြင်နိုင်မည့် ရှင်ပြု၊ နားထွင်း၊ ပဋ္ဌင်းခံ၊ လက်ထပ်မင်္ဂလာအခါ မဏ္ဍာပ်တွေချည်း ရိုက်စုထားသည့် မင်္ဂလာမဏ္ဍာပ် ဓာတ်ပုံများကို မြင်ရပြန်သည်။

မဏ္ဍာပ်ပုံမျိုးစုံကို ကြည့်ခြင်းဖြင့် အလှူအတန်း မင်္ဂလာပွဲနေပွဲထိုင် လုပ်ကြလျှင် ငွေကြေးဘယ်လောက် ပစ်ကုန်လိုက်သည်ကို မဏ္ဍာပ်နှင့် ဖော်ပြထားပေသည်။ မဏ္ဍာပ်ကို အသားပေး၍ အမွှမ်းတင် ဆောက်ကြသည်။

မဏ္ဍာပ်သဘင်ကို နန်းရပ်အသွင် ဖော်ကာ ပြာသာဒ်ဘုံဆောင် ကြငှန်းများနှင့် ခုံသည်ထက်ခုံအောင် လက်ရာမြောက်စွာ ဖန်တီးဆောက်လုပ် ဆန်းသစ်နိုင်ပေသော ဆီးချို ကုန်းက မဏ္ဍာပ်ဆရာ ဦးရ၊ မဏ္ဍာပ်ဆရာ ဦးသီလ၊ မဏ္ဍာပ်ဆရာ ဆရာခင်တို့၏ အမည် များသည် မဏ္ဍာပ်ထိပ်၌ စာတန်းထိုး ပြထားလေသည်။

"ကျွန်မ အလှူလုပ်ဖို့ မဏ္ဍာပ်ထိုးရင် ဦးကိုကိုလတ်ဆီမှာ ပုံစံယူမှာပဲ"ဟု ကျွန်မက နောက်လိုက်သည်။

မဏ္ဍာပ်ပုံများ ကြည့်နေစဉ် ရှေးခေတ်က လှည်းနှင့် ရှင်လောင်း လှည့်သည့် အလှူဓာတ်ပုံ၊ မြင်းနှင့် ရှင်လောင်းလှည့်သည့် အလှူ။ ထို့နောက် မငွေစိန်ခေါ် ဆင်မကြီး နှင့် ရှင်လောင်းလှည့်သည့် အလှူဓာတ်ပုံ၊ အမိုးဖွင့်လျက် မော်တော်ကားပေါ် မှိုင်းလုံး ကော်ဇော ဖြန့်အုပ်ကာ ရွှေထီးမိုး ရှင်လောင်းလှည့်သည့် အလှူဓာတ်ပုံများ၊ ခေတ် အဆက်ဆက်မှ ရှင်ပြုမင်္ဂလာ ဓာတ်ပုံများကို ထုတ်ပြသည်။

လှည်းနှင့် ရှင်လောင်းလှည့်သော အလှူတွင် ရှေးက လှည်းနောက်မှ ကိုရင်လောင်း၏ သေတ္တာ၊ အိပ်ရာလိပ် ရွက်လိုက်ကြပုံကို တွေ့ရသည်။ ရှင်ပြု ပဋ္ဌင်းခံ၊ မင်္ဂလာ ပွဲထိုင်နှင့် နားထွင်း၊ မင်္ဂလာဆောင် ပွဲထိုင် ဓာတ်ပုံများကို ကြည့်ပြန်သည့်အခါ ပွဲထိုင်လာ အမျိုးသမီးပုံများသည် ကျွန်မမျက်စိထဲ၌ ကြောက်ခမန်းလိလိ ဖြစ်သွားသည်။

ဘီးဆံထုံးကြီးပေါ်တွင် စိန်ဘီးကို အောက်ကနေ ဆံထုံးထိပ် အထက်ရောက် အောင် စိန်ဘီး ၁၀ စင်း ဆင့်စိုက်ကြသည်။ စိန်တစ်လုံးတည်း နားကပ်ကို ကွမ်းသီးလုံး လောက် ဝတ်ကြသည်။ စိန်လက်ကောက် တစ်ဖက် ၁၀ ရန်၊ ၁၅ ရန် ဝတ်လာကြရုံမက

mgyoe.com

လက်ချောင်း ဆယ်ချောင်းစလုံး လက်ဆစ် မကွေးနိုင်အောင် စိန်လက်စွပ် အပြည့် စွပ်ထားကြသည်။

နားသ၊ မင်္ဂလာဆောင်၊ ပွဲထိုင် ကြွလာသည့် မိန်းမတိုင်း ဘယ်မိန်းမ ပုံကြည့်ကြည့် သည်အချိုးအတိုင်း စိန်ဝတ်ထားပုံ မြင်ရ၍ မိန်းမ ၂၀ လောက် ဝတ်ရမည့် လက်ဝတ်လက်စားကို တစ်ယောက်တည်း ခဲသီးအောင် ဝတ်ထားသည့် ဖက်ရှင်သည် မျက်စိထဲတွင် ရိုင်းနေကာ ရုပ်ပျက်ဆင်းပျက် စိန်တွေ မိုးမွှန်နေလေသည်။

"မန္တလေး ပွဲထိုင် စိန်ဝတ်ထားတာကလည်း လွန်လွန်းလှချည်လား ဦးကိုကိုလတ်ရယ်"

"ဟိုတုန်းက မန္တလေး ပွဲထိုင်တော့ မပြောနဲ့တော့၊ စိန်ဝတ်လွန်း အားကြီးလွန်းလို့ ပွဲထိုင်လာရင် စိန်ဝတ်မလာဖို့ ဖိတ်စာရိုက် ကမ်းယူရတယ်"

ဦးကိုကိုလတ်သည် "မန္တလေး အလှူဖိတ်စာ"ဖိုင်တွဲကြီးကို ကမ်းပေးလေသည်။ မန္တလေးမြို့ ရေးက အလှူမင်္ဂလာ ဖိတ်စာများမှာ ယခုခေတ်လို သာမန်ရိုးရိုး ဖိတ်စာမျိုး မဟုတ်ချေ။ ဖိတ်စာရိုက်လိုလျှင် ကဗျာဆရာဆီ ပြေးစပ်ခိုင်းရကာ တေးထပ်၊ လေးချိုး ရေးစပ် ဖိတ်ကြားရလေသည်။ စုဆောင်းထားသည့် အလှူဖိတ်စာဖိုင်ကြီးကပင် 'ကဗျာ' ဖိုင်ကြီး ဖြစ်နေပေသည်။

**မန္တလေးမြို့ အနောက်ပြင် ရွှေဘုန်းရှိန် ဘုရားကြီး၊ ရှမ်းပွဲ ရပ်နေ ဘုရားဒကာ ဦးဘိုးဆွဲ၊ ဘုရားအမ ဒေါ်ငွေတို့၏မြေး မိမိကြီး နားသမင်္ဂလာတွင် ဖိတ်ကြားအပ်သော တေးထပ်။**

အပြာ၊ အနီ၊ ချောကလက် သုံးရောင်စုံ ရိုက်ထားသည့် ဖိတ်စာ ခေါင်းစီး အောက်မှ တေးထပ်မှာ-

ဘော်ဖြူ ဖလားငယ်နှင့်၊ စကားပတင်လွှာ၊ နားသသည့် မင်္ဂလာတွင်၊ ယဉ်စရာ ခင်ခင့်၊ မိမိကြီး သိန်ကြွယ်လာအောင်၊ 'စိန်' ပယ်ကာ လှမ်းခဲ့ပရှင့်။

"စိန်ဝတ်ကြလွန်းလို့ စိန်မဝတ်ဘဲ လာခဲ့ပါလို့ မှာတာ။ အောက်ဆုံးနား ဖတ် ကြည့်ပါဦး"

ဦးကိုကိုလတ် ပြောသည့်အတိုင်း တေးထပ်အပိုဒ် အောက်ဆုံးနားသို့ ကြည့် လိုက်ပြန်သည်။

ဆွေနံ့ရံ လာအကြွတွင်ဖြင့်၊ ပသာဒပြုံးပါ၊ မြန်မာများ ထုံးအလာကို သုံးပါ နော် တင့်တင့်၊ နိုင်ငံခြား အထည်ဆိုလျှင်၊ မကြည်ညိုစမ်းပါနဲ့ ခင်ခင့်၊ မြန်မာယက်၊ မြန်မာပီအောင် မြန်မာထည် ဝတ်ခဲ့ပေါ့ရှင့်။

"မန္တလေး ရှမ်းပွဲရပ် ဆိုတာက နာမည်ကျော် ဝံသာနုတွေ ထွက်တဲ့ အရပ်၊ ဒါကြောင့် ဒီတေးထပ်နဲ့ ဖိတ်တာ၊ အဲဒီအလှူတစ်လှူပဲ မိန်းမတွေ စိန်ချွတ်သွားကြတယ်"

ကျွန်မမှာ တစ်ချိန်လုံး ပုံများကို ကြည့်ကာ ရယ်လည်း ရယ်မောရ၏။ ကျွန်မ ပြတိုက်နှင့် ကျွန်မ ပျော်ရွှင်ကာ နေရာကျနေလေသည်။

mgyoe.com

mgyoe.com

ဖိတ်စာစု ဖိုင်တွဲထဲ၌ လေးချိုးသဖြန် ဖိတ်စာတစ်ပုဒ်ကို ဖတ်ကြည့်ကာ ''ဦးကိုကိုလတ်တို့ အထက်သူတွေက တယ်မိုးကြောက်ကြသကိုး''ဟု ဆိုလိုက်သည်။ ဦးကိုကိုလတ်မှာ ခေါင်းညိတ်ကာ ပြုံးရယ်နေလေသည်။

''စာရင်းဝင် ချစ်ရာသူ့ရယ်က၊ ယမင်းသွင် ပြစ်ခွာလို့ မရှုလိုက်ပါနှင့်၊ မေတ္တာဆုပန်ထွာဆင်၊ ချစ်သူ အားကိုးတဲ့ သနားညှာတာဘက်တာဖြင့်၊ မပျက်အောင် မဏ္ဍပ်ကြင့်နှန်းကို မြန်းကြွပါရှင်။ ပြာမှောင် ညို့ဝလာ အိုက်သော်လဲ့၊ ဝါခေါင်ကို ယတရာဆိုက်တာမို့၊ စာသမိုက်ဆန်း ပက္ခာသဘင်၊ စန်းစကြာ ယဉ်ပါတဲ့၊ မိဓိဆယ့်သုံး၊ ပြုံးလျက်ကယ်ချို၊ နှုံးမြွက်ခါ ပမာဆိုပ၊ အဇ္ဈောတခို ရွာမလိုလှန့်သော်လဲ၊ ဗျာပါပိုမို့ ကညာပျိုက မလန့်လိုက်ပါနှင့်၊ မဏ္ဍာပ်သဘင် ရတနာမှာ၊ နန်းရပ်အသွင် ပမာလို၊ ခံ့ပါရဲ့ရှင်၊ မြန်းကြွပါဦး''

''ကိုင်း...ဓာတ်ပုံတွေ ကြည့်လို့တော့ ကုန်မှာ မဟုတ်ဘူး၊ အများကြီးပဲ။ ရှေးက ပန်းချီတွေကို ကျွန်တော် ပြတော့မယ်''

အင်မတန် ကြည့်လို့၊ မွှော်လင့်တောင့်တစွာ ဦးကိုကိုလတ် ဖြေနေသော အထုပ်ကြီးကို မျက်တောင်မှျ မခတ်နိုင်ဘဲ စိုက်ကြည့်နေမိသည်။

တစ်တောင် ကျော်ကျော်ခန့် ရှည်သော အနက်ဖုံး စက္ကူအုပ်ထူကြီး ထွက်လာလေသည်။ စက္ကူအုပ်ကြီးမှာ လက်ဆွဲ ဘာဂျာကဲ့သို့ပင်။ အခေါက်များကို ဆွဲကာ ပထမအပေါ်က အခေါက်ကို လှန်ဖွင့်ပြလိုက်သည်။

ဝေဿန္တရာ ဇာတ်တော်ကြီး တစ်ဇာတ်လုံး အရောင်မျိုးစုံဖြင့် ခြယ်ဆွဲထားသည့် အခေါက်ပန်းချီအုပ်ကြီး ဖြစ်လေသည်။

အခေါက် တစ်ခေါက် တစ်မျက်နှာကို ရုပ်ပုံကား ဇာတ်တော်ခန်း တစ်ခု ဆွဲထားသည်။ ဆင်ဖြူတော် လှူခန်း၊ တိုင်းပြည် စွန့်ခန်း၊ တောထွက်ခန်း၊ မယ်မဒ္ဒီ သစ်သီးရှာခန်း၊ ဂဏှာ ဇာလီ စွန့်ကာ လှူခန်း၊ ဇာတ်တော် အစအဆုံး ရုပ်ပုံတွေဖြင့် အကွက်ကျအောင် ဆွဲထားသည့် ရှေးပန်းချီကားကြီးပင်။

ပန်းချီဆေးသည် ယခုခေတ်လို ရေဆေး၊ ဆီဆေး မဟုတ်ချေ။ ပုဏ္ဏားဝတ်သည့် အဝတ်အဖြူရောင်ကို ထုံးနှင့် ဆေးစပ်ဆွဲထားသည်။ ပုံထဲ၌ ရှိသော အစိမ်း၊ အနီ၊ အဝါ၊ အပြာ၊ မရန်းရောင် နုရင့်၊ ခရမ်းရောင်၊ အရောင်မျိုးစုံကို သစ်ခေါက်၊ သစ်သီးပန်း စသည်တို့မှ ဖော်စပ်လုပ်သော မြန်မာပန်းချီဆေး ဖြစ်ချေသည်။ ဤပန်းချီကားမှာ အနှစ် ၁၀၀ ကျော်သည့်တိုင် ဆေးရောင် မှေးမှိန်လိမ့်မည် မဟုတ်ချေ။

စာအုပ်ခေါက်များကို ဖြောင့်တန်းလိုက်လျှင် ဝေဿန္တရာ တစ်ဇာတ်ထုပ်လုံး၏ ပုံများကို တစ်ပြိုင်တည်း၊ တစ်လျှောက်တည်း ကြည့်သွားနိုင်လျက်၊ မဖြန့်ဘဲ အခေါက်တိုင်း တစ်ယောက်တည်း ထိုင်ကိုင်ကြည့်လိုလျှင်လည်း စာအုပ်တစ်ခေါက် ဇာတ်ခန်း တစ်ခန်း ကြည့်သွားနိုင်ပေသည်။

mgyoe.com

mgyoe.com

ကျွန်မလည်း တောကား၊ တောင်ကား၊ ဆေးရောင်စပ်ပုံ၊ အရောင်တွေ ကြည့်၊ အရုပ်ပုံသဏ္ဌာန်တွေ ကြည့်၊ အနုစိတ်ထားသည့် စုတ်ချက်ကလေးပင် မကျန် စေ့စေ့စပ်စပ် လိုက်ကြည့်နေလေသည်။ စောစောက ထိုင်ကြည့်ခဲ့သော ဝတ္ထုပစ္စည်းများထက် သည် ပန်းချီအုပ်ကြီးကို ပိုမို၍ တန်ဖိုးထားမိလေသည်။

"ရှေးတုန်းက နန်းတော်ထဲမှာ ဘုရင့်သားတော်၊ သမီးတော် ကလေးတွေ အပျင်းဖြေရအောင် ကစားကြဖို့ ရေးဆွဲခဲ့တဲ့ ပန်းချီစာအုပ် ရှိသေးတယ်။ သည်အုပ်ကို ငွေ ၅၀၀၀ ပေးမယ် ဆိုလည်း ကျွန်တော်ဖြင့် မရောင်းနိုင်ဘူး။ ပန်းချီပညာရဲ့ သဘော၊ ဘုရင့်သားသမီးတွေရဲ့ အဆင့်အတန်းရော ဘယ်လောက်မြင့်တယ် ဆိုတာ မမလေး အကဲခတ်နိုင်လိမ့်မယ်"

ဦးကိုကိုလတ် ကမ်းပေးသော စာအုပ်ကြီးကို လှမ်းယူလိုက်သည်။ စာအုပ်ကြီးမှာ ဝေသန္တရာ ပန်းချီစာအုပ်ထက် ထူလေသည်။ ရွှေမင်သားရေဖုံးထားခြင်းကြောင့် ထည်ဝါ ခမ်းနားလှလေသည်။

အပေါ်မှ အခေါက်ကို ဖွင့်လိုက်သည့်အခါ အခေါက်မျက်နှာ တစ်ခေါက်၌ မီးခြစ်ဘူးစာအနေ အကွက်ပေါင်း ၂၀၀ ချလျက်၊ အကွက်ကလေး တစ်ကွက် တစ်နေရာ၌ နတ်သားရုပ်ပုံတစ်ပုံ ရေးဆွဲထားလေသည်။ နတ်သား ပုံပေါင်း ၂၀၀ ဖြစ်လေသည်။

နတ်သား အရုပ်တစ်ရုပ်ကို မီးခြစ်ဘူး တစ်နေရာစာ၌ ရေးဆွဲထားငြားလည်း နတ်ပုံ ၂၀၀ မှာ မျက်နှာချင်း၊ နတ်ဝတ်တန်ဆာချင်း မထပ်၊ မတူ၊ အနေအချိုး အဆင် အပြင်၊ အဆင်းအရောင်များ ပုံ ၂၀၀ စလုံး ကွဲပြားအောင် ရေးထားလေသည်။

စာခေါက်ထိပ်၌ "မေး ဖွက်" ဟု စာတန်း ရေးထားလေသည်။ နောက်တစ်ခေါက် ကို လှန်ကြည့်လိုက်မှ ထိပ်တွင် "ဖော်" ဟု ရေးထားကာ ၄င်းနတ်သား ၂၀၀ ရုပ်ပုံများကိုပင် တစ်ဖန် ပြန်ရေးဆွဲပြထားပြီးနောက် ပုံအောက်၌ နတ်'အမည်'များ ဖော်ပြထားလေသည်။

ပုံပန်းမှာ ရှေးက မေး ဖွက် ဆိုသော စာမျက်နှာမှ နတ်ရုပ်ကို 'သည်နတ် ဘာနတ်လဲ'ဟု တစ်ဦးက မေးလျှင် တစ်ဦးက နတ်အမည်ကို ဖော်ရမည် ဖြစ်သည်။ အမည်မဖော်နိုင်က တစ်ဖက်တွင် ပြန်ကြည့်ရန် နှစ်ကားပုံတူ ရေးပြထားခြင်းသဘော ဖြစ်လေသည်။

ပန်းချီဆရာအဖို့ အကွက်ကလေးများ ညီတူချကာ အကွက်ထဲ၌ နတ်ရုပ်ကို ပုံပန်းပီသအောင် အနုစိတ် ရေးရခြင်းမှာ မည်မျှခဲယဉ်းချေမည်နည်း။

နောက်တစ်ခေါက် ကြည့်ပြန်ရာတွင် အောက်ခံ ခရမ်းရောင်ခံလျက် မီးခိုးရောင် အနုအရင့်ဖြင့် တောင်ပုံ ၂၀၀ ရေးဆွဲထားသည်။ တောင်ပုံ ၂၀၀ စလုံး ပုံသဏ္ဌာန်တစ်မျိုးစီ ရေးထားသည်။

"ဖွက်"ကို လှန်ကာ "ဖော်"ဘက်သို့ ကြည့်လိုက်လျှင် တောင်ပုံ ၂၀၀ အောက်၌ တောင်နာမည်များ ရေးထားလေသည်။

mgyoe.com

နောက်တစ်ခေါက်မှာ တိရစ္ဆာန်မျိုးစုံပုံ အရုပ်များကို ရှေ့က နတ်ပုံ၊ တောင်ပုံ အတိုင်းပင် မီးခြစ်ဘူးလောက် နေရာအကွက်ချ ရေးထားလေသည်။ တိရစ္ဆာန်တို့၏ အရောင်အဆင်း ရှိပုံအတိုင်း ဆေးရောင်ခြယ်လျက် ဆွဲပြထားလေသည်။ အချို့တိရစ္ဆာန် ပုံများမှာ တစ်ခါမျှ မမြင်ဖူးသော ပုံများပင် တွေ့ရလေသည်။ ''ဖွက်''ဘက်မှ ''ဖော်'' သို့ လှန်ကြည့်ကာ ပုံအောက်မှ အကောင်နာမည်တွေကို လျှောက်ဖတ်ကြည့်မှ ဘာကောင် မှန်း သိရလေသည်။

ကျား၊ ကြွက်၊ ကြောင်၊ သင်းခွေချပ်၊ ချေ၊ ကျွဲ၊ ကြံ့၊ ဖြူ၊ ပုစွန်၊ ဆက်၊ ကင်းမစွန်၊ ဆင်၊ ဆတ်၊ ဆိတ်၊ စိုင်၊ ဒေါင့်မဆိတ်၊ ဝက်ဝံ၊ ဝက်၊ ဒရယ်၊ လား၊ စာမရီ၊ ရှဉ့်၊ ယုန်၊ တိုးနရား၊ ပြောင်၊ မြင်း၊ သမင်၊ ပဋ္ဌရုပ၊ ဖျံ၊ မြွေပါ၊ မဲ၊ မျောက်၊ ခြသေ့်၊ သိုး၊ ပုတ်သင်၊ သစ်၊ ပိုးနသာ၊ ကျားသစ်နက်၊ ပိုးဟပ်၊ ပူး၊ တိုး၊ နွား၊ နွားနောက်၊ သိင်္ဂနိက်၊ ကတိုး၊ ပုတတ်၊ နှံ၊ တောက်တဲ့၊ နဂါး၊ ကင်းလိပ်၊ ဖွတ်၊ မြွေ၊ ကုလားအုတ်၊ ခွေး၊ သဘော်ခွေး၊ လူဝံ၊ ပူး၊ ဖြူ၊ စရပ်၊ ဖား၊ ပင့်ကူ၊ ကင်းခြေများ၊ အောင်း၊ လိပ်။

ပဋ္ဌရုပ၊ သိင်္ဂနိက် စသည့် အချို့သားကောင်များကို ပုံထဲမှာမှပင် တွေ့မြင်ဖူး ရတော့သည်။ ရှေးက နန်းတော်ထဲမှ ကလေးများ သားကောင်တွေကို''ဖွက် ဖော်'' ကစားကြပုံမှာ ငယ်ငယ်ကတည်းက သားကောင်မျိုးစုံ တွေ့ဖူးအောင်၊ မြင်ဖူးအောင် ဖြစ်တန်ရာသည်။

လူမျိုးများ ဆိုလျှင်လည်း ''မေး ဖွက်''ဘက်မှ''ဖော်''ဘက်သို့ ဖတ်ကြည့်မှ သိနိုင်သည်။ ဇနဲ၊ လဟု၊ လမြင်း၊ ချင်း၊ ကရင်၊ ကထူး၊ လဝါ၊ ဖိန်၊ ပြော၊ ရေပေါ်မီး၊ လသက်၊ စကြီ၊ ပန်းလဟာ၊ လင်ဒီး၊ တောင်လာ၊ တောင်သူ၊ တောင်ရုပ်၊ ကန်တက်၊ တရက်၊ ကြယ်တမင်း၊ ပန်းသေး၊ စန္ဒား၊ ပလေး၊ ပလောင်၊ သူလျှောင်၊ သူလို၊ ဇဝိန်း၊ ဇဝါ၊ ဂျွမ်း၊ ယိုးဒယား။

ထို့အတူ စပါးမျိုး ၁၀၀ ပုံ စပါးပင်များ ဆွဲပြလျက်''ဖော်''ဘက်တွင် စပါးပင်များ အောက်၌ စပါးနာမည် ၁၀၀ ရေးပြထားသည်။

တစ်ဖက်၌ ငါးမျိုး ငါးရုပ် ၁၀၀ ရေးဆွဲကာ''ဖော်''ဘက်တွင် ငါးနာမည် ၁၀၀နှင့် ငါးရုပ် ၁၀၀ ပြန်ရေးပြဆွဲထားလေသည်။

ရွှေမျိုး ၄၀ ကိုလည်း သူ့နာမည်နှင့် သူ ရေးဆွဲ ဖော်ပြထားလေသည်။

တစ်ခေါက်၌ ပန်းအိုးပုံပေါင်း ၁၂၀ တွင် ပန်းတွေ သူ့အပွင့်သဏ္ဍာန်အတိုင်း ခြယ်ဆွဲပြထားသည်။ ''ဖော်''ဘက်၌ ပန်းနာမည် ပန်းမျိုး ၁၂၀ကို တွေ့ရသည်။

သစ်ပင်ကြီး တစ်ပင်တွင် အကိုင်း၊ အခက်၊ အလက်တွေပေါ်၌ ငှက်မျိုးစုံ နားပြထားပြန်လျက်''ဖော်''ဘက်တွင် သစ်ပင်ပေါ်မှ ငှက်များကို ငှက်နာမည် ငှက်မျိုး ၁၀၀ ဖော်ပြထားလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရေကန်ကြီးထဲ၌ ကြာပွင့်များထဲမှ နတ်သမီးရုပ်ပုံ တစ်ရာ ရေးဆွဲထားပြန်ကာ ''ဖော်''ဘက်တွင် နတ်သမီးနာမည် ၁၀၀ ရေးဖော်ပြထားလေသည်။

စာအုပ်ကြီး၏ နောက်ဆုံးအခေါက် မျက်နှာ၌ကား မင်းတုန်းမင်း၏ နန်းတော်ထဲမှ အပျိုတော် ၂၀၀ ပုံ ဖြစ်လေသည်။ အကွက်ကလေးထဲ၌ ရေးဆွဲထားသည့် အပျိုတော်တို့၏ ရုပ်ပုံများမှာ တစ်မျက်နှာနှင့် တစ်မျက်နှာ မတူကြ။ ဆံပင်ပုံ၊ ဝတ်ပုံ၊ စားပုံ အစစ ကွဲလွဲအောင် ဆွဲပြထားလေသည်။ ယခုခေတ် အမျိုးသမီးများ အင်္ကျီလက်ပြတ် ဝတ်ကြသလို ရှေးက နန်းတော်ထဲ၌ အပျိုတော်တချို့ အင်္ကျီလက်ပြတ် ဝတ်ထားကြပုံကို တွေ့ရှိရလေသည်။ အပျိုတော် ၂၀၀ ၏ နာမည်များကား ''ဖော်'' ဘက် ရုပ်ပုံအောက်တွင် ရှိလေသည်။

''အစိုးရ ယဉ်ကျေးမှု ပြတိုက်ထဲမှာ သည်ပစ္စည်းတွေ ထားရင် ကောင်းမှာပဲ၊ ဦးကိုကိုလတ် ကိုယ်ပိုင်ပြတိုက် မလုပ်ပါနဲ့တော့၊ ယဉ်ကျေးမှုဌာနကို ဒါတွေ ရောင်းပါ''

ကျွန်မက စိတ်ရှိလက်ရှိ အတင်းတိုက်တွန်းနေလေသည်။ ဦးကိုကိုလတ်လည်း ပြုံးလျက် ''အစိုးရက နှစ်သိန်းလောက် ပေးရင် ကျွန်တော့်ရှိတာတွေ ပေးမယ်လေ''ဟု ရယ်မော ပြောလေသည်။

နှစ်သိန်း ဆိုသော ငွေမှာ အဖိုးမနည်းပေ။ သို့သော် သည်ပစ္စည်းများကို အစိုးရ ယဉ်ကျေးမှုဌာနက ဈေးဆစ်ဝယ်ယူဖို့ ကောင်းလေသည်။

''မများဘူးလား''ဟု ကျွန်မက ပြောလိုက်သည်။ ဦးကိုကိုလတ်သည် မျက်မှောင်ကြုတ်လျက် ''မများပါဘူး၊ စုတဲ့ နှစ်ကလည်း ကျွန်တော့် ဘိုးဘွား မိဘ အစ်ကို လက်ထက် အဆက်ဆက်က စုလာခဲ့တာတွေပါ။ ဂျပန်ခေတ်ကလည်း အများကြီး ပျက်စီးခဲ့တယ်''

''ဒါတွေကော အဖိုးမတန်ဘူးလား''ပြောပြောဆိုဆို အိတ်ကြီး တစ်ခုထဲမှ အဝတ်ထုပ်ကြီးကို ထယူ ထုတ်ဖြေပေးလေသည်။

သက္ကရာဇ် ၈၈၈ ခု၊ သိုဟန်ဘွား လက်ထက်သည် ဗုဒ္ဓဘာသာ ကျမ်းစာများကို မီးရှို့ပစ်သော ခေတ်ဖြစ်ချေသည်။ ထိုခေတ်၌ ဗုဒ္ဓဘာသာကို ပုန်းလျှိုးဝှက်လျှိုး ကိုးကွယ်ရ ဟန်ရှိကာ မပျောက်ပျက်နိုင်အောင် သိုဟန်ဘွား လက်ထက်၌ ကြံဖန်ရလေသည်။ အဝတ်ထုပ်ထဲမှ ကမ္မဝါများ ထွက်လာသည်။ စစ်ဆေး(သစ်ဆေး)သုတ် ရွှေရေး ပေရွက်ကြီးပေါ်တွင် ရေးမှတ်ထားသော ရွှေရေးကမ္မဝါ တစ်စုံ၊ ဖြက်တစ်မိုက်ခန့်နီးနီးရှိမည့် ဆင်စွယ်ပြားများ ပေါ်တွင် ပါဠိအက္ခရာ ရေးမှတ်ထားသော ဆင်စွယ်ကမ္မဝါ၊ ကြေးပေါ်တွင် ရေးမှတ်ထားသော ကြေးကမ္မဝါ၊ ထုတ်ပြသော ကမ္မဝါသုံးခုအနက် ဆင်စွယ်ကမ္မဝါမှာ တန်ဖိုးများစွာ ရှိသော ကမ္မဝါ ဖြစ်လေသည်။ ဆင်စွယ်ပေါ်၌ ရေးထားသည့် ပါဠိ အက္ခရာများ၏ ကြားပုဒ်မကို ပုဒ်မနှစ်ချောင်း မဖြတ်ဘဲ ရွှေချထားသည့် မန္တလေး ကျောက်စာဂူ ပုံကလေး များဖြင့် ပုဒ်မ ခြားပြထားလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အဖိုးထိုက် အဖိုးတန် ပစ္စည်းတွေပဲဟု နှစ်သိမ့်ကာ ငေးကြည့်နေစဉ် 'လန်ဒန်မြူစီယံမှာ ကြေးကမ္ဗဝါတစ်ခု ရှိတယ်'ဟု ဦးကိုကိုလတ်က ပြောလေသည်။

ကျွန်မလည်း ငေးနေရာမှ ဘေးတွင်ရှိသည့် ထင်ရှူးသေတ္တာကြီးများကို လှမ်းကြည့်လိုက်ကာ"သည်ထဲက ပစ္စည်းတွေကကော ဘာတွေလဲ"ဟု သိချင်ဇောနှင့် မေးကြည့်လိုက်သည်။

"ရှေးက နန်းတွင်း စာမူ၊ ပေနဲ့ ပုရပိုက်တွေလေ။ စက်တင် ပုံမနှိပ် ရတာတွေ အများကြီးပဲ ရှိတယ်။ စုံအောင် ကြည့်သွားပေါ့"

နေမှာ ဝင်သွားကာ မှောင်လာလေသည်။ ဦးကိုကိုလတ် ဇနီးလည်း ကျွန်မတို့အနား လာလျက်"ကဲပါ...ထမင်းစားကြပါဦး၊ စားပြီးမှ ဆက်ကြတာပေါ့"ဟု တငင်ငင်ခေါ်နေလေသည်။

ကျွန်မလည်း မိုးချုပ်လို့ သန်းခေါင်ရောက်ရောက် အကုန်ကြည့်မယ် ဟု စိတ်ထဲ၌ တေးလိုက်ကာ ကျွန်မ ပြတိုက် နယ်နိမိတ်နေရာမှ ထမင်းစားပွဲခုံသို့ မထချင် ထချင် ထသွားရလေသည်။

ရှုမဝ၊ ဧပြီ ၁၉၅၄။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## မန္တလေး ရှုကွစိုးဘဏ္ဍာ

မန္တလေး ဦးကိုကိုလတ် တည်ခင်းကျွေးမွေးသော ညစာမှာ စားရခဲ့သည့် (ချေ)ဂျီသား ဟင်းလျာတို့ဖြင့် ဖွယ်ဖွယ်ရာရာ မြိုင်ဆိုင်လှပေသော်လည်း လျှာအရသာ ခံယူလျက် ဝမ်းပြည့်အောင် မစားခဲ့နိုင်။

ရှေးဟောင်း အနုပညာ ဝတ္ထုပစ္စည်းများကို ခုံမင်နှစ်သက်စွာ အရသာ ခံစားချင်သော လူ့သဘာဝ ယဉ်ကျေးမှုစိတ်ကို ဖြည့်လောင်းပေးမည့် ပြတိုက် ပြခန်းနေရာဆီသို့သာ အလျင်အမြန် ထလာခဲ့လေသည်။

စားပွဲပေါ်၌ တင်ထားသော ''ဖွက် ဖော်'' ပန်းချီစာအုပ်ကြီးကို ရောင့်ရဲမပြေ၊ တင်းမတိမ်နိုင်သဖြင့် ဦးကိုကိုလတ်ကို စောင့်ရင်း တစ်ဖန် ဖွင့်ကြည့်နေမိပြန်သည်။

ပန်းအိုးထဲ၌ ထိုးစိုက်ကာ ခြယ်ပြထားသော ဖူးပွင့်ငုံဝေနေကြသည့် ပန်းခက်၊ ပန်းခိုင်တို့လည်း ကြည့်သူရှုသူ၏ စိတ်နှလုံးကို ကြည်လင်ရွှင်ပျစေလျက် အလှအာရုံဖြင့် ကြည်နူး ကြိုင်သင်းသွားစေ၏။

ပန်းမျိုးတွေမှာ စုံလှသည်၊ ပန်းအမျိုးပေါင်း ၁၂၀ ရေးဆွဲပြထားသည့်အနက် မတွေ့မမြင်ဖူးသော ပန်းများကို ''ဖော်''ဘက် မျက်နှာ၌ ရှာကြည့်ရသည်။

> တစ်တန်းတွင် အကွက်ဆယ်ကွက် ချလိုက်၊ ပန်းအိုးနှင့် ပန်းဆယ်မျိုး ရေးဆွဲထားကာ၊ အတန်း ၁၂ တန်း၊ အကွက် ၁၂၀၊ ပန်းမျိုးပေါင်း ၁၂၀ ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၁။ ကံ့ကော်ပန်း၊ ဇရည်ပန်း၊ မြစ်ကိုင်းပန်း၊ လောင်းပန်း၊ စံပယ်ပန်း၊ ဒါရူးပန်း၊ ဇလပ်ပန်း၊ တတိုင်းမွှေး၊ ပန်းထိမ်ငိုပန်း၊ ထပ်တရာ။

၂။ ဂန္ဓမာပန်း၊ အောင်မဲညို၊ လဲပန်း၊ ဆယ့်နှစ်ရာသီပန်း၊ ပန်းသုံးပန်း၊ ခေါင်ရန်း၊ နှင်းပန်း၊ နေကြာ၊ စွယ်တော်၊ ပုန်းညက်ပန်း။

၃။ စံကားပန်း၊ ဘက်ဘွတ်၊ ခတ္တာပန်း၊ ပန်းသွန်း၊ ယုဇနပန်း၊ ဂမုန်းအင်၊ သုံးပန်လှ၊ မလ္လာနီ၊ အောင်မဲဖြူ၊ ရွှေနွယ်။

၄။ ဒန်ဒလက်၊ ဆပ်သဝါ၊ အာသာဝတီ၊ အင်ကောလ၊ အိမ်လုံးချမ်းသာ၊ ဇီဇဝါ၊ ပန်းဥန်း၊ မိုးစွေပန်း၊ ထင်းရှူးပန်း၊ ဗျာပါပြေပန်း။

၅။ ကြက်ရန်းပန်း၊ သရက္ခန်ပန်း၊ သင်းခွေပန်း၊ နော်ဇာပန်း၊ သစ္စာပန်း၊ သစ်ခွပန်း၊ ပန်းညို၊ ကွမ်းသီးပန်း၊ လက်တော်ကုံး၊ တောင်တော်ပန်း။

၆။ ဆိပ်ဖလူးပန်း၊ ဒေါင့်ရင်းပန်း၊ အုန်းပန်း၊ လက်တံရှည်၊ လက်တံတို၊ မြတ်လေး၊ ရွှေဝါ၊ ကြက်မောက်၊ သဇင်ပန်း၊ ခရားပန်း။

၇။ မုလတ္တာပန်း၊ ကတ္တာရီပန်း၊ ထင်ရှားပန်း၊ ဆပ်သွားပန်း၊ နှင်းဆီပန်း၊ မီးမလောင်၊ ရေခမိုးပန်း၊ ကြာညို၊ ခုနစ်မည်ပန်း၊ သရဖီပန်း။

၈။ နေစာပန်း၊ မရမ်းကြောင်ပန်း၊ ကြာခေါင်းလောင်း၊ သပြေပန်း၊ တရုတ်စံကား၊ ခွာညို၊ စံကားစိမ်း၊ ရွှေခက်ပန်း၊ ဂမုန်းပန်း၊ ပိတောက်ပန်း။

၉။ အင်ကြင်းပန်း၊ ဆသာဘူး၊ ပရဝါ၊ ဖယောင်းပန်း၊ ဒေါက်ဒလိပ်၊ နန်းလုံးကြိုင်၊ တောင်ဇလပ်၊ ကြာပုဏ္ဍရိက်၊ မောင်မခေါ်ပန်း၊ ပေါက်ပန်း။

၁၀။ ကက္ကရ၊ ခံစပ်ပန်း၊ ဒေါနပန်း၊ ပဒုမ္မာ၊ တောင်လုံးကျော်၊ ရင်ခတ်၊ မဥ္ဆူပန်း၊ သော်ကပန်း၊ ငှက်ကလေးပန်း၊ ပျည်းဖြူပန်း။

၁၁။ လယ်ခေါင်ရန်းပန်း၊ ဘိန်းနွဲ့ပန်း၊ မဟာလှေကားပန်း၊ မျက်နှာပန်း၊ စူကာပန်း၊ ဖွန်ပန်း၊ ကြာဖြူ၊ ကြာတံဆိပ်၊ မရိုးပန်း၊ မောက္ခိတောပန်း။

၁၂။ ခုဆောက်ပန်း၊ ဗျာပါရှု၊ လွမ်းမတပန်း၊ ကြာနီ၊ ပန်းအိ၊ ရင်ကမ်း၊ မယားကြီးပန်း၊ ရင်းမာပန်း၊ ဒဝယ်မှိုင်းပန်း၊ အနန်းပန်း။

ပန်းမျိုး ၁၂၀ အနက် မောင်မခေါ်ပန်းနှင့် လွမ်းမတပန်းတို့သည် မည်သို့သော ပန်းရနံ့မျိုးကို ဆောင်နိုင်မည် မသိ။ 'မောင်'တောင် မခေါ်နိုင်လောက်အောင်၊ မလွမ်းနိုင် မတနိုင်သလောက် အီသွားအောင် အမွှေးနံ့ ပြင်းထန်စူးရှပုံ ရှိလေသည်။

ပန်းမျိုး ၁၂၀ ကဲ့သို့ပင် ငါးမျိုး ၁၀၀ ကိုလည်း ၁၀ တန်း၊ ၁၀ ကွက်ချလျက် ဆွဲပြထားသော ငါးပုံ ၁၀၀ ကို လျှောက်ကြည့်ရင်း ရှမဝဠ် ရေးခဲ့သော 'ဟင်းချိုမ' ဆောင်းပါးကို ပြန်သတိရမိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဗိုလ်လက်ျာ မုတ္တမ ပင်လယ်ငါးဖမ်း ကုမ္ပဏီဖွင့်စက ဖမ်းမိသော ငါးများကို အချို့ငါးများ ဘာငါးမှန်းပင် မသိကြ၍ အမည်မပေးတတ်ကြကာ ငါးနားလည်သူများထံ ငါးနာမည် လျှောက်မေးကြရလေသည်။ ဗိုလ်လက်ျာတို့သာ ဤပန်းချီကားကြီးထဲမှ ငါးမျိုး ၁၀၀ ပုံကို တွေ့ကြရပါက ငါးနာမည် ပေးရန် လွယ်ကူသွားပေလိမ့်မည်ဟု တွေးကြည့်မိသည်။

ငါးမျိုး ၁၀၀ ကို မီးခြစ်ဘူးစာ တစ်နေရာ တစ်ကွက်၌ ငါးတစ်ကောင် ပုံသဏ္ဌာန် တစ်မျိုးကျ သေချာစွာ ရေးဆွဲပြထားလေသည်။

၁။ ငါးကြင်း၊ ငါးသိုင်း၊ ငါးစင်ရိုင်း၊ ငါးမြစ်ချင်း၊ တင်ဝန်၊ ငါးဖယ်လောင်၊ ငါးခုံးမ၊ ငါးထွေ၊ ငါးရပ်၊ ငါးလိုက်။

၂။ ငါးလင်ဝန်၊ ငါးတရှက်၊ ငါးပြက်၊ ငါးပြေမ၊ ငါးသလဲထိုး၊ ငါးစင်စပ်၊ ရပ်ပေါင်စာ၊ ငါးစင်းပျား၊ ငါးစင်လုံး၊ ငါးကြောင်း။

၃။ ငါးဖောင်ရိုး၊ ငါးမွေး၊ ငါးရွှေ၊ ငါးရှဉ့်၊ ငါးသန်၊ ငါးငူး၊ ငါးလဲ၊ ငါးနောက်သွား၊ ငါးမြင်း၊ ရွှေစရေး။

၄။ ငါးစည်ပူ၊ ငါးအုံးတုံ၊ ငါးဖမ်းမ၊ ငါးရန့်တိုင်း၊ ငါးတန်း၊ ငါးဆင်၊ ငါးမန်း၊ ကကတစ်၊ ကကလောင်၊ ကကပေါင်း။

၅။ ကကူရန်၊ ကဘီလူး၊ ငါးမြင်းကွမ်းစား၊ ငါးပုတ်သင်၊ ငါးရှူ၊ ငါးမြည်းကျည်တောက်၊ ငါးတေဝံတဲ့၊ ငါးအိုက်၊ ငါးပုဏ္ဏား၊ ငါးနွား။

၆။ ငါးကျွဲ၊ ငါးစွန်၊ ငါးသေတ္တာ၊ ငါးပါး၊ ငါးတံခွန်၊ ငါးပျံ၊ ငါးဝင်၊ ငါးနက်ပြာ၊ ငါးကျုတ်၊ ငါးမြောက်။

၇။ ငါးကျောင်း၊ ငါးလဝါ၊ ငါးမောင်းမ၊ ငါးပြင်လတ်၊ ငါးပတ်၊ ငါးလေးထောင့်၊ ငါးရင်ကုန်း၊ ငါးတီ၊ ငါးဘရွဲ၊ ငါးကရား။

၈။ ငါးမြင်းလှ၊ ငါးသံကောက်၊ ငါးကျည်း၊ ငါးသရောက်၊ ငါးရောင်၊ ငါးဘိန်း၊ ငါးပတ၊ ငါးလီပ်၊ ငါးဆကာ၊ ငါးတောတူ။

၉။ ငါးပယုံ၊ ငါးဖေး၊ ငါးတောက်၊ ငါးလွန်ထိုး၊ ငါးဆော်၊ ငါးနုသန်း၊ ငါးစင်း၊ ငါးဝက်မ၊ ငါးသားတစ်၊ ငါးဘီလူး။

၁၀။ ရွှေငါး၊ ငွေငါး၊ ငါးနံချောင်း၊ ငါးပိုက်တောင်၊ ငါးပုစွန်၊ ငါးတန်၊ ငါးဖြင်တောင်၊ ငါးမြင်းအုပ်ပါး၊ ငါးလကာ၊ ငါးသလောက်။

ငါးမျိုး ၁၀၀ တွင် မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ပင်လယ်၊ သမုဒ္ဒရာအတွင်းရှိ ငါးမျိုးများကို စုံလင်အောင် ရေးဆွဲပြထားခြင်း ဖြစ်ပေသည်။ အထူးသဖြင့် ငါးသေတ္တာ ငါးပုံမှာ ယခုခေတ် ငါးသေတ္တာဘူးထဲမှ ငါးသေတ္တာ ငါးပုံသဏ္ဌာန် ဖြစ်သည်။ ရှေးမြန်မာမင်းလက်ထက်က ငါးသေတ္တာရှိ၍ ရည်ညွှန်း ခေါ်ဝေါ်လေသလားဟု စဉ်းစားစရာပင်။

mgyoe.com

mgyoe.com

ရှမ၀တွင် ငါးဆောင်းပါး ရေးခဲ့စဉ်က အချို့ငါးတွေကို ငါးဖမ်းကုမ္ပဏီကပင် ငါးအမည် မသိ၍ မရေးနိုင်ဘဲ ဖယ်ထားခဲ့ရသည်။ ယခုမှ ပန်းချီအုပ်ကြီးထဲ၌ တွေ့ရသဖြင့် ဘာငါးခေါ်မှန်း သိသွားတော့သည်။

ထမင်းစားပွဲမှ ဦးကိုကိုလတ် ထလာလေပြီ။ မျက်နှာထား ရွှင်ပြုံးစွာနှင့် "ကိုင်း ဆက်ကြဦးစို့"ဟု ဆိုလေသည်။

ကျွန်မလည်း ပန်းချီအုပ်ကြီးကို ဆုံးအောင် ဆက်လှန်ကြည့်သွားရင်း "ဒီစာအုပ် ကြီးဟာ သိပ်အဖိုးတန်တာပဲ။ ကျွန်မဖြင့် နောက်တုန်းက 'ရွှေ'ဆိုရင်လည်း ဇမ္ဗူရာဇ်ရွှေ သာ ကြားဖူးပါတယ်။ ဒီစာအုပ်ကြည့်မှပဲ ရွှေဘယ်နှမျိုး ဘယ်နှစားရှိမှန်း သိတော့တယ်" ဟု ပြောမိလေသည်။

"ကျွန်တော်တို့လည်း ရွှေဆိုရင် ဇမ္ဗူရာဇ်တို့၊ နာရဏီတို့သာ သိတာပဲ။ ရှေးမြန်မာ ဘုရင်ခေတ်က ရွှေမျိုး ၄၀ ရှိတယ် ဆိုတာ ဒီအထဲမှာမှ သိရတာပဲ။ ရှေးက ရွှေပိုက်ဆံကို ခြသေ့်တံဆိပ်နဲ့ ထုတ်တယ်"

ရှေးမြန်မာမင်းလက်ထက် သားတော်၊ သမီးတော်တို့ 'ဖော် ဖွက်' ကစားကြသည့် ပန်းချီအုပ်ကြီးကို ကြည့်ခြင်းဖြင့် ၎င်းတို့၏ အဆင့်အတန်းကို မှန်းဆနိုင်ပြီ။ ယခင်လက ရေးသားခဲ့သည့်အတိုင်း နတ်မျိုး ၂၀၀၊ တောင်ပံ ၁၀၀၊ တိရစ္ဆာန်မျိုး ၇၁၊ လူမျိုးများ၊ စပါးမျိုး ၁၀၀၊ ငါးမျိုး ၁၀၀၊ ရွှေအမျိုး ၄၀၊ ပန်းမျိုး ၁၂၀၊ သစ်သီး ၁၂၀၊ ငှက်မျိုး ၁၀၀၊ နတ်သမီး ၁၀၀၊ မင်းတုန်းဘုရင်၏ အပျိုတော် ၂၀၀။

ကျွန်မမှာ ပန်းချီအုပ်ကြီးထဲမှ ပန်းချီပုံများကို ဘလောက် ကူးယူကာ ခြယ်သထားသည့် ဆေးရောင်စုံအတိုင်း ဆေးရောင်သွင်း၍ ရှမ၀ စာဖတ်ပရိသတ်ကို ပြချင်သည့် စိတ်များ တဖွားဖွား ပေါ်ပေါက်နေမိသည်။

"ရှေးဟောင်းစာအုပ် စုဆောင်းချက်တွေကို အရင်ကြည့်ပါဦး၊ ပြီးမှ ပေနဲ့ ပုရပိုက်တွေ ကြည့်တာပေါ့"

ဦးကိုကိုလတ်သည် သေတ္တာထဲမှ စာအုပ်များကို ထုတ်ယူလာကာ စားပွဲပေါ်၌ ပုံလိုက်သည်။

"ကျွန်တော် စုတာ အစုံပဲ၊ ရှေးက မင်းတုန်းမင်း စာပုံနှိပ်စက်၊ သံတော်ဆင့် ဦးဘိုးအို ရိုက်ပေးတဲ့ စာအုပ်တွေ၊ နှစ်ပေါင်း ၆၀-၇၀ က ရိုက်တဲ့ မြန်မာရော၊ အင်္ဂလိပ် ရော၊ တရုတ်ရော အစုံပဲ…"

"တရုတ် စာအုပ် စုတာက ဘယ်လိုတုံး…"ဟု လွှတ်ခနဲ မေးလိုက်မိသည်။

"အင်္ဂလိပ် မပြေးခင် မန္တလေးကို သခင်နု ရောက်လာတုန်းက 'ခင်ဗျား တရုတ် စာအုပ်တွေလည်း ရသမျှ စုထားဦးဗျ'လို့ သတိပေးတာနဲ့ စုထားတာပါ"

ဦးကိုကိုလတ်သည် လှိုက်လှိုက်လှဲလှဲ ရယ်မောလိုက်ကာ ဝန်ကြီးချုပ် ဦးနု စုခိုင်း၍ တပင်တပန်း လိုက်ရှာစုရသော တရုတ် အဘိဓာန်စာအုပ်ကြီး သုံးအုပ်ကို ထုတ် ပြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အင်္ဂလိပ်နှင့် တရုတ် (English & Chinese Language Dictionary)၊ ၄င်းစာအုပ်ကြီးမှာ ဂျပန်ပြည်တွင် ရိုက်နှိပ်သော စာအုပ်ကြီး ဖြစ်လေသည်။

၁၉၇၄ ခုနှစ် ရိုက်သည့် (Syllabic Dictionary) အင်္ဂလိပ်နှင့် တရုတ် အဘိဓာန်၊ ၄င်းစာအုပ်ကို ရှန်ဟိုင်းတွင် ရိုက်ကာ အခြားတစ်အုပ်မှာ ဟောင်ကောင်တွင် ရိုက်နှိပ်သော အဘိဓာန်စာအုပ်ကြီးများ ဖြစ်ကြသည်။

ရှေးမြန်မာကျမ်း၊ ရာဇဝင်စာအုပ်များကား မြန်မာသက္ကရာဇ် ၁၂၅၂၊ အင်္ဂလိပ် သက္ကရာဇ် ၁၈၉၁ ခုနှစ်ဆီက ရိုက်နှိပ်သော မြန်မာစာအုပ်များ ဖြစ်ကြသည်။ သခင်ကိုယ်တော်မှိုင်း၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ပီမိုးနင်းတို့ခေတ်အထိ ဝတ္ထု၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်ပေါင်း မြောက်မြားစွာ စုထားလေသည်။

သံတော်ဆင့် ဦးဘိုးအို၊ မင်းတုန်းမင်း စာပုံနှိပ်စက်တွင် ရိုက်နှိပ်သည့် မဏိ ကဏ္ဍလ ဝတ္ထုမှာ သက္ကရာဇ် ၁၈၉၉ ခုနှစ်က ရိုက်နှိပ်သည့် စာအုပ် ဖြစ်လေသည်။

ရှေးမြန်မာစာအုပ်များ အတော်စုံစုံ စုဆောင်းချက်အနက် မဟာ ရတနာပုံ တိုက်စိုးစည်သူဂါမဏိသင်္ကြန် စီရင်ရေးသားသည့် မွန်ရာဇဝင်၊ ဇင်းမယ်ရာဇဝင်၊ ရခိုင် ရာဇဝင်၊ ပုဂံရာဇဝင် လက်ရေးမူ စာအုပ်များလည်း ရှိလေသည်။

၁၉၀၉ ခုနှစ်၊ မန္တလေးမြို့ ချာနီယာ စာအုပ်တိုက်မှ ထုတ်ဝေသော "ရဇန ဝတ်မှုန် မင်းသမီးပြဇာတ်" စာအုပ်ကလေးမှာ ထူးခြားသော စာအုပ်ကလေး ဖြစ်လေသည်။ စာအုပ်ထဲတွင် အထူးသဖြင့် တောင်သမန်လယ်စား ဦးဘငယ်၏ လက်ရာများကို တွေ့မြင် ရသည်။ ဤစာအုပ်ကို သီပေါဘုရင် လက်ထက်ကသာ ထုတ်ဝေခဲ့ပါက ယခုကာလ ဝန်ကြီး သတင်းတစ်ခုအဖြစ် ပုံနှိပ်တိုက်ကို ပုဆိန်နှင့်ပေါက်၊ ဒိုင်းနမိုက်ဖြင့် ခွဲကြတာ မျိုးက သက်သာဦးမည်။ ပုံနှိပ်တိုက် ပိုင်ရှင်၏ လည်မျိုကို တုတ်တိုနှင့် ရိုက်သတ်မှာ မုချဟု အောက်မေ့ရသည်။

ရနောင်မောင်တုတ်၊ ဒိုင်းခင်ခင်၊ သီပေါဘုရင်တို့၏ အတွင်းရေးကို စောင်းမြောင်း ရေးစပ်သော ပြဇာတ်စာအုပ် ဖြစ်လေသည်။

စာအုပ် ပထမမျက်နှာ၌-

မြေမန်းကနက်

ရွှေနန်းထက်တွင်

မျက်မြင်ပစ္စက်၊ ဖြစ်အပျက်ကို လျှို့ဝှက်သရုပ်၊ ဇာတ်လမ်း ထုတ်လျက် ဟုတ်တိုင်း မျှော်ခေါ်၊ စာဆိုတော်တို့ ထုတ်ဖော်ပြုကြသော ရဇနဝတ်မှုန် မင်းသမီး ပြဇာတ်။

ပြဇာတ်တစ်အုပ်လုံး စကားပြေနှင့် မရေးဘဲ လွမ်းချင်း၊ အပူတိုက် တေးထပ်၊ ဒွေးချိုး၊ လေးချိုး၊ ခွန်းထောက် သဖြန် ကဗျာညှန့်ပေါင်းစုံ တွေ့ရသည်။

စာဆိုတော် ဦးဘငယ်၏ မထေ့တထေ့ ထေ့ထားသည့် လက်ရာတို့မှာ ဖတ်ချင် စဖွယ် စွဲငြိအောင် ခေါ်ဆောင်သွားတော့သည်။

mgyoe.com

''ဘဝါး ကျွန်ခက်သည် အားမှာဖြင့် ဒါးအလွန် နှစ်ဖက်သွားဟာမို့ သက်ဆံ ဖျား ကြုံသည့်တာ။ ဆင်နှင့် ကျားကိုလ၊ အင်အားတူ ဘယ်လို ကြောက်တယ်လို့ လူနောက်လာလို့ မေးသတဲ့ ဘုရား...။ ရှေးကပုံပါ၊ ဇွတ်အနိုင် အရှင်ပွေ့တာကြောင့်၊ မလွတ်နိုင်တာ တင်၊ ငမေ့မှာဖြင့် အရင်တွေ့ ကြောက်ရပါ...။ ထောက်ဆလို့ ညှာသနား။ အရရယ် ကြင်၊ ဘဝပိုင် နှစ်ဘုရင်မို့၊ အရှင်ကို လင်လို တွေ့ရတော့တယ်...၊ အိုလေ့ ကိုယ်တော် ရေ...ရှေးဝဋ်တရား...''

''ဟောဒီ အထက်က စံပဲ...၊ ဒါက ဆရာစံ...၊ ဒါက ဦးစော''

ဦးကိုကိုလတ် ပြသော ဗန္ဓုလ၊ ဒီးဒုတ်၊ ဂျာနယ်၊ သတင်းစာဖိုင်များတွင် ကျွန်မ ထုတ်ဝေခဲ့သော ပြည်သူ့ဟစ်တိုင် သတင်းစာတွင် သတင်းထူး ထည့်သွင်း ဖော်ပြခဲ့သည့် ဦးစော သတင်းစာမျက်နှာကို ကိုက်ဖြတ်ညှပ်ကာ၊ အစဉ်လိုက် ချုပ်စု ထားလေရာ ထုတ်ဝေခဲ့သော ကျွန်မကိုယ်၌ သူ့လို အစုံအလင် မရှိတော့။

၁၃၀၁ ခု၊ တော်သလင်းလ အနှစ် ၂၀ မြောက် ဒဂုန်မဂ္ဂဇင်း အထူးထုတ် စာအုပ်ကိုလည်း စာရွက်များနှင့် ထုပ်ထားလေသည်။

အထူးထုတ် ဒဂုန်မဂ္ဂဇင်းထဲ၌ မော်လမြိုင်ကျွန်းမှ သတိုးလောင်း ရေးစပ်သော 'သူပုန်စိတ်'ကဗျာပါရှိ၍ စာအုပ်ထွက်သည်နှင့် ဘုရင်ခံက တွေ့ရာနေရာ သိမ်းစေဟု အမိန့်ထုတ်ခြင်းကြောင့် ထူးခြားသည့် အထိမ်းအမှတ်ဖြင့် သိမ်းစုထားခြင်း ဖြစ်သည်။

စာအုပ်တွေနှင့်အတူ စာအုပ်စာတမ်း ဖိုင်တွေကလည်း ကြည့်စရာ မနည်းပေ။ ဂျပန်ခေတ် လေယာဉ်ပျံပေါ်မှ ကြဲချသည့် စာရွက်စာတမ်းများမှ အစထား၍ ထူးခြားလျှင် စုဆောင်းတတ်သည့် သဘော ရှိလေသည်။

တယ်လီဖုန်း ကြေးနန်းကြိုးတွေ ဖြတ်ကြ၊ အစားအစာတွေ ဝှက်ထား၊ အင်္ဂလိပ်တွေ မကျွေးနဲ့၊ အင်္ဂလိပ် အိမ်စေတွေ မှန်သမျှ မီးရှို့ကြ စသည့် သုံးရောင်စုံ ရိုက်ထားသော ရုပ်ပုံစာရွက်ကလေးများကို အင်္ဂလိပ်စစ်သားနှင့် ရွာသားပုံတွင် ရွာသားခေါင်း၌ ပေါင်းထားသည့် ခေါင်းပေါင်းကို''ဒေါက်တာဘမော် ခေါင်းပေါင်း မဟုတ်လား''ဟု ကျွန်မအား လက်နှင့် ထောက်ပြ ပြောကာ ဟက်ဟက်ပက်ပက် ရယ်မောနေလေသည်။

ဂျပန်ခေတ် အစိုးရ ကြေညာစာတမ်း၊ ဂျပန်ခေတ် ရိုက်နှိပ်သည့် စာအုပ်များ၊ ဂျပန်ခေတ် စက္ကူရှား၍ ရိုက်နှိပ်သည့် အလျှုဖိတ်စာကို ရုံးက ချလန်တွေနှင့် ရိုက်ကြ ပုံပါ နောင်လာနောက်သား ပြနိုင်ရန် စုံအောင် စုဆောင်းထားပေ၏။

၁၈၈၀ ခုနှစ် မြန်မာမင်း မကျခင် ရန်ကုန်မှ ထုတ်ဝေသော အင်္ဂလိပ် မဂ္ဂဇင်း များကိုပင် အစဉ်အလိုက် စုသိမ်းထားလေသည်။ မဂ္ဂဇင်း အမည်မှာ (Our Monthly a Magazine Of General Literature ) ဖြစ်လေသည်။

အင်္ဂလိပ်စာအုပ်များ စုဆောင်းချက်အနက် မြန်မာပြည်နှင့် ပတ်သက်သော စာအုပ်မှန်သမျှကို တပင်တပန်း ရှာဖွေ စုဆောင်းထားပုံ ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အနှစ် ၈၀ ခန့် ၁၈၇၄ ခုနှစ်က လန်ဒန်၌ ရိုက်နှိပ်သည့် (Our Trip to Burmah) စာအုပ်မှာ ဆာဂျင် ဂျင်နရယ် ချယ်စ် အလီဇင်းဒါးဂေါဒင် ရေးသော စာအုပ်ဖြစ်သည်။

၁၈၅၂ ခုနှစ် ဘုရင်ဂျီဘုန်းကြီး သောမတ်တာနာဘေးကာက ရန်ကုန်နှင့် မုတ္တမတိုက်ပွဲကို ကိုယ်တွေ့မျက်မြင်အဖြစ် ရေးသားကာ လန်ဒန်၌ ရိုက်နှိပ်ထုတ်ဝေခဲ့သော (The Recent Operations Of the British Forces At Rangoon and Mataban) ၄င်းစာအုပ်ထဲတွင် မြန်မာမင်း၏ ရတနာမွန် သင်္ဘောကို ပန်းချီနှင့် ရေးဆွဲပြထားလေသည်။

၁၉၀၄ ခုနှစ် လန်ဒန်၌ ရိုက်နှိပ်သည့် အလ်ဒဘယူ ရိုတ်စပီးယား ရေးသော (History Of Upper Assam, Upper Burma and north Eastern Frontier) စာအုပ်မှာလည်း ဓာတ်ပုံပေါင်း များစွာနှင့် ရာဇဝင်ကြောင်း ရေးထားသည့် စာအုပ်ကြီးဖြစ်လေသည်။

ပုဂံမြို့ အာနန္ဒာဘုရား (The Stone Sculptures in the Ananda Temple at Pagan) စာအုပ်မှာ ဓာတ်ပုံစာအုပ်ကြီး ဖြစ်လေသည်။ ကျောက်ထု ပန်းပုလက်ရာများကို ထောင့်အမျိုးမျိုးမှနေ၍ တခမ်းတနား ပုံကြီးချဲ့ ရိုက်ကူး ဖော်ပြထားသော ဓာတ်ပုံစာအုပ်ကြီးပင်။

ဆာဂျေဂျီ စကော့ ရေးသည့် ဗမာပြည် 'Burma' ဆိုသော စာအုပ်မှာလည်း ဗမာ့အကြောင်း စိတ်ဝင်စားဖွယ် ရေးထားလေသည်။ ရှေးဟောင်း စာအုပ်စာတမ်း စုဆောင်းချက်အနက် ကျွန်မ လိုချင်သော စာအုပ် တစ်အုပ်မှာ ၁၈၈၇ ခုနှစ်မှ ၁၈၉၀ ခုနှစ်အထိ ကော်မရှင်နာမင်းကြီး လုပ်သွားသော ဆာချာလက်စ် ရေးထားသည့်(The Pacificiation of Burma) စာအုပ် ဖြစ်လေသည်။

ဂျပန်များ ပြေးခါနီး စာအုပ်များကို သိမ်ချောင်း တစ်ဖက်ကမ်းသို့ လော်ရီကားနှင့် တိုက်ပြေးကြစဉ် ကမ်းနဖူး၌ ဂျပန်စစ်သားများ လော်ရီကားထဲမှ ဆွဲလုသိမ်းကျုံးယူကြသော စာအုပ်များထဲ၌ ပါသွားသော ဦးချစ်မောင်၏ စာအုပ်ဟောင်း တစ်အုပ်ဖြစ်ပေသည်။

တစ်နေ့လုံး မွှေနှောက် ဖွထားချက်ကြောင့် အိမ်ပေါ်ထပ် တစ်ခုလုံး ကြည့်ပြီးသားများဖြင့် ပြန့်ကျဲနေကာ ထားစရာနေရာ မရှိအောင် ရှုပ်ယှက်ခတ် နေလေသည်။

"ကျကျနန သူ့အထုပ်နဲ့သူ ဖြစ်အောင် အတော်ပြန်သိမ်းရမှာပဲ"ဟု ကျွန်မက ညည်းလိုက်သည်။

ဦးကိုကိုလတ်မှာ စိတ်ရှည်လက်ရှည် ပြနိုင်သည်။ ပစ္စည်းများ ပြရင်း စပ်ဆိုင်ရာပတ်သက်ရာ အကြောင်းအရာနှင့်တကွ မှတ်သားစရာ နားထောင်၍ မငြီးအောင် ပြောပြသေးသည်။ မှတ်ဉာဏ်ကောင်းကောင်းဖြင့် စိတ်မှတ် စုဆောင်းချက်တွေကို မမောမပန်း တစ်မျိုးပြီး တစ်မျိုး ပြောပြနိုင်သည်။ ကြည့်ပြီးသား ပစ္စည်းများကို အိမ်ရှိရာ

mgyoe.com

SAMPLE BOOK

ခုတင်တွေပေါ် ခေတ္တသွားပုံလျက် ''ရှိသေးတယ်၊ နောက်ရှုပ်ဦးမှာ တစ်ပုံကြီးပဲ။ ပေတွေနဲ့ ပုရပိုက်တွေ ကြည့်ကြစို့'' ဟု စိတ်အားထက်သန်စွာ သွက်သွက်လက်လက် သယ်ပုံရင်း ပြောနေသည်။ ကျွန်မမှာ မျက်စိရော လူရော ညောင်းလာကာ အတော်ပင် နွမ်းနယ်နေသည်။

မှိုင်းခံစက္ကူအဖြူကို မီးသွေးမှုန့်နှင့် ထမင်းရည်ဖျော်သုတ်လျက် ကံ့ကူဆံဖြင့် ရေးထားသော ပုရပိုက်များ သေတ္တာထဲမှ တောင်ပုံရာပုံ ထွက်လာကြသည်။

သေတ္တာကြီး တစ်လုံးထဲက ဟင်္သပြဒါးသုတ် ရွှေချထားသည့် ပေစာထုပ်များကို ယူထုတ်ပြန်လေသည်။

တိုတောင်းလှသော အချိန်ကာလအတွင်း ပေစာထုပ် ၁၀၀ ကျော်ကို၊ ပုရပိုက် ၁၀၀ ခန့်ကို အကုန်နှံ့စပ်အောင် ထိုင်ဖတ်ရန် ခဲယဉ်းနေသဖြင့် မွေ့ရုံနှောက်ရုံ ဖွရုံမျှ တစ်ပါး အကုန်မတတ်နိုင်ပါတကားဟု စိတ်ထဲ၌ နုံးလျှသွားသည်။

ရှေးဦးစွာ ပေစာတစ်ထုပ်ကို လှမ်းယူလိုက်သည်။ ပေစာပေါ်၌ ပတ်ထားသည့် စက္ကူမျူးများနှင့် ကြိုးကို သေသေချာချာ ဖြေရသည်။

အလုံမြို့ဝန်မင်း၊ မင်းလှနရာဇဟာဗိုလ်၏ ပေစာဟု အဖုံးပေါ်၌ စာတန်း ရေးထိုးထားလျက် အောက်တွင်''ဥတုဘောဇနကျမ်း''ဟု ရေးထားလေသည်။

ပေရွက်များကို တစ်ချပ်စီ လှန်ကြည့်ရင်း သံသယဖြစ်ပေါ်လာမိသည်။ ''ဥတုဘောဇန''ကျမ်းစာအုပ်များသည် မူရင်းအတိုင်း ထုတ်မည် မထင်။ ဤမျှလောက် ထူထပ်သည့် ပေထပ်ကြီးထဲရှိ စာပိုဒ်များကို အကုန်ရိုက်နှိပ်ပါက ဥတုဘောဇနကျမ်း စာအုပ်ကြီးမှာ ဧရာမစာအုပ်ကြီး ဖြစ်နေပေလိမ့်မည်။

နှစ်ကာလ ကြာမြင့်သော်လည်း ဦးကိုကိုလတ် ရှိသေမှုကြောင့် အလုံ မြို့ဝန်မင်း၏ ဥတုဘောဇန ပေစာမှာ ယခုအထိ အသစ်စက်စက် ပကတိအတိုင်း ရှိသေး၏။

ဒုတိယပေစာကို ဖြေလိုက်ပြန်သောအခါ ပေပေါ်၌ ''တောင်ငူမင်းဆို ရတုပိုဒ်စုံ ၆၇ ပိုဒ်''ဟု ရေးထားလျက် ၁၂၃၅ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်နေ့ ကျပြီးသည်ဟု ရေးမှတ်ထားလေသည်။

တောင်ငူဘုရင် နတ်သျှင်နောင် ရတု စာကိုယ်ပိုဒ် ၆၇ ပုဒ်စီတွင် နောက်နောင်က ကျွန်မ ဖတ်ရှုဆည်းပူးခဲ့ရသည့် စာမူများနှင့် ဤပေမူကို တိုက်ကြည့်ချင်စိတ် ဖြစ်မိသည်။

နတ်သျှင်နောင် ရတုစာအုပ်များ၌ ရန်ကုန် မြန်မာ့ကျက်သရေ စာပုံနှိပ်တိုက်မှ ထုတ်ဝေသော ဟံသာဝတီမူ၊ မန္တလေး ဟံသာဝတီက ထုတ်ဝေသော မန္တလေးမူ စသည်အားဖြင့် မူကွဲများ အသီးသီး ရှိကြပေသည်။

ကျွန်မမှာ ၁၂ ရာသီလများအနက် 'တပေါင်းလ'၊ 'တန်ခူးလ'ကို သည်းအူပြတ်ဖြစ်တတ်သောလဟု တော်တော်စွဲလမ်းတတ်သည်။ တပေါင်း၊ တန်ခူးနှင့် စပ်ဆိုင်ရာ ကဗျာလင်္ကာများအနက် ကြိုက်နှစ်သက်သည့် အပိုဒ် စကားလုံးများသည် မှတ်ဉာဏ်ဖြင့် ခေါင်းထဲ၌ အစဉ်ကိန်းဝပ် စွဲကပ်နေပေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပေရွက်များကို အစ၊ အလယ်၊ ဟိုကြည့်၊ သည်ကြည့် လှော်ကြည့်ကာ လှန်ချရင်း တပေါင်းနှင့် စပ်ဆိုင်သော မယ်ဖွဲ့တစ်ပိုဒ်ကို မျက်စိနှင့် သွားတိုးမိလေသည်။

တပေါင်းကစင်
ခုန်ကြွရိုက်ကျူး
ကွန့်ချင်မြူးခဲ့
တန်ခူးကဆုန်
နယုန်လခွေ
ယွန်းပါစေလော့
ပြတ်ကြွေသည်းအူ
ရှိသသူလည်း…

ဤကျွန်မ မှတ်ဉာဏ်တွင် စွဲလမ်းနေခဲ့သည့် ဤအပိုင်းသည် ပေနှင့် စာမူ ကွဲနေလေသည်။ မှတ်ဉာဏ်၌ စွဲနေသော စကားလုံးမှာ 'တပေါင်းကစင်း ခုန်ကြွရိုက်ကျူး' ဟု တွေ့ရှိရသည်။

အချိန်မရ၍ ပေရွက်များကို အေးအေးဆေးဆေး ဖတ်ရှုချင်ပါလျက် ဖတ်ရှုခွင့်မရ။ ဘုရားတိုင်ရတု၊ သစ္စာတိုင်ရတု၊ စစ်ချီရတု၊ ကျေးစေရတု၊ သည်မျှသာ ပေရွက်လှန်ရင်း သိသွားနိုင်တော့သည်။

ဦးကိုကိုလတ်သည် ပေထုပ်များကို ကြိုးစည်း ဖြေကာ တစ်ထုပ်ပြီး တစ်ထုပ် ကမ်းပေးနေလေသည်။

၁၂၁၂ ခုနှစ်မှ ဝဇိရ ဗုဒ္ဓိဋီကာ၊
၁၁၃၆ ခုနှစ်မှ ဦးဏှာတ်နိသယျကျမ်း၊
ရာဇမိရာဇ် အရေးတော်ပုံ၊
ပါဠိမောက္ခ သရုပနိသျ၊
ဟံသာဝတီ ဆင်ဖြူရှင် အရေးတော်ပုံ၊
ယိုးဒယား ရာဇဝင် အစ၊ အဆုံး (ပေရွှေချ)၊
ရာဇာဘိဟိတ ဒီပနီ၊
ရာဇဝင် ပေါင်းချုပ်ကြီး။

စိတ်ရှိတိုင်း ဖတ်မနေနိုင်ဘဲ ပေထုပ်များပေါ်မှ ခေါင်းစဉ်များသာ အပြေးအလွှား လှော်ဖတ်လိုက်ရသည်။ ကြည့်ရှုရန် ပေစာထုပ် ကြိုးစည်း အထုပ်ပေါင်း ၁၀၀ ကျော် ရှိနေ၏။

"တချို့ စက်တင်ပုံမနှိပ်ဖူးသေးတဲ့ ပေစာတွေ အများကြီးပဲ။ အစက စာရင်း ရှိတယ်။ ဂျပန်ခေတ်မှာ စာရင်းပျောက်သွားလို့ ပေစာစာရင်း မရှိတော့ဘူး။ ဒါတွေ အကုန်ဖြေကြည့်မှပဲ ဘာမှန်း သိနိုင်မယ်"

mgyoe.com

ပေထုပ်များကို သပ်ရပ်စွာ ထုပ်ပိုး ကြိုးစည်းထားခြင်းကြောင့် ကျွန်မ အားလုံး ကုန်အောင် ကြည့်ပြီး ဦးကိုကိုလတ် ပြန်ထုပ်ရဦးမှာကို အားနာလာမိသည်။ အားနာမှု ကြောင့် ကြိုးစည်း ထုပ်ပိုးမထားဘဲ အကြည့်ရ လွယ်ကူမည့် ပုရပိုက်များသာ ကြည့်ပါတော့ မည်ဟု ပြောလိုက်ရသည်။

"ဒီပုရပိုက်တွေကတော့ နန်းတော်ထဲက နန်းတွင်း ပုရပိုက်တွေပဲ၊ ပုရပိုက် သုံးမျိုး ရှိတယ်။ မှိုင်းခံစက္ကူ အဖြူပေါ်မှာ တရုတ် စုတ်တံနဲ့ ရေးတဲ့ ရှမ်းဘာသာ ပုရပိုက်၊ မှိုင်းခံစက္ကူ အဖြူကို မီးသွေးမှုန့် သုတ်ပြီး ကံ့ကူဆံနဲ့ ရေးတဲ့ ဗမာပုရပိုက်၊ နေခံပြီး မွန်ဘာသာနဲ့ ရေးတဲ့ မွန်ပုရပိုက် ..."

ကျွန်မ ကောက်ယူလိုက်သည့် ပုရပိုက်အုပ်ကြီးမှာ ထူလှသည်။ အနက်ပေါ်၌ တွေ့ရသော အဖြူစာလုံး အက္ခရာများမှာ အချို့ မှေးမှိန်နေပြီ ဖြစ်ကြောင်း ဂရုစိုက် ဖတ်ကြည့်ရသည်။

"ရတနာပုံမြို့တည် နန်းတည် မင်းတရားကြီးဘုရား၊ ညီတော် အိမ်ရှေ့မင်း၊ မိဖုရား သားတော် သမီးတော် မြေးတော်စာရင်း..."

ပုရပိုက်ထဲတွင် မိဖုရား၊ သားသမီးများ၊ မြေးများကို ဇယားကွက်နှင့် အစဉ် အဆက် သေချာအောင် ချပြ ရေးထားလေသည်။

ဦးကိုကိုလတ် တစ်အုပ်ပြီး တစ်အုပ် ကမ်းပေးနေသည့် ပုရပိုက် အုပ်များကို အမီလိုက်ပြီး အပြေးအလွှား ခေါင်းစဉ်များ ဖတ်ကြည့်လိုက်ရသည်။

ဘုရားရတု၊ ငါးခရုမျိုးစုံ၊ ဆွဲမှုဆိုချင်း၊ ရှေးမင်းတို့ ဓာတ်နန်းစံတော်မူသည့် စာတမ်း ပုရပိုက်။

သက်တော်ရှည် လျှောက်နည်း ပုရပိုက်၊

အီနောင် စကားပြေဝတ္ထု လေးအုပ်၊

ကင်းဝန်မင်းကြီးက ရွှေတိုက်အတွင်းဝန်မင်းထံ ပြန်ကြားသည့် စာ(၁၂၆၈ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်)၊

သက္ကရာဇ် ၁၂၃၈ ခု၊ ပြာသိုလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့ ၂ ချက်တီး ကျော် ၆ မောင်းတွင် ရေးပြီးသည့် (ခမ္မောဖမ္မော်ကွန်း)၊

"လူပျိုတော် ငကျောက်စာမေးခွန်း"

"စာထုပ်ကြိုး ဆုတောင်းစာစု"

"၁၂၂၈ ခု၊ အင်္ဂလိပ်-မြန်မာ စာချုပ်မူ"

"သက္ကရာဇ် ၁၂၂၈ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့၊ အင်္ဂလိပ် အရေး ပိုင်ဝန်ကြီးက ရွှေလက်တော်ရောက် ဆက်သသည့် စာအုပ်"

ဗြဲတိုက်တော်တွင် ဝန်ရှင်တော် ပုခန်းစား မင်းကြီး၊ ရေနံချောင်းမြို့စား မင်းကြီး အတွင်းဝန် အစုံအညီ ပေးအပ်လိုက်သော စက္ကူစာချုပ်တွင် ပါသည့် အခိပ္ပာယ် ကောက်နုတ်ချက်များ။

mgyoe.com

mgyoe.com SAMPLE BOOK

သံတော်ဆင့် အဝေးကျိဝန် အလှူစာထုပ်ကြီး ဆုတောင်းစာ ကေပိုဒ်။

ရန္တပိုလ်စာချုပ်။

ကျွန်မမှာ ဗမာပုရပိုက်တွေသာ တစ်ခုပြီး တစ်ခု ခေါင်းစဉ် ဆွဲယူ ကြည့်လျက် ရှမ်းပုရပိုက်၊ မွန်ပုရပိုက်များကို ဘာမှန်းမသိ၍ ဘေးဖယ်ချလိုက်ရသည်။

ပုရပိုက်ထူထူကြီး တစ်အုပ်ပေါ်၌ ရေးထားသော ခေါင်းစဉ်ကား အထူးစိတ်ဝင်စား ဖွယ်ရာ ခေါင်းစဉ် ဖြစ်လေသည်။ ကျွန်မ သင်ယူ ဆည်းပူးခဲ့သော (ဗမာဆေးပညာ)(ဓာတ်ပညာ) (ပညတ်ပညာ မျက်စိဖြင့်…တြင်း၊ နဝင်းကို ကိုက်အောင် တွေ့မြင်နိုင်၏။ သာမန် ဖတ်လျှင် ခေါင်းစဉ်၏ အနက် အဓိပ္ပာယ် မပေါ်ဘဲ ပညာဖြင့် ဖတ်နိုင်မှ ဆိုလိုသည့် အဓိပ္ပာယ်ကို သိမြင်နိုင်ရာသည်။)

ခေါင်းစဉ်မှာ…

"စံနှင့် ရိပ်ငြိမ်၊ နိမ့်စံအိမ်၊ စည်းစိမ်နံစောင်း၊ နံသင့်ကိုသာ၊ ဂဏန်းရှာ၊ နှောပါ ကိုးခုသွင်း၊ တ၊ ထ၊ ဒ မှာ (၇ သာ၊ နမာ သုညအင်း။ စီစီလည်လည်) မင်းဆက်စဉ်၊ ညာဏ်ရေသူမှတ်လင်း၊ ခေတ္တသရေ နန်းစံနေ၊ မှတ်လေ မင်းဆက် အင်း…"

၄င်းပုရပိုက်အုပ်ကြီး ဖွင့်လိုက်သည့်အခါ သရေခေတ္တရာမှစ၍ သရေခေတ္တရာ၊ အင်းဝ၊ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း မင်းဆက်များ၏ မွေးနံ၊ သက္ကရာဇ်၊ အိမ်နိမ့်စံရက်၊ နန်းစံအသက် စသည်တို့ကို နံ၊ သက္ကရာဇ်၊ အိမ်နိမ့် နန်းစံ…အသက်…မှတ်ချက်များ။

ယင်းသို့ ခေါင်းစီးကလေးထိပ်မှ တပ်ရေးထားကာ အောက်၌ သူ့ အကွက်ကျ… မင်း၏ အမည်၊ မွေးနံ၊ မွေးဖွားသက္ကရာဇ်၊ အိမ်နိမ့်စံနေပုံ၊ နန်းတက်စံပုံ၊ သေဆုံးသည့် အသက်၊ အကျယ်တဝင့် အကွက်ထဲ၌ မှတ်တမ်းတင်ထားလေသည်။ သရေခေတ္တရာမှ စ၍ မင်းအစဉ်အဆက် စစ်ကိုင်းဆက်အထိ စာရင်းပင်တည်း။

မှတ်တမ်းတင်သည့် စာရင်းကား စာရင်းနှင့် မတူပေ။ အင်းကွက်ကြီးကဲ့သို့ အင်းကွက်ထဲ၌ ဆွဲပေါင်းထည့်သွင်း ရေးမှတ်ထားသည်။ မှတ်ချက်များဘက်၌ မင်းများ၏ ထူးခြားချက်များ အကြောင်းကို မှတ်သားစရာ ကောက်နုတ်ချက်များ အတိုကောက် အချို့လည်း အကျယ်တဝင့်ဖြင့် ရေးပြထားလေသည်။ ထို့နောက် အိမ်နိမ့်စံရက်၊ နန်းစံ၊ အသက်တို့မှ ထွက်လာသည့် ဂဏန်းများကို နံသင့်အလိုက် ၉ နှင့်ရော၊ ၇ နှင့်ပါ ပေါင်းကာ အင်းချလိုက်၊ အင်းသဘော၊ ဓာတ်သဘော၏ အနက်ကို ဂဏန်းဖြင့် ဖွင့်ပြထား လေသည်။

"ဘုရင့်သားတော် ရတနာပုခက်တင်ဆိုတဲ့ သီချင်းကို ပုရပိုက်နဲ့ တစ်ခါတည်း ရေးမှတ်ထားရတာ ဘုရင်ဖြစ်လာတော့ ကိုယ်ယယ်ယယ် ပုခက်တင်တုန်းက သီဆိုကျူးရင့် ကြတဲ့ သီချင်း ပြန်တတ်နိုင်တာပေါ့။ ဖတ်ကြည့်စမ်းပါဦး"

ရှေးအမွေအနှစ်ကို စုဆောင်းချက် ဝါသနာကြီးလွန်းသည့် ဦးကိုကိုလတ်သည် သူ့အကြိုက် တွေ့သွားသကဲ့သို့ ဝင်းတောက်ရွှင်လန်းသော မျက်နှာဖြင့် အားတက်သရော ဖတ်ရန် တိုက်တွန်းနေလေသည်။

mgyoe.com

သူ့လက်ထဲမှ ပုရပိုက်အုပ်ကို ဆွဲယူကြည့်လိုက်ရာ…

“အသျှင်နန်းမတော် မိဖုရားခေါင်ကြီးဘုရား… သားတော် ရတနာ ပုခက်တင်တော်မူရာ ယေဉ်ကျူးချင်း ၄ ပိုဒ်”

ကျွန်မလည်း ဦးကိုကိုလတ် တိုက်တွန်းလှသဖြင့် ရှေးက ဧကရာဇ် ပေါက်စများ ပုခက်တင်သည့်အခါ စာဆိုတော်တို့ ဘယ်လိုများ ဖွဲ့နွဲ့ရေးစပ်ကြပုံကို ဖတ်ကြရလေသည်။

စုံရှိပေါင်း ရွှေသောင်ယံကြော့လယ်၊ ရတနာမျက်စုံ၊ ရောင်ဟုံ ရှက်ပါတဲ့။ ပုခက်ကယ်မှောင် ချွေလွင့်တယ်၊ ယေဉ်မြင့်ဝယ်၊ သုံးစုံကြူးလို့ ရှိခိုးရွယ်၊ ဘုန်းနေနွယ် ပျော်တော်ခဲလှ၊ နွဲ့မယ်လေ၊ မှန်ရဝေရိပ် ဖြူရွှက်မှာ၊ ထီးကြာချက်ဘွား၊ မြက်ကိုးရောင်ရှိန်၊ မြလွန်းလိန်၊ စိန်ပုခက်မှာ စက်ပါတော့ဖျား၊ ပျော်လှဲ့ပျော်တော်ရောင်၊ နန်းမှန်ကြော့ညောင်၊ သန်းလှဲ့ရွှေပေါင်၊ ရင့်လေးပျော်တော်အောင်ပ၊ ငိုမာန်နှောင် ခါခါလှုံ့ပါနှင့် နန်းလုံ့သက်ထား…

နန်းတော် ရွှေတိုင်လုံး၌ ချည်ထားသော စိန်ပုခက်၊ မြပုခက် တဖိတ်ဖိတ် တလက်လက်ထဲဝယ် စက်တော်မူနေသည့် အရှင်ဧကရာဇ်ပေါက်စ ကိုယ်တော် ဘုရားလေးနှင့် သံသာသာ ယေင်ကျူးရင့် သီဆိုပေးနေသည့် နန်းတွင်း အဆိုတော်ကြီး ရုပ်ပုံလွှာကို အရပ်သူ အရပ်သား ဖြစ်ကြသည့် စာဖတ်ပရိသတ်များ ကျွန်မကဲ့သို့ မျှော်မှန်းကြားယောင် ကြည့်ကြဖို့ပင်။

“ဦးကိုကိုလတ်ရယ်၊ ဒီယေင်ကျူးသံကို နားထောင်ချင်လိုက်တာ။ စိန်ပုခက်ပေါ်မှာ ကျွန်မသာ တက်စက်တော်မူလိုက်ချင်တော့တာပဲ”

ဦးကိုကိုလတ်မှာ ကျွန်မ၏ ပြက်လုံးကို အလွန်သဘောကျလှဟန်ဖြင့် အတောမသတ်နိုင်အောင် ရယ်မောနေလေသည်။ ကျွန်မနှုတ်မှ တောက်ခေါက်လျက် ပျစ်ပျစ်နှစ်နှစ် ပြောချလိုက်သည့် စကားနှင့် အမူအရာကို ကြည့်ကာ လှိုက်လှိုက်လှဲလှဲ ရယ်မောနေခြင်း ဖြစ်လေသည်။ ထို့နောက် လက်ကိုင်ပဝါဖြင့် သူ၏ မျက်လုံးအိမ်များကို တို့လျက် “လက်ဖက်ရည် သောက်ပါဦး”ဟု သတိပေးလေသည်။

ကျွန်မ လက်ဖက်ရည်သောက်နေစဉ် ပုရပိုက်ပုံကြီးကို ဖွနေလျက် တစ်ခုခု လိုက်ရှာနေဟန်ဖြင့် ရွေးရှာနေလေသည်။ လက်ဖက်ရည်သောက်ရင်း ဓာတ်မီးချောင်းမှ မီးရောင်ကို မော့ကြည့်လိုက်ကာ အိမ်ကတော့ မျှော်တော့မှာပဲဟု သည်တော့မှ တည်းအိမ်ကို သတိရလေသည်။

ဦးကိုကိုလတ်မှာ သဲသဲမဲမဲ ရွေးရှာနေသည်။ ကုလားထိုင်ပေါ်မှာ သူ၏အမူအရာကို စိုက်ကြည့်နေရင်း သူ ရှာတဲ့ ပုရပိုက်ဟာ တစ်ခုခုပဲဟု တွေးမိသည်။

ဦးကိုကိုလတ်မှာ စိတ်သဘောကောင်း၍ ဖြောင့်မတ်သော လူတစ်ယောက်ဖြစ်သည်။ သူ၏ ဗဟုသုတကို တစ်ဖက်သား သိစေချင်စိတ်မှာ မနေနိုင် မထိုင်နိုင် စေတနာ

mgyo.com

mgyoe.com SAMPLE BOOK

ကြီးမားလှသည်။ သူနှင့် တွေ့လျှင် သူ့ထံမှ တစ်ခုခုတော့ ရပေလိမ့်မည်။ သိမ်မွေ့နူးညံ့သော မျက်နှာအမူအရာရှိလျက် ဖြူဝင်းသော အသား၊ ကြည်လင်စူးရှသော မျက်လုံး၊ ထောင်ထောင်မောင်းမောင်း ဝဝဖြိုးဖြိုးကိုယ်နှင့် အသက်ပင် ကြီးရင့်စေကာမူ ချိုမြသော နှုတ်ခမ်းကြောင့် အသက်ကြီးရင့်ပြီဟု မထင်ရပေ။

"ဒီပုရပိုက်ကို ဖတ်စမ်းပါ။ ရှေးက (Diary)ရေးတဲ့ အလေ့အကျင့်နဲ့ ဒိုင်ယာရီ နေ့စဉ်မှတ်တမ်း ရေးပုံကိုတော့ ရမယ်။ ဒီဒိုင်ယာရီက ဘယ်သူ ရေးတယ် မသိရဘူး၊ တစ်နှစ်စာ ရေးထားတာ"

ဦးကိုကိုလတ် ရွေးရှာပေးသော ပုရပိုက်သည် ၁၂၄၇ ခု၊ သီတင်းကျွတ် လဆုတ် လကစ၍ မှတ်သင့်မှတ်ထိုက်စရာ အကြောင်းမှတ်စုံဟု ပုရပိုက် အဖုံးပေါ်၌ ရေးထားသော မှတ်တမ်းပုရပိုက် ဖြစ်သည်။

ကျွန်မမှာ နေ့စဉ်မှတ်တမ်းရေး အလေ့အထရှိသူဖြစ်၍ ဖတ်ချင်စိတ်ဆန္ဒ တစ်ဟုန်တည်း ကြွလာပေသည်။ ပုရပိုက်ထဲမှ ရေးနည်းရေးဟန်ကိုမူ လေ့လာကြည့်မိသည်။ အင်္ဂလိပ်နှင့် မြန်မာ စစ်ရေးစစ်ရာ တိုင်းရေးပြည်ရေးတို့နှင့်တကွ ဘုရင် ကုလားလက် ပါပုံတို့ဖြင့် ဖတ်ရှုမှတ်သားထိုက်လှသည်။

၁၂၄၇ ခု၊ သီတင်းကျွတ် လပြည့်ကျော် ၇ ရက်နေ့ ဖောင်ဝန် လှေသင်းဗိုလ်တို့နှင့် ရဲမက်အမှုထမ်း ၇၀၀ ကျော် ဆင်ပေါင်ဝဲသို့ ချီရသည်။ ၄င်းနောက် တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့၊ မြောက်ဒဝယ်၊ တောင်ဒဝယ်၊ အမြောက် ၅၀ တပ်၊ သူရဲပတ်၊ အစို့ ၄၀ တပ်၊ ယွန်းစုတပ်၊ လှေသင်းတပ်၊ အမြောက်တပ်၊ တရုတ်တပ်များနှင့် ကိုယ်ရည်သူကောင်းတပ်ပါ၊ အစုအမှုထမ်း လူ ၁၀၀၀ ကျော်တွင် လှေသင်းအတွင်းဝန်ကို ဗိုလ်မှူး၊ လက်ဝဲဝင်းမှူး၊ လက်ယာဝင်းမှူးတို့ကို ဗိုလ်ချုပ် ခန့်ထား၍ ရော၀တီ မြစ်ကြောင်း ချီရသည်။ ၄င်းနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့ ကင်းသားကုလားပျို အက္ကပတ် မြင်းတပ်၊ ဟင်္ဂလာရဲညွှန့် မြင်းတပ်၊ ဆင်အစုတပ်၊ အမြောက်တပ်များနှင့် ကိုယ်ရည်သူတော်တပ်ပါ၊ အစုအမှုထမ်း လူ၄ါးထောင်ကျော်တွင် မင်း အတွင်းဝန်ကို ဗိုလ်မှူး၊ အက္ကပတ်မြို့ဝန်ကို ဗိုလ်ချုပ်၊ ကင်းဝန် မြေဒူးမြို့စားကို စစ်တပ်ကဲ ခန့်ထား၍ တောင်တွင်းကြီးကြောင်း ချီရသည်။

၄င်းနှစ် တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့ ၊ ရွှေပြည်မှန်ကင်းတပ် နတ်စု လက်ဝဲတပ်၊ နတ်စုလက်ယာတပ်၊ ရွေးလက်ဝဲတပ်၊ ရဲဘက်မြင်းတပ်၊ ရွှေပြည်ရန်အောင် မြင်းတပ်၊ မြင်းစုကြီးရိုး မြင်းတပ်၊ ပြည်ဟာ မြင်းတပ်၊ နန်းဦးမင်္ဂလာ မြင်းတပ်၊ အမြောက်တပ်များနှင့် ကိုယ်ရည်သူကောင်းတပ်ပါ၊ အစုအမှုထမ်း လူတစ်သောင်းကျော်တွင် မြို့သစ်အတွင်းဝန်ကို ဗိုလ်မှူး၊ ရွှေလှံမြို့ဝန် ရွှေဝင်းတော်မှူးတို့ကို ဗိုလ်ချုပ် ခန့်ထား၍ တောင်ငူကြောင်း ချီရသည်။

mgyoe.com

တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့၊ ညနေ သုံးချက်တီးအချိန် ဆင်ပေါင်ဝဲတွင် ကုလားသင်္ဘောတို့နှင့် တိုက်ခိုက်ကြောင်း ကြေးနန်းစာ ရသည်။ ၎င်း လပြည့်ကျော် ၆ ရက်နေ့ ကုလားသင်္ဘောတို့ ရွှေပေါက်ပင် ရောက်လျှင် မြန်မာ မှူးတော် မတ်တော်များက လက်နက်ချ၍ စကားပြေ ပြောဆိုချင်သည့် အကြောင်းနှင့် ကျောက်မြောင်းအတွင်းဝန် ဝက်မစွတ် ဝန်ထောက် စာရေးတော်ကြီး ဦးမြဲတို့ကို စေလွှတ်ပြောဆိုစေရာ၊ သည်တွင် လက်မခံနိုင်ပါ။ မန္တလေးအရောက် ဆန်စေ ဘုရင်ခံ အမိန့် ပါလာသည်။ မန္တလေး အရောက် ဆန်ပါမည်။ မန္တလေးရောက်မှ အလိုရှိရာ ပြောဆိုပါ။ ပြောဆို ဆန်တက်လာရာ တန်ဆောင်မုန်း လပြည့်ကျော် ၇ ရက်နေ့၊ နေ့ တစ်ချက်တီးကျော်အချိန် ကုလားသင်္ဘောတို့ မန္တလေးမြစ်ဆိပ်သို့ ဆိုက်ကြသည်။ တန်ဆောင်မုန်း လပြည့်ကျော် ၆ ရက်၊ သောကြာနေ့ ညနေ လေးချက်တီးကျော် အချိန်ကစ၍ ကောင်းကင်က ကြယ်များ ပြုတ်ကျသည်များကို ညသုံးချက်တီးကျော် အချိန်တိုင် မြင်ကြရသည်။

၎င်းတန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်နေ့ ညနေ သုံးချက်တီးကျော်အချိန် မြစ်ဆိပ်က အရေးပိုင် စစ်သူကြီး၊ အရေးပိုင်မင်းကြီး စလေဒင်တို့ ဂေါ်ရာတပ် ခင်းကျင်း ပြီးလျှင် နန်းတော်သို့ ဝင်ရောက်၍ ဘုန်းတော်ကြီးဘုရားကို နန်းက ချကာ တောင်ဥယျာဉ် အတွင်း၌ ထားသည်။ ၎င်းတန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ စနေနေ့၊ ဘုန်းတော်ကြီး ဘုရား နံတော်နေ့ ဖြစ်သည်။ လပြည့်ကျော် ၈ ရက်နေ့၊ သုံးချက်တီးကျော်အချိန် ကုလား ဂေါ်ရာတပ် ခင်းကျင်းပြီးလျှင် ဘုန်းတော်ကြီးဘုရား၊ နန်းမတော်ဘုရား၊ မယ်တော်ဘုရား တို့ကို ထီးဖြူအုပ်မိုးလျက် သင်္ဘောဆိပ်သို့ ယူပြီးလျှင် သင်္ဘောပေါ် တင်ဆောင်၊ ရေလယ် သို့ ဆုတ်ခွာ ကျောက်ချရပ်၊ လပြည့်ကျော် ၉ ရက်နေ့၊ နံနက်စောစော စုန်သွားသည်။ သေနတ်ဝန်မင်းကြီး၊ မြို့သစ်ဝန်၊ ကျောက်မြောင်း အတွင်းဝန်တို့လည်း တော်ကြီးဘုရားများကို လိုက်ပို့ကြသည်။

နတ်တော်လဆန်း ၉ ရက်နေ့ မဟာမင်းကြီး ဆိုက်ရောက်သည့် ကာလ၊ အမြောက် ၁၃ ချက် ပစ်သည်။ ၎င်းနတ်တော်လဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် တစ်ချက်တီးကျော်အချိန် သောင်သွတ်ဆင်မင်း ဖွားလေသည်။

၎င်းနေ့ ညနေ သုံးချက်တီးကျော်အချိန် ဆင်သေကို စွန့်ဖားပေါ် တင်၍ ရွှေတော် ယူတံခါးက ကုလားတို့ ဆွဲငင်၊ ကြေးမုံ့တံခါးမှ ထုတ်၍ သင်္ချိုင်းတော်မှာ မြေမြှုပ်သင်္ဂြိုဟ် သည်။

၎င်း နတ်တော်လဆန်း ၇ ရက်၊ တနင်္ဂနွေနေ့ ကြေးနန်းရုံဝင်း မြောက်ပေါက် အထွက်တွင် ခွေးမကြီးက ခွေးကလေး မွေးသည်မှာ မျက်နှာက မျောက်မျက်နှာသဏ္ဍာန်၊ မျက်ခုံးနှစ်ခုကြား လက်တစ်ဆစ်ခန့် ဆင်နှာမောင်းသဏ္ဍာန် ပါသည်။ နားရွက်က မျောက်နားရွက်၊ ကိုယ်၊ ခြေထောက်များမှာ ခွေးခြေထောက် မွေးသည်ကို မြင်ရသည်။

myyoe.com

mgyoe.com SAMPLE BOOK

၄င်း နှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ စနေနေ့၊ ညနေ သုံးချက်တီးကျော် အချိန် တိုင်းတာမင်းကြီးကို ဖမ်းဆီးပြီးလျှင် ဓားလွတ်ဝိုင်း၍ မြစ်ဆိပ်သို့ ခေါ်သွားသည်။ တိုင်းတာမင်းကြီးနှင့် ပါသည်မှာ မင်းကြီးကတော်၊ ၄င်းသမီး ပတိန်းမြို့စား တောင်ထားဝယ် ဗိုလ် လင်မယားပါ ပါသွားသည်။

၄င်းနတ်တော်လပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့၊ မဟာမြတ်မုနိဘုရား အရှေ့မုခ်အထွက် ဝဲယာ ရေကန် နှစ်ခု၊ မြောက်မုခ် အထွက်ရှိ ခြေဆေးတော်ကန်ကို ရေတိုးကြောင်းနှင့် လူအများ ပြောဆိုကြသည်။ သွားရောက် ကြည့်ရှု၊ ၄င်းရေများကို ခပ်ယူလာကြသည်။ ၄င်းနှစ် ပြာသိုလဆန်း ၁ ရက်နေ့၊ သေနတ်ဝန်မင်းကြီး မြို့သစ် အတွင်းဝန်၊ ကျောက်မြောင်း အတွင်းဝန်တို့ကို စောပုသဘော်နှင့် ညနေ သုံးချက်တီးကျော် ငါးမောင်းအချိန် ဆိုက်ရောက်လာကြသည်။

၁၂၄၇ ခု၊ တပို့တွဲလဆန်း ၉ ရက်နေ့၊ သောကြာနေ့ အိန္ဒိယ ဘုရင်ခံ ဆိုက်သည်။ ဆိုက်လျှင်ဆိုက်ချင်း အမြောက် ၃၁ ချက် ပစ်သည်။ ဝန်ကြီး၊ အတွင်းဝန်၊ မြို့ဝန်၊ ဝန်ထောက်၊ အရာရှိကတော်မယားများပါ သွားရောက် ကြိုဆိုရသည်။ ညနေ သုံးချက်တီးကျော်အချိန် ဂေါ်ရာတပ် ခင်းပြီးလျှင် မြင်းတပ်ကိုယ်ရံနှင့် ဘုရင်ခံမပါ မြင်းလေးစီးက ရထားစီး၍ အထဲဝင်သည်။

ညနေ နေဝင်အချိန် မြစ်ဆိပ်သို့ ပြန်၍ အိပ်သည်။ ၄င်းနှစ် တပို့တွဲလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ ည ခုနစ်ချက်တီးကျော်အချိန် ၅ တေးနေ့ အဝင်တွင် ငလျင် လှုပ်သည်။ တပို့တွဲလဆန်း ၁၂ ရက်နေ့၊ မြန်မာ မှူးတော် မတ်တော် အရပ်နေ ကုန်သည် လူကြီးတို့ပါ မြေနန်းတွင် ဝင်ရောက် နှုတ်ခွန်းဆက်ကြရသည်။ လဆန်း ၁၃ ရက်နေ့က ကတော်လင်မယားတို့နှင့် ရွှေဆောင်တွင် နှုတ်ခွန်းဆက်ကြရသည်။ ပွဲလမ်းသဘင်မှစ၍ နန်းတော်ဆောင်များပါ ဘုရင်ခံမက ကတော်မယားတို့ကို လိုက်ပြသည်။ တပို့တွဲလဆန်း ၁၅ ရက်နေ့၊ အိန္ဒိယဘုရင်ခံ ညနေ သုံးချက်တီးကျော် ငါးမောင်းအချိန် ဂေါ်ရာတပ်ခင်း၊ မြင်းတပ်ကိုယ်ရံနှင့် မြစ်ဆိပ်သို့ မြင်းလေးစီးက ရထားနှင့် ဆင်းသည်။ မှူးတော် မတ်တော်တို့သည် မြစ်ဆိပ်ရောက် လိုက်ပို့ကြရသည်။ မြစ်ဆိပ်ရောက်လျှင် အမြောက် ၃၁ ချက် ပစ်သည်။ လပြည့်ကျော် ၁ ရက်နေ့ နံနက်စောစော စုန်သည်။ စုန်သည့် နံနက်လည်း အမြောက် ၃၀ ချက် ပစ်သည်။

တပေါင်းလဆန်း ၈ ရက်နေ့၊ မဟာမင်းကြီးပါနား ဆိုက်ရောက်သည်။ မဟာ မင်းကြီး ဆိုက်ရောက် အမြောက် ၁၃ ချက် ပစ်သည်။

တပေါင်းလဆန်း ၇ ရက်နေ့၊ ခန်းပတ်ဝန်ကြီးဟောင်း သူရဲကောင်းတို့ သိမ်းစု လယ်ယာ ဥယျာဉ်ခြံမြေ၊ ဝင်းနေအိမ်များကို အင်္ဂလိပ် အရေးပိုင်မင်းကြီး စလေဒင်က ပြန်ပေးသည်။ သူတထူး လက်ရှိပစ္စည်းများကို ပြောဆို တောင်းခံစေ လက်မှတ်ပေးသည်။ လပြည့်ကျော် ၁ ရက်နေ့ ပညာဝန်ထောက် နေထိုင်ရင်း ဝင်းနေအိမ်များကို ချွန်းတောင်

mgyoe.com

mgyoe.com SAMPLE BOOK

မြို့စားပိုင်ဝင်း နေအိမ် မဟုတ်။ ဗိုလ်မှူးဝန်ထောက် မယားဝင်းနေအိမ် မှန်သည့်အတိုင်း ပညာဝန်ထောက်က ဗိုလ်မှူးဝန်ထောက်မယားသို့ ဝင်းနေအိမ်များ ပြန်ပေးစေ။ အင်္ဂလိပ် ဝန်ရှင်တော် စလေဒင်က အမိန့်လက်မှတ် ထုတ်ပေးသည်။

လပြည့်ကျော် ၁ ရက်နေ့ မောင်ဘတင်၊ နတ်မီးလင်း မိုးတားဝန်ယောင်း ဦးရောက်၊ ကျောက်မြောင်းမြို့စား ဦးကောက်၊ ဦးပုဂံတို့ကို ဖမ်းဆီးသည်။ ၄င်းလဆန်း ၁၅ ရက်နေ့ ဈေးချိုတော် ပိုက်ကြုံးလမ်း တောင်ဘက် ကင်းခန်း တိုက်ကို ငွေဒင်္ဂါး ၇၅၀၀ နှင့် ရွှေလောင်းကြီး ပဲ့နင်းဟောင်း မောင်ဥက လယ်ကိုင်းမြို့စား သေနတ်ဝန် ကင်းမင်းကြီးထံ ပေါင်သည်။ အတိုးမှာ တိုက်ခွန် တစ်လ ၁၀၀ က ပေးပါမည်။ တိုက်ပေါင်ကြေးကိုလည်း အလိုတော်မူသည့်အခါ ရက်ပေါင်း ၂၀ အတွင်း အရင်းအညွန့်ပါ ငွေများကို ဆပ်ပေး ပါမည် စာချုပ်ဆို လက်မှတ်ရေးထိုးသည်။ စာချုပ်စီ သူတောင် စုခရိုင်ဝန်၊ သိရှိသူ စာရေးတော်ကြီး ဗန်းမော်မြို့ဝန် ဦးလူကြီး။ အာလ္လကပ္ပဝန် ဦးရွှေမင်း စာရေးတော် မောင်ဘိုးသော်။

၁၂၄၇ ခု၊ တပေါင်းလပြည့်ကျော် ၃ ရက်နေ့၊ ၁ ချက်တီးကျော် အချိန်၊ အင်္ဂလိပ် ဝန်ရှင်တော် စလေဒင် နေရင်းမြို့သို့ ပြန်သွားသည်။

၄င်းနှစ် တပို့တွဲလ၊ တပေါင်းလအတွင်း နန်းတော်တောင်လှေသင်း အတွင်းဝန်၊ သူရဲဝန်၊ ကျပင်းမြို့စား ဝင်းအိမ်များ မီးသင့်လောင်သည်။ အိမ်ရာများကို နောက် အဆောက်အလုပ် မရှိနှင့် ဆင့်ဆိုသည်။

၄င်းနှစ် တပေါင်းလအတွင်း ပညာဝန်ထောက်က မဟာမင်းကြီးသို့ ထပ်မံ လျှောက်ထားရာ ပညာဝန်ထောက်က နေထိုင်မြဲနေထိုင်စေ။ မဟာမင်းကြီးက ထပ်မံ ဆင့်ဆိုသည်။

၁၂၄၇ တန်ခူးလဆန်း ၉ ရက်၊ တနင်္လာနေ့ နံနက် လေးချက်တီးကျော် သုံးမောင်း အချိန် သင်္ကြန်ကျသည်။ တနင်္လာနေ့ ကျသည်။ အင်္ဂါနေ့ ကြွတ်သည်။ ၄ ဟူးတက်၊ ၄ ဟူး တာစားသည်။ ၅ နေ့ နှစ်ဆန်း တစ်ရက် ပြဿဒါးဆန်သည်။

ဤမှတ်တမ်းတွင် အထူးသတိပြုမိသော အချက်များအနက် ဒေးက စစ်ဘက် ရာထူး အဆင့်အတန်းသည် ဗိုလ်မှူးပြီးမှ ဗိုလ်ချုပ်ဖြစ်လျက် ယခုခေတ် ဗိုလ်ချုပ်ပြီးမှ ဗိုလ်မှူးဖြစ်နေခြင်းကို သတိပြုမိလိုက်သည်။ ၄င်းပြင် အိန္ဒိယဘုရင်ခံမက ပြမှ မြန်မာ မှူးကတော် မတ်ကတော်များ ရွှေနန်းဆောင်များကို မြင်ဖူးတွေ့ရဟန်သည်လည်း အင်္ဂလိပ်၏ အလှိုင်းအဆွယ် ပရိယာယ်လက်နက် အင်္ဂလိပ်ပေါ်ဩ ယိမ်းညွတ်အောင် လိမ္မာစွာ ကျင့်သုံးကြခြင်း ဖြစ်လေသည်။ သေနတ်ဝန် ကင်းမင်းကြီး အပေါင်ခံရာတွင် အတိုး တစ်လ ၁၀၀ ယူကြောင်း ရေးမှတ် ထည့်သွင်း ပြထားချက်မှာ ထူးခြားသဖြင့် ''ကင်းမင်းကြီးက ငွေတိုးစား အပေါင်ခံသလား...''ဟု ပြောဆိုလိုက်မိသည်တွင် ဦးကိုကိုလတ်က''ငွေ ၁၀၀ အတိုး၊ ၁ ကျပ်ကျော်ကျော် ကျတာ...'' ဟု တွက်ပြောပြ လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဘဏ်တိုးပေါ့"ဟု ကျွန်မက ပြန်တွက်ပြောလိုက်သည့်အခါ တစ်စုံတစ်ရာကို သတိရဟန် အနည်းငယ် စဉ်းစားလျက်…"ဝန်ကြီးက အပေါင်ခံစားတာထက် ဝန်ကြီးက ပေါင်ရတဲ့ မှတ်တမ်းတစ်ခု ရှိသေးတယ်…" ဟု ဆိုကာ ပုရပိုက်ထဲ၌ ရှာဖွေနေပြန်လေသည်။

မှတ်တမ်းကား အင်္ဂလိပ်သိမ်းပြီး အင်္ဂလိပ်အငွေ့အသက် ကျွန်ညှော်သင့်ပြီဟု ဆိုရမည့် မှတ်တမ်း ဖြစ်ပေသည်။ မှတ်တမ်း၏ ရက်စွဲကို မြန်မာရက်၊ အင်္ဂလိပ်ရက်၊ နှစ်မျိုး ရက်စွဲထားလျက် ရေးမှတ်ပေပြီ။

"၁၂၇၃ ခု၊ ဝါခေါင်လဆန်း ၄ ရက်။ ၁၉၁၁ ခု၊ ဇူလိုင်လ ၂၉ ရက်နေ့ကစ၍ နေ့စဉ်မှတ် ပုရပိုက်"

ပုရပိုက်အပေါ်၌ ဤသို့ဖတ်ရှုလျက် ဘယ်ဝန်ကြီး၏ ပုရပိုက်မှန်း မသိရပေ။ မြန်မာရက်စွဲ၊ အင်္ဂလိပ်ရက်စွဲ တပ်လျက် နေ့စဉ် မှတ်သားသည့် အကြောင်းအရာများမှာမူ မထူးခြားလှပေ။ ဘယ်နေ့ အိမ်နေသည်၊ ဘယ်နေ့ သွားသည်၊ ဘယ်နေ့ ဝန်ကတော် ခရီးထွက်သည်၊ ဝန်ကတော် ပြန်လာသည်။ မွေးလ၊ မွေးနေ့၊ မွေးရက်ဖြစ်၍ ဘုရားကိုးဆူ ပူဇော်သည်။ ရိုးရိုးပင် ဖတ်ရလျက် လကုန်ခါနီးလောက်ရောက်မှ ရေးမှတ်ထားပုံကား…

သမီးခင်လှဲ့ ချစ်တီးထံတွင် စိန်လက်ကောက်ပေါင် အတိုး ၁-၈ ပဲ။ မရွေးလျှင် အဆုံး…။

စိန်လက်ကောက်ကို အတော်နှမြောနေရှာပုံရ၍ မရွေးလျှင် အဆုံးဟု ကျွန်မက ကျယ်ကျယ်ဖတ်လိုက်သည်။ တိတ်ဆိတ်နေသော အိမ်အပေါ်ထပ်ကြီး၌ ရယ်မောသံတို့ဖြင့် စီညံစိုပြည်သွားပြန်လေသည်။

ကျွန်မ မပြန်လာ၍ အိမ်က စိုးရိမ်ရကာ လိုက်ခေါ်လာသဖြင့် ကျွန်မမှာ မမြင်ရ မကြည့်ရသေးသော ပေထုပ်၊ ပုရပိုက်ပုံကြီးကို အကုန် ထိုင်ကြည့်ချင်လှသော အာသာဆန္ဒများ မနည်းချုပ်တည်းရတော့သည်။

ဦးကိုကိုလတ်သည် ကျွန်မကဲ့သို့ပင် အကုန်မပြရခြင်းကို အားမလို အားမရ ဖြစ်နေပုံရှိသည်။ အချိန်ကို ငဲ့ကာ အချိန်ကုန်မည့် ဟာများကို မပြနိုင်တော့ဘဲ လွယ်စရာ အတိုအထွာကလေးများကို တစ်ခုပြီး တစ်ခု ပြနိုင်အောင် ပြလိုက်လေသည်။

"ဟောဒီ စာအုပ်ကလေးက အမေရိကန် စစ်သားတိုင်း ကိုင်နိုင်တာ မဟုတ်ဘူး။ ကျွန်တော် လိုချင်လွန်းလို့ စစ်မိုလ်ဆီမှာ ဒေါင်းတံဆိပ်ငွေ ငါးမူးစေ့နဲ့ လဲလိုက်ရတာ"

အမေရိကန် လေတပ်သားများသာ ကိုင်ခွင့်ရသော အိတ်ဆောင် လမ်းညွှန် ဗုံးကြဲ ဓာတ်ပုံစာအုပ် (The Official guide to the Amy Force A.A.F) ဖြစ်သည်။ လေယာဉ်ပျံပေါ်မှ ရိုက်ကူးသည့် ဗုံးကြဲဓာတ်ပုံများအနက် မြစ်ငယ်ကို ဗုံးမကြဲခင် ဓာတ်ပုံ၊ ဗုံးကြဲချတုန်း ဓာတ်ပုံ၊ ဗုံးကြဲပြီး ဓာတ်ပုံများ ပါလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထို့နောက် ကမ္ဘာအရပ်ရပ်က ထုတ်သည့် မီးခြစ်ဘူးခွံ တံဆိပ် ပုံစံတွေကို စုဆောင်း ကပ်ပြထားသည့် စာအုပ်၊ ကမ္ဘာအရပ်ရပ်က ထုတ်သည့် စီးကရက်ဘူးပတ် တံဆိပ်မျိုးစုံ စုဆောင်း ကပ်ထားသည့် စာအုပ်၊ စီးကရက်နှင့် မီးခြစ်ဘူး တံဆိပ်များသာ ပြသရုံသာ မြင်ရသည် မဟုတ်သေး၊ သူ့ဝါသနာအတိုင်း စိတ်မှတ် စုဆောင်းချက်ပါ တစ်ပါတည်း ကြားနိုင်သည်။

"ဂျပန်က ချယ်ရီတံဆိပ် စီးကရက်ဘူးတွေ မြန်မာပြည် ရောက်လာတော့ ဈေးနှုန်းကလည်း ချို၊ သောက်လို့ကလည်း ကောင်းတော့ လူကြိုက်များလာတယ်။ ဒီတော့ အင်္ဂလိပ် ကုမ္ပဏီက ယုံကြည်ရတဲ့ စာရေးကို ချယ်ရီ စီးကရက်တွေ အကုန်သိမ်းကျုံး ဝယ်ခိုင်းပြီး တိုက်ခေါင်မိုးပေါ်မှာ ဘယ်သူမှ မမြင်အောင် ဘူးတွေကို နေပူလှန်းထား တယ်။ နေပူလှန်းပြီးမှ တစ်ခါ ပြန်လျှော့ ရောင်းခိုင်းတယ်။ ချယ်ရီ စီးကရက် နာမည်ကို ပျက်သွားတာပဲ။ ကျွန်တော့်ကို အဲဒီစာရေးက နောက်မှ ပြောပြလို့ မှတ်ထားတာ"

ကျွန်မမှာ ဦးကိုကိုလတ်၏ လေယူလေသိမ်း သံနိမ့် သံဖြတ်ဟန် ရှိသော အသံနှင့် မြိန်ရေရှက်ရေ အမူအရာများကို ကြည့်လျက် နှစ်ခြိုက်စွာ ရယ်မောနေရသည်။

"မီးခြစ်က ဟောဒီ နတ်သမီးတံဆိပ်နဲ့ ခရုမင်းသမီးတံဆိပ်၊ ဆင်တူ ယိုးမှား ဖြစ်နေလို့ အမှုဖြစ်လိုက်ကြတာ…"

ကျွန်မလည်း စုံလည်းစုံတဲ့ ဦးကိုကိုလတ်ပဲဟု ဣန္ဒြေမဆည်နိုင်လောက်အောင် ရယ်မောနေရသည်။

အင်္ဂလိပ် လက်ထက်၊ ထီစဖွင့်သည့် လက်မှတ်ကစ၍ ဂျပန်ခေတ်၊ ယခုခေတ် နောက်ဆုံးလက်မှတ်အထိ ထီလက်မှတ် စုဆောင်းချက်များ ထုတ်ပြပြန်သည်။

လွယ်အိတ်မှ အင်္ကျီတွယ်ချိတ်သည့် တစ်တောင်လောက်ရှိမည့် သံချိတ် အကြီးစားကြီး ထွက်လာလေသည်။ ချိတ်ကို ပြုလုပ်ထားသည့် သံချောင်းမှာ အင်္ကျီချိတ် သံချိတ် အသေးစားလေး အသစ်ဝယ်စအတိုင်းလို ပြောင်လက်နေလျက် အဖွင့်အပိတ် မောင်းမှာ တော်တော့အားနှင့် ဖွင့်မရပေ။ ချိတ်ကို ဖွင့်ပြလျက် "လူထိုးရင် သေတယ်"ဟု ပြောလေသည်။

ဇရာမချိတ်ကြီးကို ပွဲကျကာ ဖွင့်ကြ၊ ပိတ်ကြ ပြုလုပ်ကြည့်ကြပြီးနောက် ကျွန်မတို့ ထခါနီး နောက်ဆုံး ထုတ်ပြလိုက်သည့် ပစ္စည်းမှာ လက်ညှိုးလောက် ရှည်မည့် သံပြားအချောင်းကလေးကို ထိပ်က အပေါက်တွင် အပ်ချည်ကြိုး နဖူးဆွဲထားသော အဖို၊ အမ စစ်ဆေးသည့် ကိရိယာတန်ဆာ သံလိုက် ပစ္စည်းတစ်ခု ဖြစ်လေသည်။

"အဖို အမ၊ မိန်းမ ယောက်ျား သိချင်ရင် ကြိုးကို ငြိမ်ငြိမ်ကိုင်ဆွဲပြီး ကြည့်ရ တယ်။ အမဆိုရင် သူ့အလိုလိုလှုပ်ပြီး လည်ဝိုင်းနေတယ်။ အဖိုဆိုရင် လှုပ်ပြီး ယမ်းနေတယ်။ ယောက်ျား၊ မိန်းမ လက်ဝါးခံကြည့်ရင် ထင်ရှားတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မတို့ ပွဲအကျဆုံး ဖြစ်နေကြပြန်သည်။ ဦးကိုကိုလတ်သည် အသက်မရှူဘဲ ကြိုးစကလေးကို ဆွဲလျက် ငြိမ်ငြိမ်ကိုင်ထားသည်။ ကျွန်မနှင့် မောင်တင်ဝင်းက မိန်းမ၊ ယောကျ်ား အနေတစ်လှည့်စီ လက်ဝါးထိုး ခံကြည့်ကြသည်။

သံပြားလေးက လည်ဝိုင်းပြေရင်သော်လည်းကောင်း၊ ယမ်းခါနေရင်သော် လည်းကောင်း "တွေ့လား…တွေ့လား"ဟု ဦးကိုကိုလတ်က ပြောလေသည်။ တစ်နေ့ လုံးလုံး ပင်ပန်းနွမ်းသမျှကို ယခုမှ ပေ့ါပါး ရွှင်လန်းသွားတော့ကာ ကိုယ့်ဟာကိုယ် ယူလုပ်ကြည့်ရင်း ရယ်မပြီးသလောက် တသောသော ဖြစ်နေကြရသည်။

"လက်ရေးတွေကို ဒါနဲ့စစ်ရင် မိန်းမလက်ရေး၊ ယောကျ်ားလက်ရေး သည်လိုပဲ ခွဲခြားပြတယ်"

ကျွန်မတို့ ဦးကိုကိုလတ် ပြောချက်အတိုင်း လက်ရေးကို စစ်ကြပြန်သည်။ လက်ရေးစာရွက်ပေါ်တွင် ကြိုးကလေးကို ငြိမ်ငြိမ်ကိုင်ဆွဲထားကာ ကြိုးလှုပ်ယမ်းပြပုံကို မိန်းမ၊ ယောကျ်ား ခွဲကြည့်ကြပြန်သည်။

"အသံလည်း ဓာတ်လိုက်တယ်၊ မိန်းမအသံ ယောကျ်ားအသံ သူ နားလည် တယ်"

ဦးကိုကိုလတ်သည် ကြိုးစကလေးကို အပေါ်မြှောက်ကာ မျက်နှာနားမှာ ကပ်ထားလျက် မလှုပ်အောင် တစ်အောင့် အသာငြိမ်ငြိမ် ကိုင်ထားလေသည်။

ကျွန်မမှာ မျက်လုံးအပြူးသားနှင့် အသက်မရှူဘဲ သိချင်ဇောဖြင့် စောင့်ကြည့်ရန် အားတက်သရောဟန် ပြထားလေသည်။

ဦးကိုကိုလတ်၏ နှုတ်မှ သံချောင်းပြားကလေး ကြားလောက်ရုံ ခပ်တိုးတိုး ဖိုသံ၊ မသံ ပေးလိုက်သည်။

"မနဲ့လေး… မနဲ့လေး… မနဲ့လေး…"

ဦးကိုကိုလက်နှင့် ငြိမ်ငြိမ်ဆွဲကိုင်ထားသော သံပြားချောင်းကလေးသည် နွဲ့ယိမ်း လာကာ တဖြည်းဖြည်း မခို့တရို့ကလေး ဝိုင်းလာသည်။

"ဦးမင်းကျော်… ဦးမင်းကျော်… ဦးမင်းကျော်… ဦးမင်းကျော်"

သံပြားချောင်းကလေးသည် မခို့တရို့ ဝိုင်းလည်နေရာက ပွဲထဲ၌ ကစော်ပုလင်း ဆွဲကာ ဦးမင်းကျော် ထွက်လာသည့် ပုံအတိုင်း သိသိသာသာ ယိမ်းယိုင်ယမ်းခါလာကာ သွက်သွက်ကြီး လှုပ်ခါယမ်းလျက် အောက်ခြေလွတ် ရှာနေပေတော့သတည်း…။

**ရှုမဝ မဂ္ဂဇင်း၊ အတွဲ ၇၊ အမှတ် ၈၄။**

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ဟီရိုရှီးမား

အာရုံသစ်များ ပြောင်းလဲသွားသည်နှင့် တစ်ပြိုင်နက် မျက်လုံးနှင့် နားမှာ စွမ်းအား ထက်သန်လာကာ အားကောင်းလာကြလျက် စိတ်သည်လည်း ထူးကဲစွာ တည်ငြိမ်လျက် ရှိနေတော့၏။

နေရောင်ခြည်သည် ပန်းရင့်ရောင် ဆိုးခြယ်ထားသော အခန်းထဲသို့ ပြူဝင်းလာလေ၏။ ကျွန်မသည် ရဲရဲနီနေသော ဆိုဖာကုလားထိုင်ပုကလေးပေါ်၌ ငြိမ်သက်စွာ ထိုင်လျက်ရှိသည်။ အသစ်ကျပ်ချွတ် ပစ္စည်းတစ်ခုကို သေချာစွာ ကိုင်စမ်းကြည့်သကဲ့သို့ မျက်မှောက်၌ ပြောင်းလဲနေသော နေ့သစ်၊ နေရာသစ်၊ အာရုံသစ်များကို တစ်ခုစီ တစေ့စေ့ တွေ့ထိ သုံးသပ်ကြည့်နေမိလေ၏။

ဂျပန်ပြည်၌ တိုကျိုမြို့၏ နံနက်ဦးသည် ကျွန်မ၏ နေ့သစ် ဖြစ်သည်။ ကျွန်မ ရောက်လာသော ဒိုင်အီးချီ ဟိုတယ်သည်လည်း နေရာသစ် ဖြစ်၏။ ဟိုတယ်ခန်းထဲ၌ ဂျပန်ဖြစ် ပရိဘောဂ အသုံးအဆောင်များနှင့် အဝေးအနီးမှ ထွက်ပေါ်နေသော အသံဗလံများပါမကျန် အစစပ်သိမ်းသော အရာဝတ္ထုတို့သည် အသစ်ကျပ်ချွတ် ဖြစ်နေကြသည်။

''ဂျပန်ပြည် ရောက်လာပြန်ပြီ''ဟု ဂျပန်ပြည်နှင့် စတင်တွေ့ထိ ကြည့်လျက်ရှိသော အသိမှ အာရုံစိုက်ဝင်နေသော စိတ်သည် တည်ငြိမ်သက်နေလေ၏။ အခန်းထဲ၌ ရှိသော တစ်ယောက်အိပ် ခုတင်၊ စာရေးစားပွဲခုံ၊ ဆိုဖာ၊ ကော်ဇော၊ မှန်ဗီရို အစရှိသော ပစ္စည်းအစုစုကို သာမန်ကာလျှံကာ အပေါ်ယံကြည့် မကြည့်ဘဲ ခင်းကျင်း မွမ်းမံပြီးသ

mgyoe.com

mgyoe.com SAMPLE BOOK

ထားပုံထားနည်းနှင့် အသွေးအဆင် ပုံပန်းပါ တစ်ခုစီ လျှောက်ကြည့်နေလေသည်။ ဟိုတယ်အောက်၌ ဖြတ်သန်းသွားလာနေကြသော ကားသံများ၊ အဝေးအနီးမှ အသံဗလံ အားလုံးသည် နားထဲ၌ မလွတ်တမ်း ကြားနေရလေ၏။

ဂျပန်ပြည်သို့ မထွက်ခင် မြန်မာပြည်၌ အလုပ်များ၊ သောကများလျက် ပင်ပန်း နွမ်းနယ်လာသော ကိုယ်နှင့် စိတ်သည် ယနေ့နံနက်မှပင် ရပ်တည်ရာ၊ ရပ်နားရာ ရသွားတော့ ကာ လတ်ဆတ် ကြည်လန်းလာသလို ရှိမိသည်။

စားပွဲခုံပေါ်မှ တယ်လီဖုန်းသံ မြည်ထွက်လာလေ၏။

တစ်မနက်လုံး တိတ်ဆိတ်စွာ တစ်ယောက်တည်း ထိုင်နေကာ အေးဆေး ငြိမ်သက်နေသော စိတ်မှာ ဖျတ်ခနဲ လန့်လူပ်သွားလျက် တယ်လီဖုန်းခွက် ကောက်ကိုင် လိုက်သည်။

"ဂျပန်ကောင်စီက မစ္စတာဆာဝေး စကားပြောနေပါတယ်။ ၁၂ နာရီခွဲမှာ ခင်ဗျားကို ကျွန်တော် လာခေါ်မယ်။ နိုင်ငံလုံးဆိုင်ရာ ပြင်ဆင်ရေး အထူးဆပ်ကော်မတီ အစည်းအဝေး ခင်ဗျား တက်ရလိမ့်မယ်။ ခင်ဗျား ပစ္စည်းများ အဆင်သင့် ပြင်ဆင်ထားပါ။ စည်းဝေးအပြီး ဟီရိုရှီးမားကို ညရထားနဲ့ သွားကြရမယ်။ ဒီကနေတန်းပြီး ဘူတာရုံ ဆင်းမယ်"

အမေရိကန် အသံဝဲဝဲဖြင့် အင်္ဂလိပ်စကား ပြောနေသည်။ သူ့စကားလုံးကို ကွဲပြား အောင် ဂရုစိုက် နားထောင်ရသည်။ ကျွန်မကို တိုကျို လေယာဉ်ဆိပ်၌ သူပဲ လာကြိုဆို သည်။ အဏုမြူပုံး ဆန့်ကျင်ရေး ဂျပန်ကောင်စီမှ ပြန်ကြားရေး တာဝန်ခံမှူး တစ်ယောက် ဖြစ်သည်။

"ကျွန်တော်တို့ရဲ့ အဏုမြူပုံး ဆန့်ကျင်ရေး ကောင်စီဟာ ပိုက်ဆံ ပေါများတဲ့ အဖွဲ့အစည်း မဟုတ်ပါဘူး။ လူတိုင်းဆီက အလှူငွေခံပြီး ညီလာခံ ကွန်ဖရင့်ကြီးကို မဖြစ်ဖြစ်အောင် ကျင်းပရပါတယ်။ ကိုယ့်စရိတ်နဲ့ကိုယ် ကျင်းပရပါတယ်။ ပိုက်ဆံတတ်နိုင် တဲ့ ကိုယ်စားလှယ်များ ကိုယ့်စရိတ်နဲ့ကိုယ် တည်းခိုကြဖို့ မေတ္တာရပ်တဲ့အတွက် အချို့ စောစောရောက်နေတဲ့ ကိုယ်စားလှယ်များတော့ သူတို့စရိတ်နဲ့ သူတို့ တည်းနေကြပါပြီ။ ခင်ဗျားအတွက်တော့ ဂျပန်ကောင်စီက ဒိုင်အီးချီ ဟိုတယ်မှာ ထားဖို့ စီစဉ်ထားပါတယ်"

မစ္စတာဆာဝေးသည် တိုကျို လေယာဉ်ကွင်း၌ ဝဲတဲဝဲတဲနှင့် ဆီးကြိုပြောဆို ကာ ဒိုင်အီးချီ ဟိုတယ်သို့ ကျွန်မကို လာပို့ထားသူ ဖြစ်သည်။

ကျွန်မသည် တယ်လီဖုန်းခွက်ကို ချလိုက်ကာ ပြတင်းပေါက်မှ လမ်းပေါ်သို့ လှမ်းကြည့်လိုက်သည်။ စစ်အပြီး ၁၉၅၀ ခုနှစ်က ဂျပန်ပြည်သို့ ရောက်ခဲ့ဖူးသည်။ ထိုစဉ်က မြင်တွေ့ရသော ဂျပန်ပြည်နှင့် ရှစ်နှစ်အကြာ ပြန်တွေ့ရသော ဂျပန်ပြည်၏ ပြောင်းလဲမှုမှာ အဘက်ဘက်၌ပင် ဆန်းသစ် တိုးတက် ပြောင်းလဲလျက်နေလေ၏။ လမ်းမကြီးပေါ်၌ ပျားပန်းခပ် လူးလာ ဖြတ်သန်း လျှောက်သွားနေကြကုန်သော ဂျပန်

mgyoe.com

mgyoe.com
SAMPLE BOOK


အမျိုးသမီးထုကြီးကို မျက်စိစူးသွားသည်။ ဂျပန်မတွေမှ ဟုတ်ပါလေစဟု ထင်မှတ်ရသည်။ သူတို့သည် အနောက်နိုင်ငံ၊ အထူးသဖြင့် အမေရိကန်သူတွေနှင့် တစ်ပုံတည်း တူအောင် တုကာ ဝတ်စားဆင်ယင် လျှောက်သွားနေကြလေ၏။

၁၉၅၀ ခုနှစ်တုန်းက ဂျပန်မများ၏ ဆင်ယင်ထုံးဖွဲ့မှုမှာ ကီမိုနို ဝတ်ဆင်လျက် ခြေအိတ်ဖြူဖြူ၊ ညှပ်ခုံဖိနပ်နှင့် ခေါင်းက ဆံပင်သာ ဖြတ်တောက် တွန့်လိမ်ထားကြသည်။ လမ်းပေါ်မှ ယခု ကျွန်ုပ်မ မြင်တွေ့နေရသော ဂျပန်မများကို သိမ်းကျုံး၍ ကြည့်လိုက်သည်။ ခေါင်းကအစ ခြေအဆုံး ပကတိ အနောက်နိုင်ငံသူတွေ အတိုင်း တစ်ယောက် တစ်မျိုး ဖက်ရှင်မျိုးစုံ တွေ့ရလေ၏။ ခေါင်းက ဆံပင်ဖြတ်ပုံ၊ ကောက်ပုံများကို လမ်းထိပ်က စောင့်ကြည့်လျှင် ငါးမိနစ်အတွင်း ဆံပင်ထားပုံ နမူနာပုံစံ အမျိုးမျိုး ကတ်တလောက် စာအုပ်ကြီး တစ်အုပ်စာ ရနိုင်ပေလိမ့်မည်။

နွေရာသီအတွက် ဝတ်ဆင်ထားသော ဂါဝန်ပုံစံများလည်း ငါးမိနစ်အတွင်း ဂါဝန်ဖက်ရှင်ပုံစံနမူနာ ကတ်တလောက် စာအုပ်ကြီး တစ်အုပ်စာလောက် ပုံစံဆန်းများ ရနိုင်ပေလိမ့်မည်။ နိုင်လွန် လက်စွပ်အိတ်၊ နိုင်လွန် ခြေအိတ်၊ ရှူးဖိနပ် ဒေါက်မြင့်မြင့်၊ လက်ကိုင်အိတ် စသည်တို့ကား ပုံဆန်းအမျိုးမျိုး ထွင်ကြကာ မရှိမဖြစ်သော ပစ္စည်းအသုံးအဆောင်များ ဖြစ်နေကြချေပြီ။ လက်သည်းနီ၊ ပါးနီ၊ နှုတ်ခမ်းနီများ ဆိုးခြယ်ထားကြသည့်အပြင် အထူးသဖြင့် မျက်ခုံး၊ မျက်ခွံ၊ မျက်ခမ်းစပ်တို့၌ စိမ်းပုပ်ပုပ် အရောင်၊ ခိုပြာရောင် ဆိုးခြယ်ကြလေသည်။ မျက်နှာတိုင်း အရောင်အမျိုးမျိုး ထွက်နေကြသည်။ မိမွေးတိုင်း ဖမွေးတိုင်း ရုပ်များ မဟုတ်ကြတော့ဘဲ အမေရိကန် ရုပ်ရှင်မင်းသမီး ရုပ်အတိုင်း ဖြစ်နေကြသည်။ ရှေးရှေးက ကီမိုနိုဖားဖားဝတ်ကာ ခြေအိတ်အဖြူစွပ်၍ ဦးစိုက်ညှပ်ခုံဖိနပ်ဖြင့် ဘဲသွားသလို ယက်ကန်ယက်ကန် သွားကြပုံမျိုး မဟုတ်တော့ဘဲ ခြေသလုံး အလှကို ရှီးပြကာ ဖနောင့်အောက်က လက်ညှိုးလုံးလောက် တုတ်ချောင်းကလေး ထောင်တပ်ထားသော ခုံမြင့်မြင့် ရှူးဖိနပ်ဖြင့် တဒေါက်ဒေါက် လျှောက်သွားကြပုံကို ဟိုတယ်ပေါ်မှ ဆီးမျှော်ကြည့်နေရင်း အကြီးအကျယ် ပြောင်းလဲနေကြပါပကောဟု အောက်မေ့မိသည်။ ဟိုတယ်ပေါ်မှ မျှော်မှန်းကြည့် မြင်တွေ့ရသော လမ်းပန်း အဆောက်အအုံတွေလည်း ပြောင်းလဲကုန်လေပြီ။ နယူးယောက် မြို့တော်ကြီးကဲ့သို့ မိုးထိလု မြင့်မားလှသော အထပ်ပေါင်း များစွာတို့ဖြင့် အန်စာကဲ့သို့ လေးထောင့် ရှည်လမျော ပုံမျိုးတွေ အများအပြား တွေ့ရလေ၏။

ကျွန်ုပ်မမှာ စစ်မဖြစ်ခင်က စစ်တိုက်ချင်သော ဂျပန်၊ စစ်အတွင်း တစ်လျှောက်လုံး စစ်တိုက်နေသော ဂျပန်၊ စစ်ပြီးစ စစ်ရှုံးနေသော ဂျပန်နှင့် ယခု မျက်မှောက် စစ်နှင့် ကင်းဝေးနေသော ဂျပန်ကို နှိုင်းယှဉ် ခန့်မှန်း ကြည့်မိသည်။ စစ်မတိုက်ရ၍ စစ်မဖြစ်၍သာ သူတို့ဂျပန်လူမျိုးတွေ ဒီလိုဖောဖောသီသီ ဝတ်နိုင်စားနိုင်၊ တိုးတက်နိုင်တာပဲဟု တွေးကြည့်မိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤအတွေးဖြင့် တစ်ဆက်တည်း ဂျပန်ပြည်သို့ လာခဲ့သော ကိစ္စကို ဆက်တွေးလိုက်သည်။ ဂျပန်ပြည်၊ တိုကျိုမြို့တွင် ကျင်းပမည့် အဏုမြူဗုံး ပိတ်ပင်ရေး၊ အဏုမြူဗုံး စမ်းသပ်ရေး၊ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး စသော စစ်ဆန့်ကျင်ရေး နိုင်ငံလုံးဆိုင်ရာ ညီလာခံကွန်ဖရင့်ကြီးသို့ တက်ရောက်ရန် ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် ဗမာနိုင်ငံမှ ကိုယ်စားလှယ်အဖြစ် ရွေးချယ် စေလွှတ်လိုက်သူ ဖြစ်သောကြောင့် ကမ္ဘာသူ၊ ကမ္ဘာသားတို့အတွက် ကောင်းကျိုးချမ်းသာ ဖြစ်ထွန်းစေမည့် ကမ္ဘာ့ငြိမ်းချမ်းရေး လုပ်ငန်းရပ်ကြီးကို လုပ်ဆောင်ရန် ဂျပန်ပြည်သို့ လာခဲ့ခြင်း ဖြစ်သည့်အတွက် ကောင်းသောလာခြင်းပဲဟု စိတ်ထဲ၌ တစိမ့်စိမ့် နှစ်သိမ့်သွားသည်။

မစ္စတာဆာဝေးက ညနေဘက် စည်းဝေးအပြီး ညရထားနှင့် ဟီရိုရှီးမားသွားရမည်ဆို၍ စစ်အတွင်း အဏုမြူဗုံးကျလျက် ပျက်စီး ကြေမွသွားသော ဟီရိုရှီးမားမြို့ကြီးကို ထင်ယောင်မြင်ယောင် မှန်းဆကြည့်မိသည်။ နိုင်ငံလုံးဆိုင်ရာ အဏုမြူဗုံး ဆန့်ကျင်ရေး ညီလာခံ ကွန်ဖရင့်ကြီး တိုကျိုမြို့၌ မကျင်းပသေးမီ ဟီရိုရှီးမားမြို့နှင့် နာဂါဆာကီမြို့တို့၌ ဩဂုတ်လ ၆ ရက်၊ ၉ ရက်နေ့များတွင် အဏုမြူဗုံးကျခဲ့သည့် အထိမ်းအမှတ် ကျင်းပမည်ဖြစ်၍ ယင်းအထိမ်းအမှတ်ပွဲကြီးသို့ပါ တက်ရောက်ရန် စောစောကြိုတင် အမီလာခဲ့ရသဖြင့် ကျွန်မခရီးစဉ်မှာ တိုကျိုမြို့မှ ခရီးရောက်မဆိုက် ဟီရိုရှီးမားမြို့သို့ ခရီးဆက်ရလိမ့်မည်။

ဟီရိုရှီးမားနှင့် နာဂါဆာကီ ခရီးစဉ်မှာ ၁၀ ရက်ခန့် ကြာလိမ့်မည်။ သေတ္တာထဲမှ အဝတ်အစားများ ထုတ်ကာ အိတ်ငယ်လေးထဲ ထည့်ယူသွားရန် ပြင်ဆင်ရသည်။ ပြင်ဆင်ပြီး ကျွန်မ ခရီးသွားနေတုန်း သေတ္တာများ လာယူ သိမ်းထားရန် ကျွန်မ မိတ်ဆွေဟောင်း ရှုမဝမဂ္ဂဇင်းတွင် ကျွန်မ ရေးဖူးခဲ့သော 'မေတ္တာ' ဝတ္ထုထဲမှ မစ္စတာအော့စူးကို တယ်လီဖုန်းဆက် အကြောင်းကြားလိုက်သည်။ ဟိုတယ်အောက်ထပ်သို့ ထမင်းပြေးဆင်း စားရလေ၏။ ထမင်းစားခန်းကြီးထဲ၌ ထမင်းထိုင်စားနေစဉ် ယနေ့တက်ရမည့် အပြည်ပြည်ဆိုင်ရာ ပြင်ဆင်ရေး ဆပ်ကော်မတီ အထူးအစည်းအဝေးမှာ ခေါင်းထဲ ရောက်နေကာ စားရင်း သောက်ရင်း စည်းဝေးအတွက် ပြင်ဆင်နေမိ၏။ ဟင်းပန်းကန်များ လာချသော ဟိုတယ် မိန်းကလေး စားပွဲထိုး အလုပ်သမားများ ဝတ်ပုံဆင်ပုံ မြင်ပြန်၍ 'သူမ' ဝတ္ထုအတွက် ရုပ်ရှင်ရိုက်ရန် မေရီ ဝတ်ဆင်ရမည့် ခေါင်းပတ်ဖြူ နှင့် ခါးစည်းပုံစံကို အမှတ်ရမိကာ ထမင်းကို ဖြောင့်အောင် မစားဘဲ စားပွဲထိုး မိန်းကလေးများ၏ ခေါင်းပတ်နှင့် ခါးစည်း ပုံစံကို နမူနာယူလျက် စိတ်ကူးနှင့် ပုံစံတစ်မျိုးပြီး တစ်မျိုး ပြောင်းထွင်ကြည့်နေရင်းပင် စားသောက်ပြီးသွားလေသည်။

မစ္စတာဆာဝေး မရောက်မီ ဟိုတယ်သို့ မစ္စတာအော့စူး ပေါက်လာသည်။ ကျွန်မ သေတ္တာများကို သူ့အိမ်သို့ ယူသွားရန် ဟိုတယ်အောက်ထပ်သို့ သယ်ချလေသည်။ ကျွန်မလည်း ယူသွားမည့် လက်ဆွဲအိတ်ငယ်ကို ဆွဲကာ ဟိုတယ်အောက်ထပ် ဧည့်ခန်းထဲ၌

mgyote.com

မစ္စတာအော့စုးနှင့် ထိုင်လျက် မစ္စတာဆာတေး အလာကို စောင့်မျှော်နေကြသည်။ ၁၂ နာရီခွဲ ချိန်းလျက် တစ်ချက်အထိ ပေါ်မလာချေ။

ဟိုတယ်ကြီးထဲတွင် လှုပ်လှုပ်ရွရွ ဝင်ကြထွက်ကြ၊ ဆင်းကြတက်ကြ လုပ်နေကြသော ပရိသတ်ကြီးထဲ၌ အများဆုံး တွေ့ရသော ဂျပန်အမျိုးသမီးများ၏ အနောက်နိုင်ငံဖက်ရှင်တွေကို ထိုင်ကြည့် ငေးမောနေရသည်မှာ အချိန်ကုန်မှန်းပင် မသိချေ။

ဧည့်ခန်းထဲရှိ ရုပ်မြင်သံကြား၊ ရေဒီယို၊ တယ်လီဖေးရှင်းထဲတွင် ဖျတ်ခနဲဖျတ်ခနဲ ပေါ်လာသော ဆောင်းရာသီဖက်ရှင် ဂါဝန်၊ လောင်းကုတ် ပုံစံအမျိုးမျိုး ပြောင်းလဲဝတ်ဆင်ပြနေသော ရုပ်ပုံလွှာများကို လှမ်းကြည့်နေမိ၏။ နေ့လယ်ဘက် စားချိန်သောက်ချိန်ဖြစ်၍ ရေဒီယို၊ တယ်လီဖေးရှင်းထဲ၌ အမျိုးသမီးခန်း ဟင်းချက်နည်း ပြုတ်နည်း၊ မုန့်လုပ်နည်းများ လက်ထပ်သင် လုပ်ပြနေသော ရုပ်မြင်သံကြား ရုပ်ပုံလွှာများ ပြောင်းလဲပေါ်လာပြန်လေသည်။ ချက်ပြုတ် ပြသနေသော ဂျပန်အမျိုးသမီးကြီး၏ ပါးစပ်မှတတွတ်တွတ် ရွတ်ပြော ပြသနေသော သူတို့ ဂျပန်စကားကို နားမလည်သော်လည်းချက်ပြုတ် ပြနေသော မီးဖိုခန်းဆောင်၊ ဖန်ပန်းကန်၊ မုန့်ဖုတ် ဖန်ခွက်၊ ကြွေခွက်၊ ဇွန်း၊ ခက်ရင်း၊ ဓား စသည်တို့မှာ အနောက်နိုင်ငံ ပုံစံအတိုင်း ဖြစ်သည်။ ချက်ပြသော ခွက်ထဲမှ မုန့်နှင့် သစ်သီးဝလံ၊ နို့မလိုင်၊ ဟင်းလျာ စသည်တို့သည်လည်း အနောက်နိုင်ငံ ချက်နည်း၊ ဖုတ်နည်း၊ ပြုတ်နည်း၊ ပြင်နည်း၊ လုပ်နည်းများနှင့် ဘာမျှမခြားချေ။

ကပွဲ ခုန်ပွဲ အခန်းတွေ ပေါ်လာပြန်လေ၏။ ဂျပန် ကချေသည်မကလေးများမှာ အမေရိကန် ကချေသည်တွေအတိုင်း မလုံ့တလုံ ဝတ်ဆင်လျက် ရှော့အင်ရှိုး ကနေကြလေ၏။ ဂျပန်အမျိုးသမီး အဆိုကျော်က အင်္ဂလိပ်သီချင်း သီဆိုနေလေ၏။

"မမလေးစံ၊ အခု ဂျပန်က ခင်ဗျား လာတုန်းက ဂျပန် မဟုတ်တော့ဘူး။ အစစ အားလုံး ပြောင်းသွားပြီ။ အနောက်နိုင်ငံ ပုံစံဟာ နေရာတကာတိုင်းမှာ ကျုပ်တို့ပုံစံအဖြစ် ဖြစ်သွားပြီ။ ဂျပန်ပြည်မှာ မိန်းမတွေ ပျင်းကုန်ကြပြီ။ အိမ်တိုင်းလိုလိုပါပဲ၊ အဝတ်လျှော်စက် ရှိတယ်။ အိမ်တိုင်းလိုလိုပဲ လျှပ်စစ်မီးနဲ့ ထမင်းချက်နေကြတယ်။ အိမ်တိုင်းမှာ ရေဒီယို၊ တယ်လီဖေးရှင်း ရှိတယ်။ ခုချိန်ဆိုရင် ချက်နည်းပြုတ်နည်း ပြနေတာထိုင်ကြည့်နေပြီး ဒီနည်းတွေကို အတုခိုး ချက်ကြလိမ့်မယ်။ အဝတ်လျှော်လည်း စက်နဲ့လျှော်၊ တံမြက်စည်း လှည်းလည်း စက်နဲ့ လှည်း၊ ထမင်းချက်တာလည်း လျှပ်စစ်နဲ့ချက်တော့ အိမ်အလုပ် ပင်ပင်ပန်းပန်း သူတို့ ဘာလုပ်စရာ ရှိသေးသလဲ။ ပျင်းကုန်ကြပြီ။ တစ်နေ့ တစ်နေ့ ရေဒီယို၊ တယ်လီဖေးရှင်းရှေ့မှာ ထိုင်ပြီး ဒါနဲ့ပဲ အချိန်ဖြုန်းနေကြတာပဲ။ ရုပ်ရှင်သွားကြည့်ဖို့လည်း မလိုဘူး။ ရေဒီယိုကနေ ကြည့်တာပဲ။ ရှေးပြဇာတ်တွေ၊ ရုပ်သေးတွေလည်း ဒီအထဲမှာ ပြနေတာပဲ၊ ဘောလုံးပွဲ၊ ရေကူးပြိုင်ပွဲ၊ ကစားခုန်စားပွဲလည်း တစ်ချိန်တည်း မြင်ရတာပဲ။ အဝတ်အစား ဖက်ရှင်ဆိုလည်း ပြင်သစ်နဲ့ နယူးယောက်က ဒီနေ့ အဆန်းထွင်ရင် နက်ဖြန် ဒီ ဒီဇိုင်း တိုကျိုရောက်လာပြီး ချက်ချင်းချုပ်၊ ချက်ချင်း

mgyote.com

mgyoe.com SAMPLE BOOK

ရေဒီယိုထဲမှာ ရှိုးဖက်ရှင် ဝတ်ပြတော့တာပဲ။ အခု အင်္ဂလိပ်သီချင်း ဆိုပြနေကြတာလည်း အံ့စရာပဲ။ သီချင်းသာ အင်္ဂလိပ်သံနဲ့ ကျကျနနဆိုတတ်တာ၊ စကားကျတော့ အင်္ဂလိပ်စကား တစ်လုံးမှ တတ်ကြတာ မဟုတ်ဘူး''

ကျွန်မမှာ မစ္စတာအော့စုး ပြောပြနေစဉ် ရှေးစကားပုံ တစ်ခုကို တွေးမိကာ ဟက်ဟက်ပက်ပက် ရယ်မောမိလေ၏။ မစ္စတာအော့စုးက သူ့စကား အကြောင်းကို မေး၏။

''ရှေးစကားပုံ တစ်ခုကို ဖျက်ပစ်မှ ဖြစ်မယ်။ အစားမှာ တရုတ်၊ မယားမှာ ဂျပန် ဆိုတာ ရှင် ကြားဖူးမှာပေါ့။ ဂျပန်သူတွေနဲ့ အထူးသဖြင့် ကျွန်မတို့ ဗမာ ယောကျ်ား တွေ၊ အရှေ့တိုင်းသားတွေ လက်ထပ်ဖို့ မသင့်တော်တော့ဘူး။ အမေရိကန်က အမေရိကန် မတစ်ယောက်ကို လက်ထပ်ယူလာသလို ဘာမှ ခြားနားမှာ မဟုတ်ဘူး။ ဒီ စကားပုံ ဟောင်းကို ကျွန်မ ဖျက်ဖြစ်အောင် ဖျက်မယ်''

ကျွန်မတို့ ရယ်မောပြောဆိုနေကြစဉ် ဂျပန်ကောင်စီမှ မစ္စတာဆာဝေးနှင့် အမျိုးသမီးတစ်ဦး ရောက်လာကြသည်။ အလုပ်များနေ၍ နောက်ကျခြင်းကို တောင်းပန် သည်။ မစ္စတာအော့စုးမှာ ညနေ ရထားဆင်းလာမည် ပြောလျက် သေတ္တာများ ယူကာ အိမ်ပြန်သွားလေ၏။

နိုင်ငံလုံးဆိုင်ရာ ညီလာခံ ပြင်ဆင်ရေး ဆပ်ကော်မတီ အထူးအစည်းအဝေးကို အဇာဘူးရပ်ကွက်၊ ဂျပန်ကောင်စီ ရုံးခန်း၌ လုပ်ထားသော မက်ဆူမိုတို ဂေဟာ၌ ကျင်းပ လေ၏။ မက်ဆူမိုတို ဂေဟာမှာ ကလပ်နှင့် ခပ်ဆင်ဆင်တူသည်။ တစ်ထပ်တိုက်ပျက်ကြီး ဖြစ်လျက် လက်နှိပ်စက် ရိုက်နေသံများမှာ တံခါးဝမှပင် ဆူညံစွာ တဒက်ဒက် ကြားနေ ရလေ၏။

အစည်းအဝေးလုပ်မည့် ခန်းမဆောင်ထဲသို့ ကျွန်မ ဝင်သွားသောအခါ ဂျာမနီ ပြည်မှ ပြည်နှင်ဒဏ်ခံရသည့် ဂျူးလူမျိုး ခေါင်းဖြူနေသော နိုင်ငံခြား ကိုယ်စားလှယ် ဒေါက်တာအင်ဒါးက ဆီးကြိုကာ နေရာထိုင်ခင်း ပေးသည်။ အခန်းတစ်ခန်းထဲမှ ဂျပန် ပရော်ဖက်ဆာ အိုကာကူရာနှင့် ပရော်ဖက်ဆာ ဟီရာနိုတို့ ထွက်လာကြကာ လာနှုတ်ဆက် ကြသည်။ အခန်းထဲသို့ အလျှိုအလျှို ဝင်လာသော အခြားနိုင်ငံခြား ကိုယ်စားလှယ်များနှင့် ဂျပန် ပရော်ဖက်ဆာများက မိတ်ဆက်ပေးလေသည်။ တိုကျိုမြို့၌ ၁၅ ရက်နေ့တွင် ကျင်းပမည့် အထိမ်းအမှတ်ပွဲသို့ တက်ရန် ကျွန်မကဲ့သို့ ကြိုတင်ရောက်နေသော နိုင်ငံခြား ကိုယ်စားလှယ် ၁၀ ဦး ရှိသည်။ အစည်းအဝေး သဘာပတိ ဂျပန် ပရော်ဖက်ဆာ ရာစူအိ နှင့် အတွင်းရေးမှူး မစ္စတာမူတိုတို့ ရောက်လာကြသည်။ ကျွန်မနှင့် မိတ်ဆက်စကား ပြောပြီးနောက် မမလေး လာမည် သံကြိုးရ၍ ယောကျ်ားပဲ ထင်နေကြရာ နောက်မှ အမျိုးသမီးမှန်း သိရကြောင်း ရယ်မောပြောဆိုကြလေ၏။ ကျွန်မအရင် ရောက်နှင့်နေသော နိုင်ငံခြား ကိုယ်စားလှယ်များထဲ၌ အမျိုးသမီးဆို၍ ကျွန်မတစ်ဦးတည်းသာ ရောက်လာ သေးသည်။

mgyoe.com

mgyee.com SAMPLE BOOK


အစည်းအဝေး စလေ၏။

ရှည်လျားသော စားပွဲခုံကြီးတွင် ဂျပန်များက တစ်ဖက်၊ နိုင်ငံခြား ကိုယ်စားလှယ်များက တစ်ဖက် ထိုင်ကြသည်။

အသီးသီး နားထဲတွင် နားကြပ်ကလေးများ ထိုးသွင်းကာ နေရာယူ ထိုင်ကြ၏။ အစည်းအဝေးအစဉ်ဖြ ကျွန်မနှင့် တစ်နေ့တည်း ရောက်သော အနောက်ဂျာမနီပြည်မှ ဒေါက်တာမိုဂယ်လ်၊ ယူဂိုစလားဗီးယားနိုင်ငံမှ ဂရိစ် သံအမတ်ကြီး မစ္စတာပါဗီစီဗစ်နှင့် မြန်မာပြည်မှ ကျွန်မအား ညီလာခံ ပြင်ဆင်ရေး ဆပ်ကော်မတီအဖြစ် တင်မြှောက်ကြသည်။

ယခင် အစည်းအဝေး မှတ်တမ်းကို ဖတ်ကြား အတည်ပြုပြီးနောက် ဟော်လန်ပြည်မှ ကျောင်းဆရာ မစ္စတာဒီဗော့က ပြင်ဆင်ရေး ဆပ်ကော်မတီ အနေဖြင့် ပန်ကြားလွှာ နှစ်စောင် ထုတ်ဝေရန် အဆိုတင်သွင်းလေ၏။ ကမ္ဘာ့လူထုကြီးနှင့် ကမ္ဘာပေါ်ရှိ ဘုရားရှိခိုးကျောင်း အသီးသီးတို့အား ဩဂုတ်လ ၆ ရက်နေ့နှင့် ၉ ရက်နေ့များတွင် ဟီရိုရှီးမား၊ နာဂါဆာကီမြို့၌ အဏုမြူဗုံးဒဏ်သင့်ကာ သေကျေပျက်စီးကြသော ဒုက္ခသည်များအတွက် ဝမ်းနည်းကြေကွဲကြောင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ခန့် ငြိမ်သက်စွာ နေကြရန်နှင့် အထူးသဖြင့် ဘုရားရှိခိုးကျောင်းက ဆိုးရွားလှသော လူသတ်သမားများ၏ ရက်စက် ကြမ်းကြုတ်မှုကို အရေးတယူ ကာကွယ်တားဆီးရန် ပန်ကြားလွှာ အဆိုနှစ်ခု တင်ပြလေ၏။ အစည်းအဝေးက ခွင့်ပြုလိုက်လေသည်။

ထို့နောက် ဆက်လက်၍ ညီလာခံကြီးသို့ တက်ရောက်မည့် ကိုယ်စားလှယ်များနှင့် လေ့လာသူများအား မည်သို့သော အချက်အလက် စည်းကမ်းများနှင့် ပြည့်စုံရမည်ကို အကျယ်တဝင့် ရှည်လျားစွာ ဆွေးနွေးကြလေ၏။

ပြင်သစ်၊ အီတလီ၊ ပိုလန်၊ ဂျာမနီ ကိုယ်စားလှယ်များ ပြောသော ဘာသာစကားများကို အင်္ဂလိပ်ဘာသာတစ်ဆင့်၊ ဂျပန်လိုတစ်ဆင့် သုံးခါပြော ဘာသာပြန်ကြရ၍ အချိန်ကုန်လှသည်။

စည်းဝေးသဘာပတိ ပရော်ဖက်ဆာ ရာစူအီက ကျွန်မ သဘောထား လှမ်းမေး၍ လေ့လာသူများအတွက် ညီလာခံမှ အသိအမှတ်ပြုသည့် ကိုယ်စားလှယ်က ထောက်ခံလျှင် တာဝန်ယူလျှင် တက်ခွင့်ပြုရန် သင့်ကြောင်း ကျွန်မက တင်ပြသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များ မဲပေးပိုင်ခွင့်ရှိကာ လေ့လာသူများက အကြံဉာဏ် ပေးနိုင်ခွင့် ရရှိရန် အချိန်ကြာစွာ ဆက်လက် ဆွေးနွေးကြပြန်လေ၏။

အစည်းအဝေးဥက္ကဋ္ဌ ပရော်ဖက်ဆာ ရာစူးအီမှာ ပိန်ပိန်မြင့်မြင့်၊ ပညာရှိဆန်လျက် အပြောအဆို၊ အမူအရာ သိမ်မွေ့လေသည်။ သူ့မျက်နှာမှာ ဂျပန် ကလေးအရုပ်ကလေးနှင့်တူကာ အမြဲပြုံးရယ်လျက် မျက်နှာ အလွန်ချိုလေ၏။ အတွင်းရေးမှူး မစ္စတာ မိုတိုမှာ အလုပ်များသော ဟန်၊ ကပိုကသီနှင့် ပင်ပန်းနေပုံ ပေါ်နေ၏။

mgyee.com

အိန္ဒိယပြည်မှ ကိုယ်စားလှယ် မစ္စတာ ကလီကူလာက တစ်နိုင်ငံ တစ်မဲ ပေးနိုင်ခွင့် ပေးရန် ဟူသော အဆိုကို နောက်ဆုံး အတည်ပြု ဆုံးဖြတ်ကြလေ၏။

ကျွန်မမှာ တစ်ချိန်လုံး အစည်းအဝေးကို လေ့လာကာ ကိုယ်စားလှယ်တော်များအား အကဲခတ် ကြည့်နေမိသည်။ ဂျပန်ဘက်မှ အစစအရာရာ အဆင်ပြေအောင် ကြိုးစားမှုကို တွေ့ရသည်။ နိုင်ငံခြား ကိုယ်စားလှယ်များအနက် ဂျူးလူမျိုး ဒေါက်တာ အင်းဒါးနှင့် ဟော်လန်ပြည်မှ ကျောင်းဆရာ မစ္စတာဒီဗော့တို့ တစ်ဖက်နှင့် တစ်ဖက် ခပ်တင်းတင်း ပြောကြ ဆိုကြပုံကို သတိထားမိလေသည်။

အစည်းအဝေးအပြီး ဂျပန်ကောင်စီ အထွေထွေအတွင်းရေးမှူးချုပ်က မြန်မာပြည်အတွက် ကျွန်မအား ကိုယ်စားလှယ် ခေါင်းဆောင် အသိအမှတ်ပြုရမည်လား မေး၍ ကျွန်မ ကိုယ်စားလှယ်ခေါင်းဆောင် မဟုတ်ကြောင်း၊ နိုင်ငံပေါင်းစုံ ညီလာခံကြီးအမီ မြန်မာပြည်မှ နောက်ထပ်ကိုယ်စားလှယ်တော်များ ရောက်ရှိဦးမည်ဖြစ်ရာ ထိုအချိန်ကျမှ အဖွဲ့ခေါင်းဆောင်ကို ကျွန်မ ပြောမည် ဖြစ်ကြောင်း ပြောပြရသည်။ နောက်ထပ် လာမည့် ကိုယ်စားလှယ်တော်များ စာရင်းမေး၍ နုတင်ပါတီမှ တစ်ယောက်၊ ဆွေငြိမ်းပါတီမှ တစ်ယောက်၊ ပမညတ တစ်ယောက်၊ သတင်းစာမှ တစ်ယောက်၊ ကျောင်းသားတစ်ယောက် ထပ်ရောက်ပါလိမ့်မည်ဟု စာရင်းပေးလိုက်သည်။

အထွေထွေအတွင်းရေးမှူးမှာ ညီလာခံအတွက် ငွေရေး ကြေးရေး ကျပ်တည်းမှုကို ညည်းတွားနေလေသည်။ စည်းဝေးပြီး၍ ဘူတာရုံသို့ တန်းဆင်းမည် ထင်မှတ်ရာ မဟုတ်ပြန်သေးဘဲ ဟိုတယ် ပြန်စောင့်နေပါဦး၊ လာခေါ်မည်ဆို၍ သားရေအိတ်ကလေး ဆွဲကာ ဟိုတယ်သို့ ကားငှား ပြန်ခဲ့ရပြန်လေ၏။ ကျွန်မအခန်းမှာ ဟိုတယ်သို့ ပြန်အပ်ပြီး ဖြစ်၍ ဧည့်ခန်းထဲ၌ သူတို့ လာမခေါ်မချင်း ထိုင်စောင့်နေရလေ၏။

ညနေ ခြောက်နာရီ ဂျပန်ကောင်စီမှ ဘူတာရုံဆင်းရန် လာခေါ်လေသည်။ လမ်းတွင် ညီလာခံစရိတ် ငွေကြေးကျပ်တည်းမှုကြောင့် ရထားသော ကောင်စီမှ ခံနိုင်ပြီး တတ်နိုင်သော သူများ ကိုယ့်စရိတ်နှင့် ကိုယ် စားသောက်၊ နေထိုင် သွားလာရန် ညွှန်ကြား ပြောဆိုသွားလေသည်။ ဘူတာရုံသို့ ရောက်လျှင် ဟီရိုရှီးမား သွားကြမည့် ကိုယ်စားလှယ် အဖွဲ့ဝင် လူအုပ်စုကို တွေ့ကြလေ၏။ မိန်းမဆို၍ ကျွန်မတစ်ယောက်သာ ပါ၏။ အရှေ့ဂျာမနီပြည်မှ ကိုယ်စားလှယ်၊ အနောက် ဂျာမနီပြည်မှ ကိုယ်စားလှယ်၊ ပြင်သစ်မှ ကိုယ်စားလှယ်၊ ဟော်လန်ပြည်မှ ကိုယ်စားလှယ်၊ ကနေဒါမှ ကိုယ်စားလှယ်၊ ဩစတြေးလျမှ ကိုယ်စားလှယ်၊ မြန်မာပြည်မှ ကျွန်မ၊ ဂျပန် စကားပြန်များနှင့် ဂျပန် တာဝန်ခံတစ်ဦး၊ ပေါင်း ၁၁ ဦး ဖြစ်လေသည်။ ကျွန်မမှာ နိုင်ငံခြားသားပေါင်းစုံ အမျိုးသားများနှင့်အတူ ပေါင်း၍ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားရမည့်အတွက်ကြောင့် စိတ်အိုက်နေသည်။ ကျွန်မတို့အဖွဲ့မှာ ဟီရိုရှီးမားသို့ ရှေးဦးစွာ ထွက်သွားသော အသုတ် ဖြစ်သည်။ တိုကျိုသို့ နောက်ထပ် ရောက်လာကြမည့် နိုင်ငံခြား ကိုယ်စားလှယ်တွေကို တစ်သုတ်ပြီးတစ်သုတ် မီအောင် ထပ်လွှတ်လိမ့်မည်ဟု သိရသည်။

mgyoe.com

mgyoe.com

အိပ်စင်ကလေး ပေးသော တတိယတန်း တွဲပေါ်သို့ တိုးဝှေ့တက်ကြရသည်။ ကျွန်မမှာ လူတွေကြားထဲ ညပ်ပါသွားကာ လူစော်နံလွန်း၍ ချက်ချင်းပင် အန်ချင်လာသည်။ ညရထားဖြစ်သဖြင့် ထိုင်စရာနေရာကို အိပ်စင်သဖွယ် ဖြန့်ထားရာ ထိုင်ဖို့နေရာမရှိချေ။ အိပ်စင်မှာ တစ်ပေါက် လေးဆင့် လေးယောက်စာ လုပ်ထားသည်။ အပေါ်ဆင့်မှ အိပ်စင်နှင့် အောက်က စင်မှာ ခေါင်းနှင့် မလွတ်သဖြင့် မထိုင်နိုင်ချေ။

ကျွန်မ အိပ်စင်ကို ဂျာမနီမှ အဘိုးကြီးများနှင့် တွဲထားလေသည်။ ဘူတာသို့ ဆင်းလာသော မစ္စတာအော့ဇူးက ကျွန်မနေရာကို ကြည့်လျက် စိတ်ပျက်သွားလေသည်။ ဒုတိယတန်း စီးသွားရန် တတွတ်တွတ် တိုက်တွန်းနေ၏။ ကိုယ်စားလှယ် တစ်ဖွဲ့လုံး ဒုက္ခခံသွားကြသလို ကျွန်မ သွားမည်ဟု ပြောလိုက်ရသည်။ ထိုင်စရာ နေရာမရှိ၍ မတ်တတ်ရပ်နေရစဉ် ရထားပေါ်၌ တိုးဝှေ့သွားနေကြသော လူအုပ်ကြီးနှင့် မရှောင်သာအောင်ဖြစ်ကာ ရပ်နေရသည်ကပင် တစ်ယောက်နှင့်တစ်ယောက် ပူးကပ် ဖိညပ်နေလေ၏။ အသက်ရှူရ ကျပ်လှသည်အထိ လူနံ့၊ ချွေးနံ့များ မွှန်နေကာ စိတ်ဆင်းရဲလှသည်။ ရထားထွက်ပါစေတော့ဟု ဆုတောင်းနေရသည်။

၁၉၅၀ ခုနှစ် ဂျပန်ပြည် လာစဉ်က မြို့အနှံ့အပြား မီးရထားနှင့် လျှောက်လည်ရာတွင် အမြဲတမ်း ပထမတန်းတွဲသာ စီးခဲ့သည်။ တတိယတန်းတွဲများကို ဘယ်လိုနေမှန်းပင် မသိ၍ ယခုတစ်ခေါက်မှ လူထုနှင့် နီးစပ်သည်ဟု တွေးရတော့သည်။

ရထားထွက်လျှင် မစ္စတာကိုမတ်စု (စကားပြန်)က စာအိတ်ထဲတွင် ဂျပန်ငွေစက္ကူများ ထည့်ကာ ကျွန်မတို့ အိပ်စင်နားသို့ လျှောက်လာသည်။

“ဂျပန်ကောင်စီက အားလုံးကို ဒုတိယတန်းနဲ့ မပို့နိုင်တာ အများကြီး ဝမ်းနည်းပါတယ်။ လမ်းမှာ စားဖို့ သုံးဖို့၊ တည်းခိုဖို့အတွက် မတတ်နိုင်သူများကို ငွေထုတ်ပေးပါတယ်။ တတ်နိုင်သူများ ကိုယ့်စရိတ်နဲ့ ကိုယ် သုံးဖို့၊ စားဖို့ တောင်းပန်ပါတယ်”

မျက်နှာပျက်ပျက်ဖြင့် ဝမ်းနည်းစကား တောင်းပန်ပြောကာ ငွေစက္ကူအိတ်ကို လှမ်းဝေပေးသည်။ ဂျူးလူမျိုး ဒေါက်တာအင်ဒါး အဘိုးကြီးသာ လှမ်းယူလျက် အိတ်ထဲထည့်လိုက်သည်။ ကျွန်မလည်း လက်ထဲ ရောက်လာသော ငွေစက္ကူအိတ်ကို အများကဲ့သို့ မယူဘဲ ကျွန်မစရိတ်နှင့် သုံးပါမည်ဟု ပြောရကာ မစ္စတာကိုမတ်စုကို ပြန်ပေးလိုက်သည်။

ရထားထွက်မှ လူသွားလမ်းတွင် လူနည်းနည်း ရှင်းသွားကာ အသက်ရှူချောင်လေသည်။ ကျွန်မမှာ အိပ်စင်ကို လှမ်းကြည့်ကာ စိတ်ပျက်နေ၏။ တစ်ညလုံး မတ်တတ်ရပ်ရလျှင် အခက်ဟုလည်း ရင်လေးနေတော့၏။ ညစာစားရန် စားသောက်ခန်းသို့ ကူးလျှောက်သွားကြသည်။ အခန်းဝ၌ အထဲမဝင်နိုင်ဘဲ လူတွေနှင့် ပိတ်ညပ်နေလေ၏။ ကြော်လှော်နေသော အညှော်နံ့များ လှိုင်နေလျက် ပြန်လှည့်၍လည်း မရ၊ ရှေ့တိုး၍လည်း မရနှင့် ဒုက္ခရောက်လှသည်။ စားခန်းထဲတွင် စားပွဲအားလုံး လူပြည့်နေသည်။ စွေးခန်း

mgyoe.com

mgyoe.com SAMPLE BOOK

လူပြည့်လျှင် အပြင်မှ စောင့်ရသော အခန်းထဲ၌ ငါးပိ ငါးချဉ် သိပ်နေသော လူအုပ်မှာ ချွေးကျနေကြသည်။ အတန်ကြာမှ စားပွဲတစ်ခု နေရာရကာ သွားထိုင်စားကြရသည်။

စားခန်းမှ အပြန် လူသွားလမ်းတွင် မတ်တတ်ရပ်နေစဉ် ဒေါက်တာ အင်ဒါး အနားရောက်လာသည်။ ကျွန်မအိပ်စင်မှာ သူ့အိပ်စင်နှင့် ယှဉ်နေလေ၏။ စင်ပေါ်၌ လှဲလျှင် အဝတ်ကန့်လန့်ကာလေးကို ပတ်ပတ်လည် အလုံပိတ်ကာ ထားရသည်။

''အိပ်စင် လူသေခေါင်းနဲ့ သိပ်တူတာပဲ၊ ဒါပေမဲ့ မိန်းကလေး ခဏဖြစ်ဖြစ် ဝင်သေလိုက်ရင် ကောင်းမယ်''ဟု အဘိုးကြီးက နောက်ပြောင် ပြောနေ၏။

ပြင်သစ်ပြည်မှ ကိုယ်စားလှယ် အဘိုးကြီးမှာ လူကောင်ကြီးထွားလျက် အရပ်ကြီးကလည်း မော့ကြည့်ရသည့်အတွက် သူ့ကိုယ်နှင့် အိပ်စင်လေးနှင့် မဆံ့၍ စကားပြန်တစ်ယောက်က ဒုတိယတွဲသို့ ပို့လိုက်သည်။ အနောက်ဂျာမနီမှ ဒေါက်တာဗိုဂယ်လ်မှာ အသက် ၅၀ ခန့် ရှိမည်။ အလွန်ဝလျက် ထွားကျိုင်းသည်။ သူ့ထိပ်မှာ ဆီသုတ်ထားသလို ပြောင်လက်နေသည်။ ကုပ်တွင် နောက်စေ့မှ ပေါက်နေသော ဆံပင်များ ဝဲကျနေလေသည်။ နိုင်လွန် ရှပ်အင်္ကျီတစ်ထည်လုံး စိုရွှဲနေကာ ချွေးနံ့မှာ စူးဝါးလှ၏။ အင်္ဂလိပ်စကား မတတ်ချေ။ ကျွန်မနှင့် စကားလာပြော၍ ဒေါက်တာအင်ဒါးက ဘာသာပြန်ပေး၏။

ပါးစပ်ကို မစေ့ဘဲ မပြတ်တမ်း စကားပြောနေသူမှာ ဒေါက်တာအင်ဒါး ဖြစ်သည်။ အဘိုးကြီးသံ လေသံမျှဉ်းမျှဉ်းနှင့် စကားပြောနေသော သူ့နှုတ်ခမ်းမှာ မညက်ညက်အောင် တမြုံ့မြုံ့ဝါးနေသော ပါးစပ်နှင့် တူသည်။

ရထားလမ်းတစ်ဖက်ရှိ ဖြတ်သွားသော မြို့များ၏ မြို့ကွက် မြို့ခင်းများကို ရုတ်တရက် မမြင်နိုင်၊ တောင်ကုန်းတစ်ခုပေါ်တွင် သစ်ပင်များ ထူထပ်စွာ ဖုံးအုပ်နေသည့် အလား မြို့ကွက်တစ်ခုလုံး အရမ်းကာရော ပစ်ထွန်းထားသော မီးချောင်း၊ မီးသီး၊ အစိမ်း၊ အနီ၊ အဝါ၊ အပြာတွေ လင်းထိန် ဖုံးလွှမ်းနေသော မီးရောင်ထဲ၌ အဆောက်အအုံ ပုံပန်းသဏ္ဌာန် အကွက်အခင်းကို ရှာကြည့်ရသည်။ မြို့တစ်မြို့ ဖြတ်ကျော်လျှင် မျက်စိကို ကျိန်းသွားလေ၏။

ည ၁၂ နာရီအထိ လူသွားလမ်း၌ မတ်တတ်ရပ်ကာ ဒေါက်တာအင်ဒါး၏ လေဆက်မပြတ်နိုင်သော စကားကို အောင့်အည်း နားထောင်နေရလေ၏။ မတ်တတ်ရပ်နေသော ခြေထောက်မှာ ကိုက်ခဲလာလေသည်။ ကိုဘီမြို့က ရထားထွက်မှ လူသေခေါင်းထဲသို့ ဝင်လှဲကြသည်။ ကျွန်မတစ်ဖက်၌ ဒေါက်တာအင်ဒါးသည် အိပ်စင်က ကန့်လန့်ကာအပြည့် အလုံမပိတ်ဘဲ အသက်ရှူပေါက် ဖွင့်ထားသည်။ အိပ်စင်ထဲသို့ ငုံ့ကုန်း ဝင်ရလျက် ပတ်ပတ်လည် အဝတ်ကန့်လန့်ကာလေး အလုံစေ့ကာ အတွင်း၌ ခြေဆန့်ပြီး တစ်ညလုံး မျက်လုံးကျယ်နေလေ၏။

mgyoe.com

mgyee.com

နံနက်မိုးမလင်းမီ ထကြကာ အိပ်စင်ကို ခေါက်ထိုင်ကြသည်။ ဩစတြေးလျ ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး ကိုယ်စားလှယ်က နံနက်စာစားရန် လာခေါ်လေသည်။ စားခန်းထဲတွင် ဩစတြေးလျ ကိုယ်စားလှယ်၊ ကနေဒါ ကိုယ်စားလှယ်၊ ငါးဖမ်းအလုပ်သမား သမဂ္ဂမှ ထုတ်ဝေသော မဂ္ဂဇင်း အယ်ဒီတာ၊ ဟော်လန်ပြည်မှ ကျောင်းဆရာမစ္စတာသီဖော့နှင့် ကျွန်မတို့ စားပွဲတစ်ဝိုင်း စားကြသည်။

"အင်မတန် စကားကြောရှည်တဲ့ ဒေါက်တာအင်ဒါး အနားမှာ ခင်ဗျား ရောက်နေတာ ဒုက္ခပဲ။ ကျုပ်တို့တော့ သူနဲ့ဝေးအောင် ရှောင်နေရတယ်။ ခရီးလမ်းမှာ နားအေးပါးအေး သွားချင်ရင် သူနဲ့ဝေးအောင် ရှောင်ပါ"

ကျွန်မမှာ ခရီးအတူလာကြသော လူတွေ၏ စိတ်သဘောကို တတ်နိုင်သလောက် အကဲခတ်နေမိလေ၏။

ဟီရိုရှီးမားမြို့သို့ နံနက် ခုနစ်နာရီခွဲတွင် ရထားဆိုက်သည်။

ရထားပေါ်မှ တိုက်တာ အဆောက်အအုံသစ်များ ပြည့်ညပ်လျက် စည်ကားနေသော မြို့ကြီးကို လှမ်းကြည့်လိုက်သည်။ အဏုမြူဗုံး ကျခဲ့သော အရိပ်အငွေ့ မတွေ့ရတော့ဘဲ မြို့သစ်ကြီးတစ်မြို့ ပြန်လည်ထူထောင်ပြီးလေပြီ။

အလံကြီး ကိုင်လွှင့်ထားသော လူနှစ်ယောက် ဘူတာရုံ၌ ဆင်းကြိုနေသည်။

"လူအုပ်ကြီးများ တွေ့ရမလား မှတ်တယ်၊ တယ်ခြောက်သွေ့ပါလား"

ဟု ပြင်သစ် ကိုယ်စားလှယ်က ပြောလေသည်။

ကားပေါ်သို့ တက်ကြကာ ဟီရိုရှီးမား ဟိုတယ်သို့ တန်းသွားကြသည်။ ဟီရိုရှီးမားမြို့တွင်း၌ မြစ် ခုနစ်မြစ် ဖြတ်ထားသည်။ မြစ်ကူးတံတားတွေပေါ်က ကားဖြတ်သွားတိုင်း စကားပြန်က "ဒီ တံတားတွေကို ငြိမ်းချမ်းရေး တံတား" လို့ ခေါ်တယ်ဟု ပြောပြသွားသည်။

"အဏုမြူဗုံး ကျပေါက်ကွဲပြီး မြို့ကြီး ပျက်သွားပြီးတဲ့နောက် အမေရိကန် စစ်တပ်က ဒီမြို့ကို ဘေးမဲ့ပေးလိုက်ပြီး ငြိမ်းချမ်းရေး မြို့တော်လို့ ခေါ်ကြတယ်။ စစ်တပ်က စစ်သား မြို့မှာ မထားဘူး၊ မရှိဘူး"

ကျွန်မမှာ တစ်မြို့လုံး ဈေးဆိုင်များ ပြည့်နှက်နေသော မြို့သစ်ကြီးကို စူးစိုက်လျက် ကြည့်လာရင်း "အဏုမြူဗုံးကျတဲ့ အထိမ်းအမှတ် တစ်ခုခု ပြမထားဘူးလား" ဟု လှမ်းမေးလိုက်သည်။

"မကြာဘူး ခင်ဗျား မြင်ရလိမ့်မယ်၊ အဏုမြူဗုံး တိုက်ရိုက်ကျတဲ့ အဆောက်အအုံကြီး ရှိတယ်။ ဒီအတိုင်းပဲ ပြထားတယ်"

မကြာမြင့်မီ တစ်ခြမ်းပဲ့နေသော မြင့်မားသည့် အုတ်တိုက်ပျက်ကြီး တစ်ခုကို တွေ့ရ၏။ ယခင်က ဤအဆောက်အအုံကြီးမှာ ဂျာမနီ စက်မှုလက်မှု ပြတိုက်ကြီး ဖြစ်ခဲ့သည်။ ဤအဆောက်အအုံကြီးပေါ်သို့ အဏုမြူဗုံး တိုက်ရိုက်ကျသော်လည်း

mgyee.com

mgyoe.com SAMPLE BOOK

အဆောက်အအုံကြီး တစ်ခြမ်းသာ ပျောက်သွားလျက် တစ်ခြမ်း ကျန်ရစ်ခဲ့ပြီးလျှင် ယင်း အဆောက်အအုံ၏ ပတ်ဝန်းကျင် တစ်ခုလုံးမှာမူ ပြာအတိဖြစ်အောင် လောင်ကျွမ်းပျက်စီး ကြေမွှန့်သွားလေ၏။

ကွက်လပ်ကြီး တစ်ခုအနီးတွင် ခြေတံတို တစ်ထပ်တိုက်ပြန့်ကြီးနှင့် ကပ်လျက် ရှိသော ဟီရိုရှီးမား ဟိုတယ်သို့ ရောက်ကြသည်။ ဟိုတယ်မှာ နှစ်ထပ် ဖြစ်သည်။ အလျားရှည်ရှည် ပြန့်ပြူးလျက် အုတ်ထပ် ပါးပါးလွှာလွှာနှင့် ခေတ်ဆန်ဆန် ဆောက်ထား သည်။

အားလုံး အခန်းရကြသည်။ ကျွန်မ နေရမည့် တစ်ယောက်ခန်းမှာ မအားလပ် သေးသဖြင့် နေ့ တစ်ချက်အထိ စောင့်ရမည်ဟု လာပြောသည်။ ကျွန်မမှာ တစ်ညလုံး မအိပ်သဖြင့် မူးနေကာ ဧည့်ခန်း ဆိုဖာပေါ်တွင် မှီထိုင်နေစဉ် ဟော်လန်က ကိုယ်စားလှယ် က ထမင်းစားရန် လာခေါ်သည်။

"ဒီနေ့ အစီအစဉ် ခင်ဗျား သိပါလား၊ အခုထမင်းစားပြီးရင် ရေလယ်ကျွန်း သွားမယ်၊ ကျွန်းကအပြန် အဏုမြူဗုံးသင့်တဲ့ လူနာတွေ ထားတဲ့ ဆေးရုံ သွားကြည့်ရမယ်။ ဆေးရုံကအပြန် အဏုမြူ ပြတိုက်သွားရမယ်။ ပြတိုက်က အပြန် ညမှာ ဒီဟိုတယ်မှာပဲ အဏုမြူ ဒုက္ခသည်တွေနဲ့တွေ့ဖို့ အစီအစဉ် လုပ်ထားတယ်"

ရေလယ်ကျွန်းသို့ မလိုက်ဘဲ အခန်းရလျှင် နားနေရမည်ဟု စိတ်ကူးသေးသည်။ သို့ရာတွင် ထမင်းစားပြီးသည်အထိ အခန်းမရသေးသဖြင့် ရေလယ်ကျွန်း သွားမည့် ကားပေါ်သို့ တက်ထိုင်လိုက်လေ၏။

စိမ်းပြာသော ပင်လယ်ကမ်းနဖူးမှ ဖြတ်သွားရသော ကားလမ်းမှာ သာယာ လှသည်။ ငါးဖမ်းနေကြသော တံငါလှေများ ဆိုက်ထားသည့် လှေဆိပ်များကို ဖြတ်ကျော် သွားတိုင်း ညှီဟောင်သွားသည်။ လမ်းတွင် တိုက်တာ အိမ်သစ်များ ကြားထဲမှ အမိုးကော့ ရှေးဂျပန် အိမ်ဟောင်းများ ပြောက်တိပြောက်ကျား မြင်သွားရ၏။

ပင်လယ်ကမ်းနဖူး၌ ကားဆိုက်ကာ မော်တော်ဘုတ်စီးလျက် ရေလယ်ကျွန်းသို့ သွားကြရသည်။ ကျွန်းသို့ တက်သောအခါ မျှော်မဆုံးနိုင်သော လမ်းဘေးနှစ်ဖက် ဈေးတန်းကြီးကို တွေ့ရသည်။ ဈေးလမ်းတစ်လျှောက်လုံး လမ်းနှစ်ဖက်ခွလျက် နေပြောက် မထိုးအောင် ပိတ်ဖြူများဖြင့် မျက်နှာကြက်သဖွယ် မိုးကာထားလေ၏။ ဈေးတန်းဆုံးလျှင် ဇရပ်နီကြီး တွေ့ရသည်။ ကျောင်းဆောင်ထဲတွင် ရွှေရောင်အတိ ဖုံးနေသော ဝေါကြီး တစ်ခု ချထားသည်။

ပင်လယ်လေညင်း သုန်သုန်နှင့်ရှိသော ဇရပ်မှာ ရေစပ်သို့ ထိုးထွက်နေပေ၏။ ခပ်လှမ်းလှမ်း ရေလယ်၌ တိုင်နီကြီးနှစ်လုံး စိုက်လျက် အမိုးကော့ကြီး တင်ထားကာ မုခ်ပေါက်သဏ္ဌာန် ပြုလုပ်ထားသည်။ ဤကျောင်းနီကြီးမှာ မေရာဂျီမာပတ်မှ အင်ဆုကူရှီးမား ဘုရားရှိခိုးကျောင်းကြီး ဖြစ်သည်။ ကျောင်းဆောင်နီ၏ အဆောင်ဆောင် အခန်းခန်းတွင် ဂျပန် ရှေးဟောင်း လက်ရာများ မွှမ်းမံခြယ်လှယ်ထားလေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK

ရေလယ်ကျွန်းမှအပြန် ဟီရိုရှီးမား မြို့တော်ဝန် ရုံးခန်း၌ မြို့တော်ဝန်နှင့် မိတ်ဆက်တွေ့ဆုံကြပြီး အဏုမြူဗုံးသင့်သော လူနာများ တစ်ဝက်၊ ရိုးရိုးလူနာ တစ်ဝက် ထားသော ဆေးရုံသို့ သွားကြသည်။ အမေရိကန် အကူအညီဖြင့် ဆောက်လုပ်ထားသော ကြက်ခြေနီ ဆေးရုံကြီး ဖြစ်သည်။

ဆေးရုံ၌ ဒုတိယဆေးရုံအုပ် မစ္စတာဖူဂျီမိုတိုနှင့် အောက်ထပ် ဧည့်ခန်းဆောင်တွင် အရင်တွေ့ရသည်။ သတင်းစာတိုက်များမှ သတင်းထောက်များ၊ ဓာတ်ပုံဆရာများ စုရုံးရောက်ရှိနေကြသည်။ "၁၉၅၆ ခု၊ စက်တင်ဘာလတွင် ဒီဆေးရုံ ဖွင့်ပါတယ်" ဟု ဆေးရုံရာဇဝင်နှင့် အဏုမြူဗုံးကျ၍ အဏုမြူ ရေဒီယိုဓာတ်ပြာ ဓာတ်ငွေ့သင့်သော လူနာများအကြောင်းကို ဆရာဝန်က အသေးစိတ်ရှင်းပြောပြသွားသည်။ ဓာတ်ငွေ့ ဓာတ်ပြာ အဆိပ်သင့်သော အပြင်လူနာ တစ်သောင်းလေးထောင်ရှစ်ရာ၊ အတွင်းလူနာ ၅၄၅ ယောက်ကို ဆေးရုံဖွင့်ပြီးမှ ကုသပေးရကြောင်း ပြောသည်။ ၅၄၅ ယောက်အနက်မှ ကိုယ်တွင်းရောဂါ၊ အမိနီယာ၊ နှလုံးရောဂါ၊ သွေးယုတ်လျော့သော ရောဂါ၊ ဦးနှောက်ရောဂါ လူနာ ၄၀၀ ရှိပြီး အရေးပေါ်လူနာ ၁၄၅ ယောက် ဖြစ်သည်။

"ဒီနှစ်မှာ အပြင်လူနာ ၇၄ ယောက်၊ အတွင်းလူနာ ၈၀ ရှိပါတယ်။ အဏုမြူဓာတ်ငွေ့ တစိမ့်စိမ့်သင့်ပြီး သွေးမသန့်တဲ့ ရောဂါသည်တွေ သိပ်များလာပါတယ်။ ဒီလိုရောဂါဆိုးတွေဟာ အဏုမြူဗုံးကျပြီး ၁၀ နှစ်လောက်မှာ တစ်စစ ပေါ်လာတဲ့ ရောဂါဆိုးတွေ ဖြစ်ပါတယ်။ ဟီရိုရှီးမား အဏုမြူရောဂါဆိုင်ရာ ဆေးသုတေသန အဖွဲ့ချုပ်က လေ့လာစမ်းသပ်ကြပါတယ်။ ရေဒီယို ဓာတ်ပြာ ဓာတ်ငွေ့ဟာ အမျိုးစဉ်ဆက် ကူးစက်တတ်တာ တွေ့ရပါတယ်။ ဒီဓာတ်ပြာတွေရဲ့ သက်တမ်းဟာ အနှစ် ၃၀ အထိ တန်ခိုး သတ္တိရှိတုန်းပါပဲ။ အမျိုးစဉ်ဆက် ကလေးများပါ မကူးစက်စေရလေအောင် အမေရိကန် ဆေးသုတေသန အဖွဲ့ကပါ ကုသပေးနေပါတယ်"

ကိုယ်စားလှယ်အဖွဲ့ထဲမှ ဆရာဝန်ကို တစ်ယောက်တစ်ခွန်း မေးခွန်းများ ဝိုင်းမေးကြသည်။ "အဏုမြူဗုံးကျပြီး ၁၀ နှစ်ကြာမှ ပေါ်လာတဲ့ ဝေဒနာဆိုးတွေကို ကုသ၍ မရဘဲ သေဆုံးတဲ့ လူနာများ ဘယ်လောက် ရှိသလဲ"ဟု ပြင်သစ် ကိုယ်စားလှယ်က မေးလေ၏။

"ဒီနှစ် ဇန်နဝါရီလနဲ့ ဩဂုတ်လအတွင်းမှာပဲ ဓာတ်ပြာသင့်ပြီး ကုမရဘဲ သေဆုံးတဲ့ လူနာများ ဘယ်လောက်ရှိသလဲ"ဟု ပြင်သစ် ကိုယ်စားလှယ်က မေးလေ၏။

"ဒီနှစ် ဇန်နဝါရီလနဲ့ ဩဂုတ်လအတွင်းမှာပဲ ဓာတ်ပြာသင့်ပြီး ကုမရဘဲ ၁၅ ယောက် သေဆုံးသွားပါတယ်"

ဟု ဆရာဝန်က ဖြေလေ၏။

ဒေါက်တာအင်ဒါးသည် ကျွန်မကို လက်တို့လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မိန်းကလေး အဏုမြူဖုံးကျတာ ကျုပ်တို့ဖြင့် မေ့သလောက် ရှိပြီ၊ ဖုံးကျတုန်းက တောင်ပုံရာပုံထပ်ပြီး သေလို့ မပြီးကြဘဲ မသေလို့ ကျန်ခဲ့တဲ့ လူတွေက တစ်ဆင့် မျိုးစဉ် ဆွေဆက် ကူးစက်ပြီး နှစ်စဉ်နှစ်တိုင်း အမျိုးပြုတ်အောင် တတိတိ အဆစ်လိုက် သေနေကြတာ၊ ကျုပ်တို့ဖြင့် ကြက်သီးထလိုက်တာ"

ဟု ပြောပြောဆိုဆို သူ့ ပခုံးနှစ်ဖက်ကို သွက်သွက်ခါ လှုပ်လိုက်ကာ မျက်နှာ ရှုံ့လျက် မျက်လုံးများ မှိတ်ထားလေ၏။

ဖဲကြိုးပန်းပွင့်ကြီးများ ချည်ကာ လတ်ဆတ်သော ပန်းသီးခြင်းများ ဆွဲကိုင်လျက် သူနာပြုဆရာမလေးများ အခန်းထဲသို့ ဝင်လာကြသည်။

ကိုယ်စားလှယ်အဖွဲ့က လူနာများကို သစ်သီးလက်ဆောင်ပေးရန် စီစဉ်ကြရာ ကိုယ်စားလှယ်အဖွဲ့၏ ကိုယ်စား မြန်မာပြည်မှ ကျွန်မက ပေးဝေရန် ကျွန်မကို ရွေးချယ်လိုက်ကြလေ၏။

ကျွန်မတို့လူစု ဧည့်ခန်းထဲမှ ထွက်ကြကာ ဆရာဝန်၊ ဆရာမများ ခေါ်ဆောင်သွားရာ လူနာများရှိသည့် အပေါ်ထပ်သို့ တက်ကြလေ၏။ ဆေးရုံမှာ လူနာများ ပြည့်ကျပ်နေလျက် အခန်းပြင်ဘက်တွင် ခုတင်ပိုများ ပိုဆောင်း ပေးထားရသည်ကို တွေ့ရသည်။

ကျွန်မတို့ ဝင်သွားသော အခန်းမှာ အဏုမြူရေဒီယို ဓာတ်ပြာသင့်သော အမျိုးသမီး ဝေဒနာသည်များ အခန်းဖြစ်သည်။ တိုးနရားရုပ် ပန်းစက္ကူရောင်စုံများ အမိုးတွင် လှပစွာ သွယ်တန်းထားကာ နိုင်ငံခြားမှ ကိုယ်စားလှယ်တွေကို ကြိုဆိုသည့် အထိမ်းအမှတ်သဘော အခမ်းအနား ပြင်ဆင်ထားသည်။

ကျွန်မမှာ ပန်းသီးခြင်းများ ဆွဲလျက် ရှေ့က ဝင်ရ၏။ ခုတင်ပေါ်တွင် လှဲနေကြသော အမျိုးသမီး လူနာများမှာ ထထိုင်ကြသည်။ ဒူးပေါ်တွင် လက်ကလေးတွေ တင်ကာ ခေါင်းငုံ့ပြီး နှုတ်ဆက်ကြလေ၏။ အခန်းထဲတွင် လူနာ လေးယောက် ထားရှိရာ ကိုယ်စားလှယ် အဖွဲ့၊ ဆရာဝန်၊ ဆရာမ၊ ဓာတ်ပုံဆရာ၊ သတင်းထောက်များနှင့် ပြည့်ကျပ်သွားလေ၏။

မစ္စရှိရှိ မူရာဆက်ဆူကို ခေါ် အသက် ၂၅ နှစ်ရှိ အမျိုးသမီးလူနာ ခုတင်ဘေးတွင် ကျွန်မ ရပ်လိုက်၏။ ဆရာဝန်က အမျိုးသမီး၏ ဝေဒနာကို ရှင်းပြပြောနေစဉ် လူနာ၏ မျက်လုံး၌ မျက်ရည်များ ဝဲလာလေ၏။ ဖုံးကျပြီး ၁၀ နှစ်နောက်ပိုင်းမှ ရေဒီယိုဓာတ်ပြာကြောင့် သွေးယုတ်လျော့ခန်းလာသော ရောဂါဖြင့် ဆေးရုံတက် ကုသနေရ၏။

"ခုလို ကျွန်မတို့ အဏုမြူလူနာ ဒုက္ခသည်တွေကို လာကြည့်ကြတာ ဒီဆေးရုံမှာ ရှိတဲ့ လူနာတွေရဲ့ ကိုယ်စား အထူးပဲ ကျွန်မ ကျေးဇူးတင်ပါတယ်။ ကျွန်မရဲ့ တစ်ဆွေတစ်မျိုးလုံးဟာ ဖုံးကျပြီး သေဆုံးကုန်ကြပါပြီ။ ကျွန်မမှာ ကံအားလျော်စွာ အသက်မသေဘဲ ကျန်ခဲ့ပြီး အသက်ချမ်းသာခဲ့ပြီး အခုမှ ဒီဝေဒနာဆိုး လာပြီး ပေါ်လာတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီဝေဒနာဆိုးဟာ ကျွန်မ အသက်ကို ရှင်ခွင့်ပေးမှ ပေးပါ့မလား မသိပါဘူး။ စစ်ကြီး ပြီးသွားပေမယ့် အဏုမြူဗုံးငွေ့ ဓာတ်ပြာသင့်ပြီး ယခုအချိန်အထိ ဝေဒနာ ခံစားရတုန်း ခံစားနေရဆဲ ရှိကြသေးတဲ့ အဏုမြူစစ်ဘေး ဒုက္ခသည်တွေရဲ့ ကိုယ်စား ရှင်တို့ ကိုယ်စားလှယ်အဖွဲ့နဲ့ ကမ္ဘာ့သူ၊ ကမ္ဘာ့သားတွေကို ကျွန်မက ပန်ကြားချင်ပါတယ်။ အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံးတွေကို တားဆီး ပိတ်ပင်ပေးကြပါ။ ကမ္ဘာ့လူထုကြီးက ဝိုင်းဝန်း တားဆီး အော်ဟစ် ပိတ်ပင်ကြတဲ့ အသံနဲ့ ဒီဗုံးတွေ ကွယ်ပကုန်ပါစေရှင်''

ကျွန်မတို့ ကိုယ်စားလှယ်အဖွဲ့အား လူနာရှင်က ပြောပြနေစဉ် သတင်းထောက်များသည် လူနာပြောသော စကားကို ရေးသားမှတ်ယူစရာ မလိုဘဲ အသံဖမ်းစက်ကြီးကို လွယ်ထားကြကာ လူနာပါးစပ်နားတွင် ဓာတ်ခွက် တပ်ပေးထားလေ၏။ မီးရောင်များ ဖျတ်ခနဲ၊ ဖျတ်ခနဲ လင်းသွားကာ ဓာတ်ပုံတဖျပ်ဖျပ်ရိုက်နေကြသည်။ သွေးရောင်မရှိဘဲ ဖျော့ဖြူနေသော လူနာမှာ အသံတုန်တုန်နှင့်ပြောပြီး မျက်ရည်များ စီးကျလာသည်။

''အဏုမြူဗုံးဒဏ်သင့်တဲ့ ဟီရိုရှီးမားမြို့ကို ကိုယ်တွေ့ မျက်မြင် သိချင်တာကြောင့် မြန်မာပြည်မှ ကျွန်မ ကြိုးစားပြီး လာခဲ့ရပါတယ်။ ကမ္ဘာ့ ငြိမ်းချမ်းရေး ကွန်ဂရက် မြန်မာပြည် အဖွဲ့ဝင်တစ်ဦးအဖြစ် ငြိမ်းချမ်းရေးလုပ်ငန်းကို ကျွန်မ တတ်အားရှိသလောက် ပါဝင်ဆောင်ရွက်နေသော ကျွန်မရဲ့ တစ်ခုတည်းသော ရည်မှန်းချက်ဟာ စစ်တားဆီးရေး လုပ်ငန်းကြီးပါပဲ။ စစ်ကြီး ပြီးသွားပေမယ့် စစ်မပြီးသေးပါကလား ဆိုတဲ့ အသိဟာ ဒီဆေးရုံပေါ်မှာ အထူးသဖြင့် ရှင်နဲ့ တွေ့ဆုံရတာမှာ ကျွန်မရင်ထဲမှာ ပိုမိုနာကျင်လှစေပါတယ်။ အခုလာတဲ့ ကျွန်မတို့ ကိုယ်စားလှယ်အဖွဲ့ဟာ အပြည်ပြည်က ဖြစ်ကြတဲ့ အလျောက် အယူအဆအမျိုးမျိုး၊ ဘာသာအယူအမျိုးမျိုး ရှိကြပေမယ့် အဏုမြူ လက်နက် ပိတ်ပင်ရေး၊ တားဆီးရေး ဆိုတဲ့ လုပ်ငန်းရပ်ကြီးမှာ မည်သူမှ သဘောကွဲလွဲမှု မရှိကြပါဘူး။ ဒုက္ခသည် တစ်ဦးအနေနဲ့ တောင်းပန်တဲ့ ရှင့်ပန်ကြားချက်ဟာ အခုမှ ရောက်လာကြတဲ့ ကိုယ်စားလှယ်အဖွဲ့ အားလုံးရဲ့ အသည်းနှလုံးထဲမှာ အသီးသီး မြုပ်နှံ ခံယူသွားကြပါပြီ။ အဏုမြူဗုံး ပိတ်ပင်ရေး၊ အဏုမြူလက်နက် မစမ်းသပ်ရေးကို ကမ္ဘာ့လူထုကြီးနဲ့အတူ ကျွန်မတို့ ဝိုင်းဝန်းတားဆီး ပိတ်ပင်ကြဖို့ရာ ဆတက်ထမ်းပိုး ကြိုးစားအားထုတ် ဆောင်ရွက်ကြပါမယ်။ ကိုယ်စားလှယ်အဖွဲ့ရဲ့ကိုယ်စား ကျွန်မ ပေးအပ်မယ့် သစ်သီး လက်ဆောင်များကို လက်ခံစေလိုပါတယ်''

ကျွန်မက အဖွဲ့ကိုယ်စား ပြန်ကြားနေစဉ် ကျွန်မ ပါးစပ်နားသို့ ဓာတ်ခွက်လာတေ့ ကပ်ပေးထားလေ၏။ ကျွန်မက ပြောပြီး လူနာ့လက်ထဲသို့ သစ်သီးခြင်း အပ်လိုက်သည့်အခါ မျက်စိများ ကျိန်းစပ်သွားလောက်အောင် ဓာတ်ပုံ ဝိုင်းရိုက်ကြသော မီးရောင်များ ဝင်းထိန်သွားလေသည်။

ကျွန်မလက်ထဲမှ သစ်သီးခြင်းကြီးကို ယူငင်ပွေ့ပိုက်လျက် ကျေးဇူးတင်ကြောင်း ပြောရာတွင် သူ့အသံမှာ ငိုသံပါနေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူနှင့်ယှဉ်လျက် တစ်ဖက်၌ ရှိသော အမျိုးသမီးလူနာမှာ ထမထိုင်နိုင်ဘဲ ပက်လက်လန်နေ၏။ လက်အရေပေါ်တွင် အဏုမြူဓာတ်ပြာသင့်သော အရေးပေါ်အနာ ပေါ်လာ၍ အရေကို ဆုတ်ပြီးလျှင် တင်ပါးမှ အရေနှင့် အရေခွံအသစ် လဲပစ်ရန် တင်ပါး အသားနှင့် ပူးကပ်ချုပ်ထား၏။ အသက် ၂၀ လောက်ပင် ရှိသေးသည်။ ဒီနှစ်မှ ဒီရောဂါ ပေါ်လာ၍ ဆေးရုံတက်ရသည်။ ကျွန်မတို့ ဝင်လာကြသည့် တစ်ချိန်လုံး ခုတင်ပေါ်၌ မျက်ရည်တရွဲရွဲနှင့် ငိုနေရှာလေ၏။

ကျွန်မတို့ အဖွဲ့ဝင်များ တစ်ခန်းဝင်၊ တစ်ခန်းထွက် လျှောက်ကြည့်ကြသည်။ နားပင်းသူ၊ ဆွံ့သူ၊ မျက်လုံးကန်းသူ၊ အသက်ကြီးလာသော်လည်း လူကောင်မကြီးထွားဘဲ ခါးနှင့် ပခုံးသာ ကြီးလျက် သက်ကြီးပုကလေးလို ကြည့်ရှုမကောင်းအောင် မသန်မစွမ်း ဖြစ်နေသူ၊ ဦးနှောက် ထိခိုက်သူ၊ နှလုံး ထိခိုက်သူ၊ အရေခွံတွေ တွန့်ရှုံ့နေကြသော လူနာများကို အခန်းတိုင်း၌ တွေ့ရ၏။

ညနေစောင်းလာသဖြင့် ပြတိုက်ပိတ်သွားမည်စိုး၍ ခပ်သုတ်သုတ် လျှောက်ကြည့် ရသည်။ စကားပြန်မှာ ပြတိုက်ပိတ်လိမ့်မည်၊ မြန်မြန်လုပ်ပါဟု တဖွဖွ သတိပေးနေလေ၏။

အဏုမြူဗုံး အထိမ်းအမှတ် ပြတိုက်ကြီးမှာ ကျွန်မတို့ တည်းခိုကြသော ဟီရိုရှီးမား ဟိုတယ်နှင့် ကပ်နေသော ခြေတံကို တစ်ထပ်တိုက်ပြန့် အဆောက်အအုံကြီး ဖြစ်သည်။

ပြခန်းကြီးထဲ၌ ရှေးဦးစွာ မြင်ရသော ပုံကြီးမှာ အဏုမြူဗုံး ပေါက်ကွဲပြီး သုံးမိနစ်အကြာ ပြာဖြစ်သွားသော မြို့ကြီးကို ပုံစံအတု တည်ဆောက် ဝိုင်းပြထားသည်။ မီတာ လေးထောင် ပတ်လည်တစ်ခုလုံး အဆောက်အအုံများ ပြာဖြစ်နေကာ ပြာပုံထဲတွင် အသားအရေများမှာ ဖွာလန်စုတ်ပြတ်လျက် သေဆုံးနေကြသော အလောင်းပုံတွေကို ဓာတ်ပုံကြီးနှင့် ပြထားသည်။ အဏုမြူဗုံး ကျသည့်အချိန်၌ နာရီစက်ရပ်သွားသော နာရီတွေလည်း ချိတ်ပြထား၏။ မီတာလေးထောင် အဝေး၌ နေသော ကလေးလေး တစ်ယောက် ဆံပင်တွေ ကျွတ်ထွက်သွားကာ ခေါင်းရေလန်သွားသော ပုံကားလည်း မြင်ရ၏။ ဗုံးကျပြီး တစ်လအတွင်း ရိုက်ထားသော မြို့ပျက်ပုံကြီးကို အကြီးချဲ့ ချိတ်ထားသည်။

မှန်ဗီရိုတစ်ခုထဲတွင် ဗုံးပေါက်ကွဲစဉ်က ခံစားရသည့် ဝေဒနာ ပုံစံနှင့် ၎င်းတို့ ကိုယ်၌ ဝတ်ထားသော အဝတ်အစားများကို ဝတ်ဆင်ပြထားသော လူတစ်ရပ်လောက် ရှိသည့် ရုပ်လုံးကြီးများ ထည့်ပြထားလေ၏။

ကျွန်မမှာ မှန်ဗီရိုရှေ့၌ ရပ်ကာ မြင်ဝံ့ကြည့်ဝံ့စရာ မရှိသော အရုပ်ကြီးတွေကို စိုက်ကြည့်လျက် ရင်ထဲ၌ ဖိုလှိုက်နေလေ၏။ မိန်းမ၊ ယောကျာ်းပုံ ရုပ်လုံး ထုပြထားသည်။ မသာမယာသော မျက်နှာတွေနှင့် ယိုင်နဲ့ ခွေရတော့မည့်ဟန် မချိတရိ ပုံကိုပေါ်အောင် ထုထားသည်။ မျက်လုံးကြီးပြူး၍ ကျွတ်ထွက်လုလုနှင့် အင်္ကျီလက်မောင်းမှ အဝတ်များ စုတ်ပြဲနေသည့် အကြားမှ ပေါ်နေသော လက်၏ အသားမှာလည်း အဝတ်စုတ်ကွဲသို့

mgyoe.com

mgyoe.com
SAMPLE BOOK

အမြှာမြှာ စုတ်ဖွာ လန်ကျနေသည်။ ဘဲပေါင်၊ ကြက်ပေါင်မှ အသားကို သွားနှင့် ကိုက်ဖဲ့ ဝါးစားထားသည့် အခါ၌ အရိုး၌ အရေစ၊ အသားစများ အမျှင်သဖွယ် အစအန ဖွာလန် တွယ်ကပ် ကျန်နေကာ ပုံကြေနေသော အရိုးအချောင်းအတိုင်း လူ၏ လက်တံတောင်ဆစ် လက်ချောင်းရိုးတို့မှ အရေနှင့် အသားမှာ ရွှေပေါ်တိုက်စားထားသကဲ့သို့ ထောင်သည့် အစက ထောင်ကာ လန်သည့် အစက လန်နေလျက် ပုံကြေနေသော လက်ချောင်းရိုးကြီးမှာ ငေါ်ထွက်နေကြ၏။ အချို့လက်များမှာမူ လက်ရိုး၊ လက်ဆစ်များ ကွေးကောက်သွားကာ အသားနီလန်လျက် လက်ချောင်းကလေးများမှာ အတွင်းသို့ ကောက်ကွေး ခေါက်ဝင် နေကြလေ၏။

အရုပ်ကြီးတွေ၌ ဝတ်ပေးထားသော အဝတ်များမှာ ထိုစဉ်က ဝတ်ထားကြသော ပကတိ အဝတ်အစားများ ဖြစ်သည်။ တင်ပါးနေရာ၊ လက်ပြင်နေရာ စသည်တို့၌ လူ့အသားနှင့် အဝတ် တစ်ပြိုင်တည်း ရိကျသွားပုံကို အဝတ်ပါ မြင်စေ၏။ အရုပ်ကြီးများကို လူ့အသားနှင့်တူအောင် တစ်ပုံတည်း ထုထား၍ ဝေဒနာခံစားနေရသော ဒုက္ခသည်တွေမှာ အသက်ထင်ရှား မတ်တတ်ရပ်ပြနေသကဲ့သို့ စိတ်ထဲ၌ ထင်ရ၏။ အရောင်အဆင်းပျက်ကာ ဆွေးမြည့် စုတ်ပြတ်လျက်ရှိသော ဘောင်းဘီ၊ အင်္ကျီ၊ ကီမိုနို စသော အဝတ်အစားများနှင့် အတူ အသားအရေ ညိုမည်းဆွေးမြည့် စုတ်ပြတ်သတ်နေသော လူရုပ်တွေမှာ စေ့စေ့ကြည့် လေ စိတ်မချမ်းသာစရာ ကောင်းလေ ဖြစ်သောကြောင့် မျက်လုံးလွှဲလိုက်ရသည်။ ဗီရိုတစ်ခုထဲတွင် အနောက်ဘက် ဌာနချုပ်မှ စစ်သားများ၏ အဝတ်အစားများဟု ကမ္ပည်းထိုးပြထား၏။ မီးလောင်ပေါက်ကြီးများဖြင့် မီးကျွမ်းကာ ဟိုတစ်ကွက် ဒီတစ်ကွက် စုတ်ပြတ်ဖွာနေလေ၏။

လူတစ်ကိုယ်လုံးမှာ အရေခွံသာ အဝတ်၌ ကပ်ကျန်ရစ်ခဲ့သည့် ပုံကို ပြထားသည် မှာ အသည်းယားစရာ ကောင်းလှသည်။

ဩဂုတ်လ ၇ ရက်နေ့၌ သွားတွေ့သော အလယ်တန်းကျောင်းသားကလေး၏ အဝတ်အစားဟု မှန်ပေါင်နှင့် သွင်းပြထားသည်။ ဘောင်းဘီမှာ အညိုရောင် တစ်ခြမ်း၊ မီးသွေးရောင် တစ်ခြမ်း အရောင်ပျက်နေ၏။

နေရာတစ်ခု၌ ဘူတာရုံစောင့် ဟာရှီမိုတို၏ ဓာတ်ပုံ ချိတ်ပြထားသည်။ ဗုံးကျ၍ မိုင်ဝက်ခန့် သူ ပြေးသွားရာ လူမှာ အစအနပျောက်သွားလျက် သူ ဝတ်ထားသော အဝတ်တွင် ခဲနေသော သွေးခဲကြီးသာ တွေ့ရပုံကို ပြထားသည်။

ဟီရိုရှီးမားမြို့ကို မြစ် ခုနစ်မြစ် ဖြတ်ထားရာ ဗုံးကျပြီးနောက် အသားအရေတွေ ဖူးရောင်ပွလာကာ ပူလောင်လွန်းလှ၍ မြစ်တွေထဲသို့ ခုန်ဆင်းချကြလေသည်။ မြစ်ထဲမှ ရေများမှာ ရေနွေးကျိုက်ကျိုက် ဆူနေသည်ထက် ငါးဆတိုး ပူနေလေ၏။ ပူလှသော မြစ်ရေမှ ပြုတ်သတ်လိုက်သော လူသေကောင်များမှာ အလောင်းပေါင်း မြောက်မြားစွာ ထပ်လျက် မြစ်ထဲ၌ မျောနေကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဂျပန်အိမ်များမှ အမိုးကော့ အုတ်ကျိုး အုတ်ပဲ့များလည်း စီရီပြထားသည်။ အဏုမြူဓာတ်ပြာသင့်၍ အရောင်အဆင်း ပြောင်းပုံကို ပြသည်။ လက်တွေ ပြတ်ကာ အဝတ်မကပ်နိုင်ဘဲ ပူလောင်လွန်းပုံ၊ အသားမရှိသော ခြေထောက်ကလေးတွေ အရိုးချည်း ကျန်သည့် ပုံအတိုင်း အဝတ်အစား မကပ်ဘဲ ပြေးနေပုံတို့မှာ ရဲရဲပင် မကြည့်ဝံ့ချေ။

ဆိုင်တစ်ခုမှ ပုလင်းတွေ ထပ်ခဲ စုပျော်သွားပုံ၊ ပုလင်းအထွေးလုံးကြီး တွေ့ရ၏။

အလယ်တန်းကျောင်းမှ ၁၄ နှစ်သားကလေး၏ အဖြစ်အပျက်ကို ဓာတ်ပုံ ရိုက်ကာ အဆင့်ဆင့် ပြထား၏။ ဗုံးကျစဉ်က မီတာ ၁၂၀၀ ဝေးသော သူ့အိမ်ပြင်၌ သူ ရှိ၏။ ကယ်ဆယ်ရေး စခန်းတွင် သူ့ကို ထားရာ ရှစ်ရက်၊ ရှစ်ညအတွင်း လက်သည်း၊ ခြေသည်းခွံတွေ ကျွတ်သွားပြီးနောက် တစ်ကိုယ်လုံးမှ အရေခွံတစ်ခုလုံး ကျွတ်ထွက် သွားကာ အသားတွေ ကြွေကြွေပြီး သေရပုံကို အဆင့်ဆင့် ဓာတ်ပုံ ရိုက်ပြထားလေသည်။

ဘီယာပုလင်းဖုံးတွေ စုပြီး တစ်ပုံကြီး စုခဲနေပုံလည်း ပြထား၏။

ဗုံးကျပြီး ချက်ချင်း မသေကြဘဲ ကယ်ဆယ်ရေး စခန်းတစ်ခု၌ စုနေကြသော ဒုက္ခသည်တွေ၏ ပုံကားများကို ကြည့်ရင်း ကျွန်မမှာ ကျောရိုးထဲမှ ချမ်းစိမ့်လာလေ၏။ အသားကြွေသူ၊ ကျောက အရေကြီး စုတ်သွားသူ၊ ခြေထောက်အရိုးပဲ ကျန်သူ၊ မျက်စိ ကျွတ်ထွက်သူ၊ ကိုယ်တွင် တင်ပါးနှင့် ပေါင်တို့၌ ဖူးရောင် ရှည်လျား ကားထွက်သွားသူ၊ အရိုး အဆစ်များ ကောက်ကွေး တွန့်လိမ်ကုန်ကာ လူ့ခန္ဓာကိုယ်ကြီးမှာ ဖျာလိပ်ကဲ့သို့ ခေါက်လိပ်လျက် နေရှာသူ…

ကျွန်မမှာ တစ်ပုံစီ စေ့စေ့လျှောက်ကြည့်လျက် မကြာခဏ သက်ပြင်းချကာ ရင်ထဲ၌ တင်းကျပ်လာလေ၏။

တစ်နေရာတွင် မှန်မီရိုထဲ၌ ဆံပင်တွေ အထွေးလိုက် ပြထားသည်။ ဗုံးကြဲသည့် နေရာနှင့် မီတာလေးထောင် အပြင်တွင် နေကြသော သူများ အထိအခိုက် ဘာမျှမရှိဘဲ ခေါင်းက တစ်ခေါင်းလုံး ကျွတ်ထွက်သွားကြသော ဆံပင်များ ဖြစ်လေ၏။

မီတာတစ်ရာလောက်တွင် သွားတွေ့ရသော ဘိုင်စကယ်တစ်စီး ထောင်ပြ ထားသည်။ သံချောင်းတွေ ကွေးကောက်လျက် ကိုယ်ထည် တစ်ပိုင်းသာ ရှိကာ ဘိုင်စကယ် ပေါ်မှ လူမှာ အစအန ရှာမရချေ။ ဟီရိုရှီးမားမြို့၌ ဗုံးမကျမီက လူဦးရေ လေးသိန်းကျော် ခန့် ရှိသည်။ ဗုံးကျပြီး အသက်ရှင် ဝေဒနာ ခံဏ်ရာရသူတို့၏ စာရင်းကို ကောက်ယူရာ မသေဘဲ ကျန်ရစ်ကြသည့် စာရင်းမှာ ယောက်ျား ကလေး၊ လူကြီး ၈၁၅၉၃ ယောက်နှင့် မိန်းမ ကလေး၊ လူကြီး ၇၉၅၈၆ ယောက်သာ ကျန်ရစ်၍ လူနှစ်သိန်းကျော် မိနစ်ပိုင်း၊ နာရီပိုင်းအတွင်း မရှုမလှ သေဆုံးသွားကြကုန်သည်။

"ဟီရိုရှီးမားမြို့မှာ ဘယ်နေရာဖြစ်ဖြစ် မြေအောက် သုံးတောင်လောက် တူးလိုက်ရင် လူရိုးတွေ ထွက်လာတာပဲ"

mgyoe.com

SAMPLE BOOK


စကားပြန်က ပြော၍ တစ်မြို့လုံး သုသာန် တစပြင်ကြီးပါလားဟု စိတ်ထဲ မသိုးမသန့် ဖြစ်နေသည်။

အဏုမြူဗုံးဒဏ်ဖြင့် သေဆုံးသော သူများ၏ အသားအရေများကို ပုလင်းကြီးထဲ ထည့်ကာ ဆေးစိမ်ပြထားသည်။ အဏုမြူဓာတ်ငွေ့ ဓာတ်ပြာ သင့်သော သစ်ပင်များမှာ ပင်လုံးတိုးလျှိုပေါက်၊ အချို့လည်း ကိုင်းကောက် တွန့်လိမ်လျက် ခံစားရပုံကို ဓာတ်ပုံ ရိုက်ပြထားသည်။ တစ်နေရာတွင် ဝါးလုံးတွေ စုထောင်ထား၏။ ဝါးလုံးများမှာ ရေဒီယို ဓာတ်ပြာကြောင့် တစ်ခြမ်း ဖြူဆွတ်သွားကြသည်။

ပြခန်းကြီးနံရံနှင့် ကပ်ပြထားသော သံရက်မကြီးတစ်ခုနှင့် သံတံတားကြီး တစ်ခု မှာ တွန့်ပယ်ကွေးငိုက်ကျလျက် သံများ ဖယောင်းကဲ့သို့ အရည်ပျော်ကျပြီး တစ်နေရာတွင် ရှုံ့တွပျစ်ထူနေလေ၏။

ပြတိုက်ကြီးပေါ်မှ ဆင်းလာကြသောအခါ လေသည် ကွင်းလယ်ကောင်မှ တဟူးဟူး ဖြတ်တိုက်လျက်နေ၏။ ပစိဖိတ်သမုဒ္ဒရာထဲ၌ အဏုမြူလက်နက်များ ဖောက်ခွဲစမ်းသပ် နေကြဆဲရှိသေး၍ အတားအဆီးမရှိ ပျံ့လွင့်နေသော ရေဒီယိုဓာတ်ပြာတွေသည် လေထဲမှာ ပါချင်ပါမှာဟု ယောင်ယမ်း တွေးမိကာ လေတိုက်ထဲ ဖြတ်လျှောက်နေသော ကျွန်ုပ်မှာ အသက်မရှူဘဲ အောင့်ထားလိုက်မိသည်။

ဟိုတယ်သို့ ပြန်ရောက်လျှင် ကျွန်ုပ်မအခန်းထဲသို့ ဂျပန်စကားပြန် ဝင်လာသည်။ နက်ဖြန် ကျင်းပမည့် ဟီရိုရှီးမား အထိမ်းအမှတ်ပွဲကြီးအပြီး လူထုစည်းဝေးပွဲကြီး၌ မိန့်ခွန်း ပြောဖို့ရန် ကိုယ်စားလှယ်အဖွဲ့ထဲမှာ မြန်မာပြည်မှ ကိုယ်စားလှယ် ပြောရန် ရွေးချယ် လိုက်ကြောင်း အကြောင်းလာကြားလေ၏။

ညက တစ်ညလုံး ရထားပေါ်၌ တစ်မှေးမျှ မအိပ်ခဲ့ရဘဲ ပင်ပန်းလာခဲ့ကာ ယနေ့လည်း တစ်နေ့လုံးလုံးလိုပင် တစ်နေရာပြီး တစ်နေရာသို့ သွားနေရပြီးနောက် ဟိုတယ် သို့ နေဝင်မှ ပြန်ရောက်လာပြီးလျှင် ကမန်းကတန်း မိန့်ခွန်းထိုင်ရေးရလေ၏။ အကြမ်းရေးပြီး ဟိုတယ် အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။

အဏုမြူ ဒုက္ခသည်တွေနှင့် တွေ့ဆုံသော ဆွေးနွေးပွဲကို ဟိုတယ် အပြင်ဘက် မြက်ခင်းကြီးအနီး၌ ကျင်းပသည်။ လှပသော ပန်းပွားတပ် မီးပုံးများ စီရရီ ဆွဲချိတ်ထား လေ၏။ မီးပုံးများမှ ဖြာလင်းနေသော မီးနီရောင်သည် ဖျော့ဖျော့ကလေး နီရဲနေသည်။ နီကြင်ကြင် ဖျော့မှိန်နေသော မီးရောင်များအောက်၌ စားပွဲခုံရှည်ကြီး တစ်ခုတွင် လူတွေ ဝိုင်းထိုင်ကြကာ ဆွေးနွေးပွဲ စနေကြလေသည်။

အသက် ၃၀-၄၀ခန့် ရှိ အဏုမြူဒုက္ခသည် မိန်းမ နှစ်ယောက်၊ ယောကျ်ား သုံးယောက်နှင့် ဟီရိုရှီးမား အဏုမြူဗုံး ဆန့်ကျင်ရေးကောင်စီ ဥက္ကဋ္ဌ၊ တက္ကသိုလ်ကျောင်း ပါမောက္ခနှင့် အဖွဲ့ဝင်များ၊ သတင်းထောက်များ၊ စကားပြန်များက စားပွဲတစ်ဖက်၌ ထိုင်ကြသည်။ နိုင်ငံခြား ကိုယ်စားလှယ်အဖွဲ့က စားပွဲတစ်ဖက်၌ ထိုင်ကြသည်။ နိုင်ငံခြား

mgyoe.com SAMPLE BOOK

ကိုယ်စားလှယ်သစ်များ ဟိရိုရှီးမားသို့ နောက်ထပ် ရောက်လာကြသည်။ အိန္ဒိယပြည် ဘုံဘေမြို့မှ အမျိုးသမီး ဆရာဝန်မတစ်ဦး ပါလာရာ အမျိုးသမီးဖော် ရသွားသည်။

အဏုမြူဒုက္ခသည် မစ္စတာ ကီယိုးချီးက ကိုယ့်တွေ့အဖြစ်အပျက်ကို စပြောနေသည်။ နဖူးကျယ်ကျယ်၊ ဆံပင်ဆံတိုနှင့် အသက် ၄၀ ခန့် ရှိမည်။ မျက်နှာတစ်ပြင်လုံး ညှိုနေလျက် အမည်းကွက်ကြီးများ ပြောက်ကျားနေ၏။ ဘယ်ဘက်လက်တစ်ဖက် ကွေးကောက်နေသည်။

"နံနက်ခင်း သာယာနေတဲ့ အချိန်မှာ ရှိခနဲ အသံကြားလိုက်ရပြီး ဘယ်လို ဖြစ်သွားမှန်း မသိဘူး။ ကျွန်တော့်ကိုယ်ဟာ မီးနဲ့ ကပ်လိုက်ရသလိုပဲ၊ ဒီအချိန်မှာ ကျွန်တော့် ဖခင်အိမ်မှာ ကျွန်တော်နဲ့ ကျွန်တော့် မိန်းမ ရောက်နေကြတယ်။ ကျွန်တော့်ဖခင်ဟာ အရေခွံတွေ ကွာလန်ကျပြီး ကျွန်တော်တို့အနား ပြေးလာကာ ကျွန်တော့်အဖေမှန်းတောင် မမှတ်မိဘူး။ အပူဒဏ်ခံရလွန်းလို့ လူးလိမ့်ပြီး ရေပဲ တွင်တွင်တောင်းနေတာပဲ။ ကျွန်တော်တို့ ကိုယ်မှာ မီးလောင်ဖုကြီးတွေ ထလာပြီး ဒဏ်ရာရနေတာ မသိသေးဘူး။ အဖေက တစာစာတောင်းနေလို့ ဘောင်းဘီကို ရေဆွတ်ပြီး သူ့ပါးစပ်ထဲ ရေချပေးရတယ်။ အိမ်ကို မီးလုံးကြီးက ဟပ်ဝါးနေတယ်။ မီးခိုးမှောင်ဝေထဲမှာ လူတွေဟာ မြစ်ထဲခုန်ချ နေကြတယ်။ ကျွန်တော့်အဖေက သူ့ကို ထားခဲ့တော့၊ ပြေးတော့လို့ ပြောတာနဲ့ ကျွန်တော်တို့ လမ်းပေါ်ကို ပြေးတာ မြေကြီးကို ခြေမနင်းရဘူး။ မီးတွေကို နင်းပြေးရတယ်။ လမ်းပေါ်မှာ မသေသေးဘဲ လဲနေတဲ့ လူတွေဟာ မီးတောက်ကြီးတွေ ကြားက ရေပဲ အော်တောင်း နေကြတာပဲ။ တော်တော်ကလေး ပြေးမိတော့ ကျွန်တော်တို့ ကိုယ်မှာ အဝတ်အစား မကပ်တော့ဘူး။ စစ်တပ်က ကယ်ဆယ်ရေးစခန်း လုပ်ပြီး နေရာချတဲ့ဆီ စုကြတယ်။ ကျွန်တော့်ဒဏ်ရာ တွေကို အဏုမြူဆေးရုံမှာ ခြောက်နှစ်ကြာအောင် ကုရတယ်။ ခြောက်ခါ ခွဲစိတ်ပြီး အရေခွံအသစ်တွေ လဲထည့်ရတယ်။ ဆေးရုံက ဆင်းလာပြီး အဏုမြူ ဒုက္ခသည်များ ခံစားချက်ကို တင်ပြဖို့ရန် အဏုမြူ ဒုက္ခသည်အသင်း ဖွဲ့စည်းပါတယ်။ အသင်းဖွဲ့စည်း စဉ်တုန်းက ကွန်မြူနစ်တွေလို့ တစ်ဖက်က ဝါဒဖြန့်ပြီး အင်မတန် အဖိအနှိပ် ခံရပါတယ်"

သူသည် ပြောပြီး အင်္ကျီချွတ်လိုက်တာ သူ့ကျောကုန်းကို လှည့်ပြလေ၏။ ကျောပေါ်၌ အရေကြီးတစ်ခု ခြုံလွှမ်းထားဘိသကဲ့သို့ ကျောပေါ်၌ ပိုးထားသော အရေခွံမှာ အထပ်လိုက် အထပ်လိုက် ရှုံ့တွန့်တွလျက် ပပ်ကြားအက်လျက်နေသော ကြားထဲ၌ အဖြူကွက်၊ အနက်ကွက်များ ပျစ်ထူနေသဖြင့် လူ့ကျောကုန်းနှင့် မတူဘဲ သားရေတိရစ္ဆာန်ကောင်ကြီးနှင့် တူနေတော့သည်။

အရပ်ပုပု၊ ခပ်ပိန်ပိန် ဒုက္ခသည် အမျိုးသမီးက ပြောပြရာတွင် သူ့ ယောက်ျားနှင့် သားအကြီးမှာ ဗုံးကျသည့်နေ့က သေကြပြီး သမီးနှစ်ယောက်မှာ တစ်လအတွင်း သေသွားကာ နောက်ဆုံးသမီးမှာ ဗုံးကျပြီး ခြောက်နှစ်လောက်မှ ကိုယ်ရေပေါ် ရောဂါပေါ်လာကာ သေလေသည်။ သူ၏ ညာဘက်ကိုယ်လုံးမှာ သေးသိမ်နေလျက် နားတစ်ဖက် ပင်းနေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK

မျက်စိနှစ်ကွင်းစလုံး ကွယ်သူ ဒုက္ခသည် ယောက်ျားတစ်ဦးက သူ့ ကိုယ်တွေ့ အဖြစ်အပျက်ကို ပြောပြနေစဉ် ဟိုတယ်မှ တီးမှုတ်နေသော တေးသံများ လွင့်လာနေသည်။ မီးပုံးများ တွဲလောင်းကျနေသော မြက်ခင်းကြီးထဲ၌ လှပသော ထီးကြီးများ အောက်တွင် ကျောဆန့် ကြိမ်ကုလားထိုင်များဖြင့် အေးအေးလူလူ ထိုင်နေကြသော လူများကို လှမ်းတွေ့ရသည်။ ပြန်လည် တည်ဆောက်ပြီးကုန်သော အဝေးရှိ တိုက်တာ အဆောက်အအုံကြီးတို့၌ ရောင်စုံမီးများသည် ဆင်းလိုက် တက်လိုက်ဖြင့် လိုက်တမ်း ပြေးတမ်း ကစားနေကြသည်။

''ဒီဟိုတယ်တစ်ဝိုက်ဟာ ဗုံးကျတဲ့ နေရာနဲ့ကပ်နေတော့ ဟောဒီ ဟိုတယ် တစ်ဝိုက်မှာ နေကြတဲ့ လူနှစ်သောင်းလောက်ဟာ တစ်ယောက်မှ အသက်မရှင်ကြဘူး··· အားလုံး နာရီပိုင်းအတွင်း လောင်ကျွမ်း သေကုန်ကြတယ်''

နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်တွေက မေးခွန်းများ ဖြတ်ထိုး ဝိုင်းမေးနေကြ လေ၏။

ပျို့နှသော ညဦးဆည်းဆာချိန်ဖြစ်၍ ဟိုတယ်တစ်ဝိုက်၌ တင့်တယ် လှပစွာ ဖိတ်ဖိတ်ကြူးအောင် တောက်ပြူးလျက်ရှိနေသော ပတ်ဝန်းကျင် တစ်ခုလုံးနှင့် ငြိမ့်ညောင်း သာယာသော ချိုတေးသံတို့သည် မျက်မှောက် တစ်ခဏ ဆိတ်သုဉ်း ကွယ်လွှုံးသွားကုန် လေကာ လူနှစ်သောင်းကျော် ထပ်ပုံနေသော တောင်ပုံရာပုံ အလောင်းပုံကြီးတွေကို မြင်ယောင်လိုက်မိသဖြင့် ကြက်သီးမွေးညင်း ထသွားမိသည်။

ကျွန်မမှာ ဒုက္ခသည်တွေ၏ အကြောင်းကို ကြားနာနေရင်း ကျွန်မ သိလိုသော အချက်အလက်များကို မေးချင်လှသည်မှာ ပါးစပ်ဖျားတွင် ရှနေလေသည်။ သူတို့သည် စီကာပတ်ကုံး လုပ်ပြီး မပြောကြပေ။ ပြောတတ်သလောက်၊ မှတ်မိသလောက် တိုတို တုတ်တုတ် အကျဉ်းရုံး ပြောနေကြ၏။ သူတို့ကို မေးခွန်းအမျိုးမျိုး မေးယူမှ ကျွန်မ သိလိုသော အဖြစ်သနစ်ကြီးမှာ ကွက်စေ့ကွင်းကွင်း ထင်းထင်းပေါ်လာ မြင်လာမည် ဖြစ်သော်လည်း သူတို့နှင့်ကျွန်မ တစ်ယောက်တည်း အေးအေးဆေးဆေး မေးရ၊ စမ်းရပုံမျိုး မဟုတ်ဘဲ ကျွန်မအပြင် သိချင်၊ မေးချင်သော ကိုယ်စားလှယ် အဖွဲ့ကြီးက ရှိလေသေးသည်။ တစ်ယောက်တစ်ခွန်း ဝိုင်းမေးနေကြသဖြင့် ကိုယ့်အလှည့်ကို စောင့်နေ ရသည်။

ထိုအခိုက် သတင်းစာတိုက်မှ အထူးသတင်းထောက်က ကျွန်မနှင့် စကား ပြောရန် ၁၀ မိနစ် ခွင့်ပေးပါဟု အတင်းလာတောင်းသဖြင့် စားပွဲကြီး တစ်ဖက်ရှိ စားပွဲကလေးတွင် သွားထိုင် စကားပြောရသေး၏။ ဆွေးနွေးပွဲတွင် အင်္ဂလိပ်စကားပြန်မှာ တစ်ယောက်တည်းဖြစ်ကာ ပြောရလွန်း၍ အသံပျော့နေသည်။ ကျွန်မမှာ မေးခွန်းမေးရန် စိတ်လျှော့လိုက်တော့ကာ နားသာ ထောင်နေရတော့၏။

mgyoe.com

mgyoe.com SAMPLE BOOK

အဏာမြူ ဒုက္ခသည်များနှင့် ဆွေးနွေးအပြီး ဒေါက်တာအင်ဒါးနှင့် ကျွန်မက ဒုက္ခသည်များကို ကျေးဇူးတင်ကြောင်းနှင့် နှစ်သိမ့်အားပေးစကား ထပြောကြရသည်။

ညစာစားပြီး ဟိုတယ်အောက်ထပ်၌ ကိုယ်စားလှယ်အဖွဲ့ စည်းဝေး ထိုင်ကြ၏။ နံနက်ပိုင်း အစီအစဉ်များကို ဆွေးနွေးပြင်ဆင်သည်။ အဖွဲ့ကိုယ်စား ကျွန်မ ပြောရမည့် မိန့်ခွန်းကို တင်ပြ အတည်ပြုကြလေသည်။

ဤနေ့သည် ၁၉၅၈ ခု၊ ဩဂုတ်လ ၆ ရက်နေ့ ဖြစ်သည်။

လှုပ်လှုပ်ရွရွနှင့် လူသံသူသံ ညံလာသော ဟီရိုရှီးမား၏ နံနက်သည် လင်းလာလေ၏။ မိုးမလင်းမီက ဟိုတယ်ရှေ့ ကွင်းပြင်ကြီးထဲ၌ အထိမ်းအမှတ် ပွဲကြီးအတွက် စားပွဲ၊ ကုလားထိုင်များ ခင်းကျင်း ပြင်ဆင်နေကြသော အသံများ၊ တစ်ချက်တစ်ချက် အသံချဲ့စက် အော်သံများနှင့် လူသွား လူလာတို့၏ အသံများသည် နေစထွက်ချိန်၌ ပို၍တင်ထပ်ညံစ ပြုလာလေသည်။

လူ နှစ်သောင်းကျော် ပုံထပ် သေသွားသည့် ကျွန်မ အိပ်နေသော ဟိုတယ် သုသာန် မြေပေါ် မရဏာရှင်သေမင်းသည် ခေါင်းထူ၍ ကြည့်လေသတည်း။

အဏာမြူဖုံးထက် အဆများစွာ ပြင်းထန်သော ဟိုက်ဒရိုဂျင် ငရဲမီးဖုံးကို မျှော်လင့် စောင့်စားရင်း ဤတစမြေအပြင်မှ တစ်ရေးတစ်မော အိပ်စောင့်လျက်ရှိစဉ် ဆူညံသော အသံများကြောင့် ဟိုက်ဒရိုဂျင် အသုဘ ပွဲတော်ကြီးလောဟု ခေါင်းထူ၍ ကြည့်လေသည်။ မျှော်မှန်းချက်နှင့် လွဲလျက် လွန်ခဲ့သော ၁၃ နှစ်က ဤနေ့ ဤနံနက်တွင် ဖြစ်ပျက်ခဲ့သော အဖြစ်ဆိုးကို ပြန်လည် အထိမ်းအမှတ်ပြုရန် ပြင်ဆင်နေသော လူအုပ်ကြီးကို တွေ့မြင်ရလျှင် သူ့ရင်တွင်း၌ ဆာလောင်မွတ်သိပ်ခြင်း အတိဖြင့် ကောင်းကင်သို့ မျှော်မော့ကြည့်လေပြီးနောက် စောင့်လင့်တောင့်တလျက် နေရသော ဟိုက်ဒရိုဂျင်ဖုံးကို တခေါ် ညည်းဆိုကာ မရဏာရှင်သေမင်းသည် သူ့ဦးခေါင်းကို မြေပေါ်သို့ ပြန်ချလျက် မျက်လုံးပိတ်ကာ မှိန်းလေ၏။

ကျွန်မသည် အိပ်ရာမှ နိုးနိုးချင်း တောင်တွေး မြောက်တွေးဖြင့် ရင်ထဲ၌ တလှပ်လှပ် ဖြစ်လာကာ မျက်လုံးကို တဖြည်းဖြည်း ဖွင့်လိုက်သည်။

အား…ဒီအချိန်ဆိုးကြီး…

ကျောင်းသူကလေး မစွစ်အက်ဆူကို ဆူဂီအိုကာ၏ အသံလေးသည် ကျွန်မ နားထဲသို့ စိမ့်ဝင်သွားလေ၏။

"တစ်ခါတည်းရှင် ကျွန်မကျောကို ဝုန်းခနဲ ခုန်အုပ်လိုက်ပြီးတော့ ပွက်ပွက် ဆူနေတဲ့ ဆီပူထဲကို ပစ်ထည့်လိုက်သလို ကျွန်မ ခံစားလိုက်ရပြီး ကျွန်မဟာ ပုံခနဲ မေ့သွားတယ်။ ကျွန်မ ပြန်သတိရတော့လေ အရပ်ရှစ်မျက်နှာစလုံးမှာ ထူထပ်စွာ ဖုံးအုပ် မည်းမှောင်နေတဲ့ မီးခိုးကြီးတွေ တွဲလဲဆိုင်းနေကြတာကို မြင်လိုက်ရတာ ကျွန်မဟာ အိပ်မက်မက်နေသလို ဖြစ်နေတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မြေပေါ်မှာ ကျွန်မ အပ်ထားတဲ့ ရင်ကို မြေကြီးက စုဆုပ် ဖျစ်ညှစ် ထားသလိုပဲ။ ရင်ထဲက နာကျင်လိုက်တာ မပြောပါနဲ့တော့။ ကျွန်မ ပါးစပ်က အမေ၊ အဖေ၊ အမေတို့ ရေလို့ တစာစာ တမ်းတခေါ်နေသော်လည်း အမေနဲ့ အဖေဆီက အသံဆိုလို့ ဘာသံမှ မကြားရဘူးရှင့်။ ပူလွန်းလို့လေ လူးလိုမ့်ပြီးလည်း ခံစားနေရတဲ့ အခိုက်မှာ သေသွားတဲ့ ကျွန်မညီမလေး တစ်ယောက်ရဲ့ အပြုံးမျက်နှာလေးကို သွားမြင်ယောင်လိုက်မိတယ်။ ဒါဟာ ကျွန်မ သတိပြန်ရလာပြီပေါ့။

ကျွန်မ နားဝမှာ အမှောင်ထုထဲကနေပြီး အဖေ၊ အမေတွေကို တမ်းတ အော်ဟစ် ခေါ်နေကြတဲ့ ကလေးသံတွေဟာ အဆက်မပြတ် အော်နေကြတဲ့ ပရစ်သံတွေလိုပါပဲရှင်··· နားဝမှာ စီစီ–စီစီနဲ့ ကြားနေရတယ်။

မီးခိုးလုံးတွေ ကြားထဲက လူတွေ အဝေးပြေးနေကြတာ မျက်စိထဲမှာ ဝိုးတိုး ဝါးတား မြင်လိုက်ရတော့ ကျွန်မလည်းလေ တတ်နိုင်သမျှ ခြေထောက်ကို ထထောက် ပြီးတော့ ဘယ်မှန်း ညာမှန်းမသိ၊ သူတို့တွေ သွားရာနောက်ကို စွတ်လိုက်ပြေးလေ တော့တာပဲ။

စူးရှူး မီးတံတားကြီး အနားကို ရောက်သွားတဲ့ အခါမှာ မီးဖုတ်ထားလို့ ရဲရဲနီနေတဲ့ ကြေးနန်းကြိုးခွေတွေဟာ ကျွန်မ ခြေထောက်က ခြေမျက်စိနှစ်ဖက်စလုံးနဲ့ ငြိပြီး ခွေပတ်နေကြတယ်။ ကျွန်မခြေထောက်မှာ လာပြီး ပတ်ရှုပ် ခွေကုန်တဲ့ ဒီမီးလောင်ကြိုး တွေကို ဘယ်လိုလုပ်ပြီးများ ကျွန်မ ဖြုတ်လိုက်မှန်း၊ ဖယ်ပစ်လိုက်မှန်းကို ကျွန်မ ပြန် မပြောတတ်သလောက်ပါပဲရှင်။ တံတားကို ကျွန်မ ရောက်သွားတယ်။

ဒီအချိန်မှာဆိုရင် အဏုမြူ မီးခိုးအဖြူလုံးကြီးတွေဟာ အဆုပ်လိုက် အခိုင်လိုက် လေးဘက်လေးတန်စလုံးမှာ တွဲလောင်းဆိုင်း ဖုံးအုပ်နေကြတယ်။

ဒီကနေ့မနက် ကျွန်မ အိမ်ကထွက်လာပြီး အပျော်တမ်းတပ် ကျောင်းသူ၊ ကျောင်းသားများ သွားအလုပ်လုပ်ကြရတဲ့နေရာရဲ့ တနာကာမာချိ လမ်းမကြီးဟာ အဏုမြူဗုံးကျတဲ့ အရပ်နဲ့ မီတာ ၆၀၀ ဝေးတယ်။ ကျွန်မဟာ ဒီနေ့ မနက် ဒီတံတားကြီး အနီးက ထောင့်ချိုးလေးမှာ သေသေချာချာ အလုပ် လာလုပ်နေတာပါ။ သို့သော်လည်း အံ့သြစရာ ကောင်းတာက ကျွန်မဟာ မြောက်ဘက်ကို လွင့်ထွက်သွားတာကြောင့် တခြား တစ်နေရာ ပြောင်းရောက်နေသလို စိတ်က ထင်ရတယ်။

တံတားအနီး မြေကြီးအောက်မှာ တည်ဆောက်ထားတဲ့ ရေလှောင်ကန်ကြီးရဲ့ ခြေရင်းမှာရှင်··· မရှုမလှနဲ့ ကံဆိုးမိုးမှောင်ကျတဲ့ မိခင်တွေကို သွားတွေ့ရတယ်။ တချို့ အမေတွေဟာလေ သူတို့ရဲ့ ကိုယ်လုံးတီး ကလေးလေးတွေကို ပွေ့ပိုက်ချီပြီး မီးလောင် ထားသလို တစ်ကိုယ်လုံး ရဲရဲတောက် နီနေတဲ့ ကလေးတွေကို ဟိုဘက် လှန်လိုက် ဒီဘက် လှန်လိုက် လုပ်နေကြတယ်။ တချို့အမေတွေကျတော့လည်း ပါးစပ်က သွေးရူး

mgyoe.com

mgyoe.com SAMPLE BOOK

သွေးတန်းတွေ အော်ဟစ်ပြီး မီးလောင်ကျွမ်းထားတဲ့ ရင်အုံကြီးက နို့နဲ့ ကလေးတွေကို ယောင်ယမ်း တိုက်ကျွေးနေကြလေရဲ့။

ရေထဲ ခုန်ချကြတဲ့ ကျောင်းသားကလေးတွေကတော့ ရေမျက်နှာပြင်ပေါ်မှာ လက်အုပ်ကလေးချီ ပေါ်နေပြီး မမြုပ်မချင်း တစ်ချိန်လုံး အဖေ၊ အမေတွေ အော်ခေါ် ရှိခိုး ဆုတောင်းနေကြပါတယ်။

သူတို့ကို ကယ်ဖို့ရာ၊ အကူအညီ ပေးဖို့ရာ ဘယ်လိုလူမျိုးမှ မသွားနိုင်ကြပါဘူး။ လူရှိရှိသမျှ အားလုံးဟာ မချိမဆံ့ မီးလောင်ကျွမ်းထားကြပြီး မီးလောင်ဒဏ်ရာကြီးတွေနဲ့ ရှေ့ဆက်သွားကြဖို့တောင် မစွမ်းနိုင်ကြတော့ဘူး။

ဒုက္ခသည်တွေတိုင်းရဲ့ ခေါင်းက ဆံပင်တွေဟာ ဖြူဆွတ်သွားပြီး ရှုံ့တွန့် ကောက်လိမ်လို့ သွားကြတဲ့အပြင် ဖုတ်တွေ၊ ဖုန်တွေ လူးနေကြတယ်။ သူတို့ ကြည့်ရတာ လူနဲ့ နည်းနည်းမှ မတူကြတော့ဘူး၊ သဘက်ကြီးတွေနဲ့ တူနေကြတယ်။

ဒီမြင်ကွင်းကို ကျွန်မ ကြည့်လိုက်ရတဲ့အခါမှာ ကျွန်မ လက်နှစ်ဖက်ကို ကျွန်မ ကြည့်လိုက်မိတယ်။ ကျွန်မလက်တွေဟာ သွေးတွေရွဲနေတာ တွေ့ရတယ်။ ကျွန်မရဲ့ လက်မောင်းနှစ်ဖက်စလုံးမှာလေ ဂုန်နီအိတ်စုတ်က ဖွာထွက် လန်နေသလိုပဲ လက်မောင်းက အသားတွေ၊ အရေတွေ အမြွာမြွာ ဖွာလန်ကျ နေကြတာဟာ တချို့ အရောင်က ဖြူလို့၊ တချို့ အရောင်က နီရဲလို့၊ တချို့ အရောင်က နက်မည်းလို့ စိုရွဲနေကြတယ်။

ကျွန်မဖြင့် နာကျင်တာထက် အံ့အားကြီးသင့်ပြီး အိတ်ထဲက လက်ကိုင်ပဝါကို ထုတ်ယူဖို့ လက်နှိုက်လိုက်တော့ ပိုပြီး အံ့အားသင့်သွားရတာက လက်ကိုင်ပဝါလည်း မရှိဘူး။ အိတ်ဆိုတာလည်း မရှိဘူး။ လက်ကိုင်ပဝါရော၊ အိတ်ရော ပေါင်အောက်မှာ ကပ်ပြီး ပြာဖြစ်နေကြပြီ။

ကျွန်မမျက်နှာဟာ ဖူးရောင်ကားလာပြီး ပူဖိန်းနေတာကို ကျွန်မ ခံစား သိရတယ်။

ဒီဝေဒနာတွေကို ကျွန်မ ဘာတတ်နိုင်သေးသလဲ၊ ဒီလိုပဲ ခံစားနေရတယ်။

လူအုပ်ထဲမှာ ပါတဲ့ ကျွန်မမိတ်ဆွေက မြို့ပြင်မှာ ရှိတဲ့ ကျွန်မအိမ်ကို ကျွန်မ ပြန်ဖို့ တိုက်တွန်း ပြောဆိုနေတယ်။

ကျွန်မတို့ ကျော်ဖြတ်ပြေးလာကြတဲ့ လမ်းဘေးနှစ်ဖက်စလုံးမှာ တောက်လောင် ပင့်ဟပ်နေကြတဲ့ မီးညွန့် မီးတောက်ကြီးတွေဟာ ပြေးနေရင်း ကျွန်မ ကျောပြင်ကို လာဟပ်ကြလို့ ဘယ်လောက် ပူလောင်လှတယ် ဆိုတာ ပြောမပြတတ်ပါဘူးရှင်။

မီးတောက်ကြီးတွေ ကြားထဲက ဟိုက သည်က အော်ဟစ်ပြီး အကူအညီ တောင်းနေကြတဲ့ အသံဗလံတွေဟာ အချိန်အနည်းငယ်ပိုင်း အတွင်းမှာပဲ အရှိန်ပြင်းလှတဲ့ မီးတောက်ကြီးက ဝါးမျိုပစ်လိုက်တာနဲ့ပဲ အသံတွေဟာ တိတ်သွားကုန်တယ်။

ခြောက်နှစ်သားလောက် ရှိမယ့် ကလေးလေးဟာ တစ်ကိုယ်လုံး သွေးတွေ ရွဲရွဲ လိမ်းကျံနေပြီး သံအိုးတစ်ခုကို လက်တစ်ဖက်က ကိုင်ပြီးတော့ သူ့ရှေ့က တဟုန်းဟုန်း လောင်ကျွမ်းနေတဲ့ အိမ်ကြီးကို ကြည့်ပြီး အသံကုန် ကုန်းအော်နေတော့တယ်။ ကျွန်မမှာ

mgyoe.com

mgyee.com SAMPLE BOOK

ဒီကလေးကို အကူအညီပေးနိုင်ဖို့ဝေးစွ၊ ကျွန်မကိုယ်ကျွန်မ မချိမဆံ့ဖြစ်နေတော့ သူ့ကို ဖြတ်ကျော်သွားဖို့မှတစ်ပါး ဘာမှ မတတ်နိုင်ဘူးရှင်။

မီးလောင် ပြိုကျနေတဲ့ အိမ်တွေရဲ့အောက်မှာ ပိနေကြတဲ့ လူသားတွေကို ဘယ်လိုလုပ်ပြီး ကယ်ဆယ်လို့ ရမလဲလို့ ကျွန်မက တွေးလိုက်မိတယ်။

ကျွန်မနဲ့ အဖော် လေးယောက်စလုံးက အိပ်မက်ထဲမှာလိုပဲ ဗုံးကျတဲ့ နေရာကို ဖြန့်းခနဲ ရောက်သွားတယ်။ အဲဒီနေရာဟာ မြို့က လူတွေ ရှောင်တိမ်း နေကြတဲ့ နေရာနဲ့ မျက်နှာချင်းဆိုင် ဖြစ်တယ်။ အိမ်ပြန်ချင်တဲ့ ဇောက မွှန်နေတာကြောင့် ဒီလိုဖြစ်ရတယ်။

အင်နာရီကချီးတံတား ရောက်သွားကြတော့ မြစ်ကူးတံတားကြီးက မရှိတော့တဲ့ အတွက် မြစ်ကို ဖြတ်ပြေးစရာလမ်း မရှိတော့ဘူး။ ကျွန်မတို့ ဒီနေရာက ဖူတာဘုရားမ တောင်ကို ပြန်လှည့်ပြေးကြဖို့ပဲ ရှိတော့တယ်။

ကျွန်မတို့ တောင်ခြေရင်းနားကို ရောက်သွားကြတော့ ကျွန်မဟာ နာကျင်လှတဲ့ ဝေဒနာတစ်ဖက်နဲ့ အားကုန်အမောဆို့သွားပြီး ရှေ့ကို တစ်လှမ်းတိုးလှမ်းဖို့တောင် မတတ်နိုင် တော့တဲ့ အခြေဆိုက်နေတယ်။

''ကျွန်မကို ခဏလေးမှ မစောင့်နိုင်ဘူးလား။ ခဏလေးလေ ခဏလေးရယ်''

လို့ ကျွန်မအဖော်တွေကို ပြောမိသေးပေမယ့် ကျွန်မ အားခဲပြီး တောင်ခြေရင်းကို အရောက်သွားခဲ့ပါတယ်''

အဏုမြူ ဒုက္ခသည်မကလေး မစ္စစ်အက်ဆူကို ဆူဂျီအိုကား၏ သူ့ကိုယ်တွေ့ အဖြစ်အပျက်သည် ကျွန်မ ရင်ဘတ်ပေါ်၌ ပိတင်နေလေ၏။ ညက ဟိုတယ်အောက်ထပ် ၌ စည်းဝေးအပြီး ကျွန်မအခန်းထဲသို့ ကိုင်ယူလာခဲ့သော ''၈ နာရီနဲ့ ၁၅ မိနစ်အချိန်''ဟု ခေါင်းစဉ် တပ်ထားသည့် စာအုပ်ကို ဖတ်ရင်း ရင်ဘတ်ပေါ်တင်ကာ အိပ်ပျော်သွား သည်။ ဤစာအုပ်မှာ ဟီရိုရှီးမားငြိမ်းချမ်းရေး ကော်မတီအဖွဲ့မှ စုဆောင်းထုတ်ဝေသော စာအုပ် ဖြစ်သည်။

နံနက်လင်း၍ ခုတင်ပေါ်မှ တဖြည်းဖြည်း မျက်လုံးဖွင့်လိုက်သောအခါ၌ ညက စာဖတ်ရင်း မိုးလင်းခါနီးမှ အိပ်ပျော်သွားကာ မပိတ်မိဘဲ လင်းနေသော မီးကို ရှေးဦးစွာ သွားမြင်လိုက်သည်နှင့်ပင်လျှင် ရင်ပေါ်၌ တင်ထားသော စာအုပ်ကို အမှတ်ရကာ စာအုပ်ထဲမှ အဏုမြူဒုက္ခသည် ကျောင်းသူကလေး အက်ဆူကို ဆူဂျီအိုကား၏ ကိုယ်တွေ့ အဖြစ်အပျက်များသည် ကျွန်မ မျက်စိရှေ့၌ ဇာတ်ခင်းလျက် ကွက်ကွက်ကွင်းကွင်းကြီး ပြန်မြင်နေတော့လေသည်။ အဖြစ်အပျက် တစ်ခုလုံးသာမက သူ့အသံကလေးကိုပင် သူ ပြောနေ၍ နားထဲ၌ ကြားရတော့သလိုလို စိတ်ထဲ၌ မှတ်ထင်နေမိသည်။

သူသည် စစ်ကာလအတွင်း၌ မပါမနေရ အတင်းအကျပ် ဖွဲ့စည်းထားသော (ဘော်လံဒီယာ)အပျော်တမ်း တပ်ဖွဲ့ဝင်တစ်ဦး ဖြစ်သည်။ သူတို့၏ လုပ်ငန်းမှာ စစ်အတွင်း မီးမလောင်ရန် အိမ်များ လိုက်ဖျက်ရသော အိမ်ဖျက်အဖွဲ့ ဖြစ်လေ၏။ လူစုလူဝေးနှင့်

mgyee.com

mgyoe.com SAMPLE BOOK

တံတားတစ်ခုနားတွင် သူတို့ လုပ်ငန်းကို စတင်လုပ်နေကြချိန်တွင် အဏာမြူဖုံးကျကာ သူ ကြုံရသော သူ့အဖြစ်ကို သူကိုယ်တိုင် ရေးသား မှတ်တမ်းတင်ထားလေသည်။

ကျွန်မသည် ခုတင်ပေါ်မှ တော်တော်နှင့် မထသေးဘဲ ရင်ပေါ်၌ ခေါက်ထားသော စာအုပ်ကို ယူလိုက်ကာ ထောင်ကြည့်လိုက်သည်။ ကျွန်မ ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ကြေကွဲလာလေသည်။ ''သည်နေ့ သည်မနက်ပေါ့''ဟု တွေးလိုက်မိသော အတွေးမှ ဆက်လက် ခေါ်ဆောင်သွားသော အတွေးများသည် ကြောက်မက်ဖွယ်ရာ ကောင်းလောက်အောင် ရုပ်လုံးပေါ်လာကြလေ၏။

သည်ပုံသည်နည်းဖြင့် ထိုအချိန်တုန်းက အဏာမြူဒုက္ခသည်တို့၏ ကိုယ်ခန္ဓာတို့၌ မီးလောင်ကျွမ်းထားသော အသားအရေတို့သည် နီလန်လျက် အခွံအမြှာမြှာကွာကျနေပုံများသည် ငရဲပြည်က ငရဲသားတွေနှင့် တစ်ပုံတည်း တူနေတော့သည်။

ဝေဒနာကို မရှုမလှ မချိတင်ကဲ ခံစားလျက် ရှိကြကုန်သော ဒုက္ခသည်တို့သည် အသားကုန်ဟစ်လျက် သူတို့ စိတ်ထဲ၌ ရှိသော နာမည် အမျိုးစုံကို ကျုံးအော်ခေါ်နေကြလျက်ရှိတော့သည်။

အချို့သော ကလေးသူငယ်များသည် မီးလောင်ပြိုကျသွားသော မီးဖုတ်ထားသလို ရဲရဲနီနေသည့် သံရက်မချောင်းကြီးများအောက်၌ ပိနေကြလေရာ အဘယ်လူသား၏ လက်နှင့်မျှ မီးရဲနေသော သံရက်မကြီးများကို မထိကိုင်နိုင်၊ မရွေ့ဖယ်နိုင်ကြချေ တကား။

မီးဟုန်းဟုန်း တောက်လောင်နေသော မီးတောက်တွေထဲတွင် မိခင် လုပ်သူသည် အိပ်ရာခုတင်ပေါ်တွင် လောင်ကျွမ်း သေဆုံးနေလျက် ခုတင်ကို ပတ်ချာလည် ပြေးနေသော ကလေးငယ်ကို မီးတောက်တွေ ကြားထဲမှ မြင်ရ၏။

ရာပေါင်းမက၊ ထောင်ပေါင်းမကသော ယောကျ်ား၊ မိန်းမအုပ်ကြီးသည် မီးနှင့် လွတ်ရာလွတ်ကြောင်းဖြစ်သော ကယ်ဆယ်ရေးစခန်း၊ မြို့ပြင်၊ သို့မဟုတ် တောင်တို့ကို အငမ်းငမ်း လိုက်ရှာကြပုံများမှာ မိမိရှေ့၌ အလျှံညီးညီး တဟုန်းဟုန်း တောက်လောင်လျက်ရှိနေသော မီးပုံကြီးကို တိုးဝင်ဖြတ်ကျော်၍ ရှာဖွေကြသည်အထိ ဖြစ်တော့၏။

၂၄ နာရီ ကာလပတ်လုံး တဟုန်းဟုန်း လောင်ကျွမ်းသွားသည့် အခြားမဲ့၌ ဟီရိုရှီးမားမြို့ကြီးသည် မြို့သေကြီး ဖြစ်သွားလေတော့၏။

အသက်ချမ်းသာဖို့ရန် မျှော်လင့်ချက် ကင်းဝေးလျက် အားကုန်ခန်းကျသွားသော သူတို့သည် မော်တော်ကား လမ်းမကြီးပေါ်၌ ကားလမ်းကို ခေါင်းအုံးပြီး ပစ်လှဲကြလေ၏။

လမ်းပေါ်တွင် ရပ်နေသော မော်တော်ကားကြီးများသည် အထဲ၌ ဘာမျှမကျန်ရှိဘဲ မီးဖုတ်ထားသည့် သံမဏိခဲကြီးအဖြစ် ရဲရဲနီနေလေကာ မီးတရဲရဲနီနေသော သံတွေကြားထဲတွင် လူရိုးတွေ စုထပ်လျက် ရှိကြတော့သည်။

လမ်းပေါ်၌ ပြေးနေသော ဓာတ်ရထားများ၌လည်း ခရီးသည်တို့သည် တိုးဝှေ့လုဆင်းပြေးကြရန် ကြံရွယ်ကြပုံ ပေါက်သည်မှာ မီးကျွမ်းနေသော ဓာတ်ရထား အပြင်

mgyoe.com

mgyoe.com
SAMPLE BOOK

ဘက်၌ တစ်ပိုင်းတစ်စ တွဲလောင်းထွက်ကျလျက်ရှိသော မီးလောင်ကျွမ်းထားသည့် များလှစွာသော လူ့ခြေထောက်များသည် အရိုးချည်းအတိုင်း တသီတတန်းကြီး တိုးလိုး တွဲလောင်း ချိတ်နေကြကုန်သည်။

(ကျောင်းသူကလေး အက်ဆူကို ဆူဂျီအိုကားကဲ့သို့) မပါမနေရ အတင်းအကျပ် ဖွဲ့စည်းထားသော အိမ်ဖျက်တပ်ဖွဲ့မှ ကျောင်းသား လူငယ် လူမမည်ကလေးတို့သည်ကား မီးလောင်ကျွမ်းသွားသော ခန္ဓာကိုယ်တို့ဖြင့် အဘ၊ အမိတို့၏ အမည်များကို အသံသဲ့သဲ့ လေးနှင့် တခေါ် ငိုညည်းလျက် ရှိကြတော့သည်။ အချို့သော ကျောင်းသူ၊ ကျောင်းသား ကလေးများမှာမူ ပြင်းပြစွာ ပူလောင်လွန်းလှသဖြင့် မခံမရပ်နိုင်၍ ပူလောင်ခြင်းမှ အေးစေရန် မြစ်ထဲသို့ ခုန်ချနေကြလေသည်။

မြစ်ထဲက မြစ်ရေသည် ရေနွေးဆူနေသော အပူချိန်ဒီဂရီထက် ငါးဆတိုး၍ ကျိုက်ကျိုက်ပွက် ပူနေလေရာ သူတို့သည် မပြန်လမ်းသို့ ရောက်သွားကြတော့၏။

ယင်းသို့ အဏုမြူပုံး၏ ရှုကွင်းကြီးကို ရုပ်လုံးပေါ်အောင် တစေ့စေ့ မြင်နေရ သော ကျွန်မမှာ ရင်ထဲ၌ ဆို့ကျပ်လာသဖြင့် မျက်လုံးများကို ပြန်မှိတ်ထားမိသည်။ ကျွန်မ ခုတင်ပေါ်မှ ဆင်းရပ်လိုက်သည့်အခါ၌ အားအင်နည်းနေသော လူမမာတစ်ယောက် လိုပင် ကတုန်ကယင် ဖြစ်နေလေသည်။

ဟိုတယ်ရှေ့၌ ကျင်းပမည့် အထိမ်းအမှတ်ပွဲ တက်ရမည်ကြောင့် အချိန်မီရန် ရေချိုးခန်းထဲ၌ ကပျာကယာ မျက်နှာသစ်နေစဉ်တွင် သေသူတို့၏ ဝိညာဉ်များ မြှုပ်နှံထားရာ ပေါင်းမိုးဂူကြီးရှေ့၌ ဂျပန် ဘုန်းတော်ကြီးများ၏ ဆုတောင်းရွတ်ဖတ်နေကြသော အသံများနှင့်အတူ ကြေးစည်သံလေးပါ လွင့်လာလေသည်။

ကျွန်မသည် မျက်နှာသစ်နေရာမှ ကြားရသော ကြေးစည်သံလေးကို စိုက်လျက် အာရုံပြုနေခိုက် စိတ်ထဲ၌ စစ်တားဆီးရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းကြီး ရှေ့တိုး လုပ်ဆောင်နိုင်ရန် အဓိဋ္ဌာန်ပြုလျက် နေမိလေ၏။

၁၉၅၈ ခု၊ ဩဂုတ်လ ၆ ရက် ညနေ့ ညနံနက်တွင် ကျွန်မ၏ အသည်းနှလုံး ထဲ၌ ဝဲကာ ဝေ့ကာ မြည်ကျူး ရိုက်ခတ်လျက် ရှိနေသော ကြေးစည်သံကလေးကို ကျွန်မ အသက်ထက်ဆုံး အောက်မေ့သတိရလျက် နေပေဦးတော့မည်။

**ရှုမဝမဂ္ဂဇင်း၊ အတွဲ ၁၂၊ အမှတ် ၁၃၇။**

❑

mgyoe.com

mgyoe.com

SAMPLE BOOK

## နာဂါဆာကီး

မြူတိမ်နှင့် မိုးငွေ့တွေ လွှမ်းမိုးနေသော တောင်တို့သည် မှိုင်းညို့ညို့ ရှိကြလျက် တောင်စွယ်မှ ပြူထွက်စပြုနေသော နေရောင်သည် မြို့ကို ဟပ်၍ နေလေ၏။

ကျွန်မသည် အိပ်ရာမှ စောစောထခဲ့ကာ ဟိုတယ်အောက်ထပ်၌ လမ်းလျှောက်နေသည်။ ယနေ့နံနက် ဟီရိုရှီးမားမှ နာဂါဆာကီးသို့ ခရီးဆက် ထွက်ရအံ့။

နှစ်လိုဖွယ်ရာ ရှုမြင်ရသည့် နံနက်ဦးဖြင့် စိတ်ရောကိုယ်ပါ လန်းဆန်း ကြည်အေးလျက် ရှိသော်လည်း နားများမှာ အူနေတုန်းပင်။ အထိမ်းအမှတ်ပွဲကြီးမှသော် လည်းကောင်း၊ လူထုစည်းဝေးပွဲကြီးမှသော်လည်းကောင်း၊ မီးထွန်းပွဲကြီးမှသော် လည်းကောင်း၊ လူတို့ပါးစပ်မှ အဆက်မပြတ် ဟစ်အော်ကြွေးကြော်ကြသော အဏုမြူဗုံးဆန့်ကျင်ရေး အသံဗလံများသည် နားမှမထွက်။ တစီစီ ဆူလျက် ညံလျက် အူလျက်ပင် ရှိနေသေး၏။

ဘုံဘေမြို့မှ အမျိုးသမီး ဆရာဝန်မကြီး ပြန်သွားသဖြင့် ကျွန်မတို့ နိုင်ငံခြားကိုယ်စားလှယ် ခရီးသွားအဖွဲ့တွင် အမျိုးသမီးတစ်ဦးတည်း ဖြစ်နေပြန်၏။ နိုင်ငံခြားသားများမှာ အမျိုးသမီးကို ညှာတာဖေးမ ဦးစားပေးကြသည့် ဓလေ့ ရှိကြသည့်အတိုင်း ကျွန်မမှာ ကိုယ့်သားရေအိတ်မှ ကိုယ် မဆွဲလာရဘဲ ဘူတာရုံသို့ သက်သက်သာသာ ဆင်းလာခဲ့ရ၏။

နာဂါဆာကီးသို့ ညနေရောက်မည်ဖြစ်၍ ကျွန်မတို့အဖွဲ့ ဒုတိယတန်း၌ စီးကြရသည်။ ဟော်လန်၊ ကနေဒါ၊ သြစတြေးလျ၊ အင်ဒိုနီးရှားနှင့် မြန်မာပြည်မှ

mgyoe.com

mgyoe.com SAMPLE BOOK

ကိုယ်စားလှယ် ငါးဦးမှာ ကိုယ်စားလှယ်အုပ်ထဲ၌ တစ်ခုတည်းအဖွဲ့ကလေး ဖြစ်နေသော ကြောင့် ဤလူစုကို မကွဲအောင် စကားပြန်က နေရာချစီစဉ်ပေးသည်။

ဟော်လန် ကျောင်းဆရာသည် ကျွန်မတို့လူစုထဲ၌ ဘွင်းဘွင်းရှင်းရှင်း ပြောတတ် ဆိုတတ်သည်။ သူ့အသံ အကျယ်ဆုံး ဖြစ်သည်။ သူ့ထင်မြင်ချက်ကို အားမနာပါးမနာ ဝေဖန်ပြောဆိုတတ်၏။

"လေးကြိမ်မြောက် အဏုမြူဗုံး ဆန့်ကျင်ရေး ကမ္ဘာ့ညီလာခံကြီး ကျင်းပပြီးရင် ဂျပန်ကောင်စီ ဥက္ကဋ္ဌ ပါမောက္ခ မစ္စတာရာစုရီတော့ ဆိုဗီယက် သွားပြီး ငြိမ်းချမ်းရေးဆု သွားယူလိမ့်မယ်။ ကျုပ်ဆန္ဒကတော့ ချက်ချင်းသွားယူတာ မကြိုက်ဘူးဗျ။ တစ်ဖက်က ကွန်မြူနစ်တွေလို့ စွပ်စွဲနေတာ ပိုပြောကြမှာပဲ"

ကနေဒါနှင့် ဩစတြေးလျက ပြုံးနေကြသည်။

"မယူလည်း စွပ်စွဲတာပဲ၊ ယူလည်း စွပ်စွဲမှာပဲ။ ဒါကတော့ အကြောင်းမထူး ပါဘူး"ဟု အင်ဒိုနီးရှားက ဝင်ပြောသည်။

"ကျုပ်တို့ ဟော်လန်က ငြိမ်းချမ်းရေးအဖွဲ့မှာ လူမျိုးစုံ ပါကြတယ်။ ကျုပ်တို့လို ပါတီနဲ့ ကင်းရှင်းပြီး လွတ်လပ်တဲ့ လူတွေကလည်း ပါဝင်ကြတော့ ကွန်မြူနစ်တွေကို စားပွဲခုံ အောက် ဝှက်ထားပြီး အဖွဲ့ကျယ်ပြန့်ရေးအတွက် ကျုပ်တို့က ရှေ့က လုပ်ယူရတယ် . . ."

ကျွန်မမှာ အချီအချ ဝေဖန်ပြောဆိုနေကြသံများကို ကြားနာရင်း မည်သို့မျှ ပါတီ နိုင်ငံရေးနှင့် မပတ်သက်သော ဤငြိမ်းချမ်းရေး လုပ်ငန်းကြီးသည် နိုင်ငံရေးဆောင်ရွက်ချက် များတွင် ငြိမ်းချမ်းရေးနှင့် ဟပ်မိအောင် သင့်လျော် မှန်ကန်သော လုပ်ဟန်လုပ်နည်း အရေးကြီးကြောင်း တွေးနေလေသည်။

တစ်နေ့လုံး သွားကြရသော ခရီးတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ငြိမ်းချမ်းရေးအဖွဲ့၏ တိုးတက်ကျယ်ပြန့်ရေးကို ရှေးရှုကြလျက် ဝေဖန်သုံးသပ် အကြံပေးချက်များ ဆွေးနွေး ပြောဆိုသွားကြသဖြင့် အချိန်ကုန်မှန်းပင် မသိချေ။

နာဂါဆာကီးမြို့သို့ ရထားဝင်လျှင် ဧရာမလူကြီးတစ်ယောက် ကောင်းကင်သို့ လက်ညှိုးထောင်ပြနေသော ကျောက်ရုပ်ကြီးကို တွေ့ကြရ၏။

"အဏုမြူဗုံး ကျပြီးမှ နာဂါဆာကီးမှာ အထိမ်းအမှတ် လုပ်ထားတဲ့ အရုပ်ကြီးပဲ" ဟု စကားပြန်က ပြောပြသည်။

ကျွန်မတို့ ရထားဆိုက်လျှင် ဘူတာရုံ၌ အဏုမြူဗုံး ဆန့်ကျင်ရေး ကောင်စီမှ စည်ကားသိုက်မြိုက်စွာ ကြိုဆိုနေကြသည်။ ကိုယ်စားလှယ်အဖွဲ့ကိုယ်စား ပန်းစည်းကြီးကို လက်ခံလိုက်ကာ ဘူတာရုံတစ်လျှောက်လုံး သတင်းထောက်များ ပိတ်ညပ်လျက် ဓာတ်ပုံ ရိုက်နေကြသည်။

ကိုယ်စားလှယ်အဖွဲ့ကို ဝိုင်းလျက် မေးခွန်းပေါင်းစုံ မေးမြန်းကြသော သတင်းစာ တိုက်များမှ သတင်းထောက်တို့အား ဟော်လန်က အဖွဲ့ကိုယ်စား သူချည်းပဲ ဖြေလေ၏။

mgyoe.com

''အဏုမြူဖုံး ဆန့်ကျင် ကန့်ကွက်ရေးသာမက ကမ္ဘာက အဏုမြူ ဒုက္ခသည်တွေလည်း ပစ်မထားကြဖို့၊ ကူညီစောင့်ရှောက်ကြဖို့ မေတ္တာရပ်ပါရစေ'' ဟု အဆုံးသတ်တွင် ပြောလိုက်ပြီးနောက် ဘူတာရုံမှ ဟိုတယ်သို့ သွားကြရန် ကားပေါ်သို့ တက်ကြသောအခါ ကားမထွက်ခင်ကစ၍ ဟိုတယ် ရောက်လာသည့်အထိ အဏုမြူ ဒုက္ခသည်တွေအား ပစ်မထားအပ်ကြောင်း မဆုံးနိုင်အောင် ပြောဟောလာလေ၏။

ကျွန်မက မစ္စတာဟော်လန် စကားပြောရတာ မောရော့မယ်ဟု ပြောမိသည်။ ကနေဒါက ''သူ ကျောင်းဆရာဆိုတော့ အကျင့်ရှိပါတယ်၊ မပူပါနဲ့'' ဟု ပြောကာ ရယ်နေလေ၏။

ကိုယ်စားလှယ်အဖွဲ့မှာ ဟိုတယ်နှစ်ခု၌ ခွဲတည်းကြရသည်။ ကျွန်မတို့ ငါးဦးမှာ တစ်စုတည်း ကျသည်။ ညနေဘက်၌ ဘာမျှအစီအစဉ် မရှိသဖြင့် ဟိုတယ်မှ ခြေဦးတည့်ရာ ထွက်လာခဲ့သည်။

နာဂါဆာကီးမြို့မှာ ဟီရိုရှီးမားထက် စည်ကားလျက် ဈေးမြို့ကြီး တစ်မြို့ ဖြစ်သည်။ မဆုံးနိုင်သော ဈေးတန်းကြီး၌ လူသွားလမ်းပေါ်တွင် မျက်နှာကြက်သဖွယ် အဝတ်အမိုး မိုးထားလေ၏။ ဖုံးကျပျက်စီးပြီးနောက် ပြန်လည်ထူထောင် တည်ဆောက်ထားသော မြို့သစ်ကြီး ဖြစ်သည်။ လူသုံးကုန်ပစ္စည်းများကို နေရာမလပ် ရောင်းချလျက်ရှိကြ၏။ တစ်နေရာတည်း၌ လိုချင်ရာရသော ဆိုင်ကြီးများလည်း ရှိလေ၏။ ပိုလျှံပေါများလှသော ကုန်ပစ္စည်းတွေ ကားလမ်းပေါ်တွင် ပုံနေတော့သည်။ ဘယ်ကြည့်ကြည့် ဆိုင်နှင့် ကုန်ပစ္စည်းအပြည့်နှင့် တွေ့မြင်ရ၍ မြို့ကြီးတစ်မြို့လုံးမှာ အဝတ်အစား၊ အသုံးအဆောင်၊ စားနပ်ရိက္ခာ သိုလှောင်ထားသော ဂိုဒေါင်ကြီးနှင့် တူလေတော့သည်။

မိုးဖွားများ ကျလာ၍ ကုန်းမြင့်သို့ တက်ရသည်။ လမ်းတစ်ခုကို ကျော်ဖြတ်သွားရသည်။ ထိုလမ်းမှာ အစားအသောက် ရောင်းသော ဈေးတန်း ဖြစ်သည်။ အစားအသောက်ဆိုင်ထဲ၌ ရောင်းချသမျှသော ထမင်းဟင်းလျာ၊ မုန့်ပဲ သရေစာများကို ဆိုင်ရှေ့၌ ဗီရိုကြီးတစ်ခု ချကာ အထဲ၌ ပန်းကန်ခွက်ယောက်တို့နှင့် နမူနာပုံစံအတု လုပ်ပြထားကြသည်။ ပုံစံနမူနာ ဟင်းလျာပန်းကန်ခွက်မှ နံပါတ်နှင့် လက်မှတ် အရင်ဝယ်ယူပြီးမှ လက်မှတ်ပြ စားသောက်ကြရသဖြင့် ဆိုင်ပိုင်ရှင်များအတွက် ပိုက်ဆံမရဘဲ မရှိချေ။

မိုးတပေါက်ပေါက်ကျကာ စဲသွားမှ ဟိုတယ်သို့ ပြန်ရောက်သွားသည်။ အအေးမိသွားသဖြင့် ထိုနေ့ည ဟိုတယ်ခန်းထဲမှ အပြင်သို့ မထွက်တော့ဘဲ အနားယူလိုက်လေ၏။

နောက်တစ်နေ့ နံနက်စာ စားသောက်ပြီးမှ နာဂါဆာကီး အဏုမြူဖုံး ဆန့်ကျင်ရေးကောင်စီ ညှိနှိုင်းပွဲမှ ကိုယ်စားလှယ်များကို ဘတ်စ်ကားကြီးနှင့် သယ်ဆောင်ကာ ဗုံးကျသော နေရာများကို လိုက်လံပြသကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပန်းဥယျာဉ်ကြီး တစ်ခုရှေ့၌ ကားရပ်လိုက်သည်။ ဤနေရာ၌ အဏုမြူဗုံး တည့်တည့်ကျသောနေရာ ဖြစ်သောကြောင့် ကျောက်တိုင်ကြီး စိုက်ထူထားသည်။ မိနစ်ပိုင်းအတွင်း သေသူ၊ ဒဏ်ရာရသူ တစ်သိန်းငါးသောင်းကျော်ရှိကြောင်း ကမ္ပည်းထိုး ရေးထားလေ၏။

နာဂါးဆာကီးမြို့မှာ ခရစ်ယာန်သာသနာ ထွန်းကားသော မြို့ဖြစ်သည်။ ရှေးက ဒတ်ချ်လူမျိုးတို့ကို ဤမြို့၌ အခြေစိုက်ရန် နေထိုင်ခွင့် ပေးသဖြင့် ဘုရားရှိခိုးကျောင်း ပေါများသည်။ ဗုံးကျပျက်စီးသွားပြီး ကြွင်းကျန်ရစ်ခဲ့သော ဘုရားရှိခိုးကျောင်းကြီးမှ အစိတ်အပိုင်းတစ်ခုကို ဤနေရာသို့ ရွှေ့ပြောင်းယူကာ အမှတ်တရ ပြထားသည်။

နာဂါးဆာကီးမြို့၌ အဏုမြူဗုံးချသော အချိန်မှာ နံနက် ၁၁ နာရီနှင့် ၁၀ မိနစ် အချိန် ဖြစ်သည်။ ကျောင်းများတွင် စာသင်နေကြသော ကလေးသူငယ်ပေါင်း တစ်သောင်း ငါးထောင်ခန့် အရိုးအသား ရှာမတွေ့တော့ချေ။ ဘာသာရေး ကျောင်းများ၊ ကောလိပ်ကျောင်း ကြီးများ ပေါများလှသော နေရာတစ်ဝိုက်နှင့် ရုံးအဆောက်အအုံ၊ အလုပ်ရုံတွေ ပါသွားလေ သည်။ ကျောင်းတက်၊ အလုပ်တက်၊ ရုံးတက်နေကြသော အချိန်ဖြစ်သဖြင့် အုပ်စုလိုက် သေကျေပျက်စီးရတော့၏။

ကျွန်မတို့ကို ဗုံးကျသည့်နေရာများ၊ ပျက်စီးသည့်နေရာများ အနှံ့အပြား လိုက်ပြသည်။ အချို့လည်း ပြန်လည်ထူထောင်ပြီး၍ နေရာအမှတ်အသားသာ ရှိလေသည်။

အမျိုးသား အဆောက်အအုံ ပြတိုက်ကြီးသို့ ရောက်သွားကြသည်။ အထပ် ခြောက်ထပ် ရှိလျက် ပန်းဥယျာဉ်၊ ရေကန် မြက်ခင်းတို့နှင့် လှပတင့်တယ်သော အဆောက်အအုံ ကြီး ဖြစ်သည်။ ဤအဆောက်အအုံ ဆောက်ရန်အတွက် ဆိုဗီယက်နှင့် တရုတ်က အလှူငွေ ပါဝင်ကြသည်ဟု ပြောသည်။

ထိုအဆောက်အအုံကြီးထဲ၌ အဏုမြူဗုံးကျစဉ်က ဖြစ်ပျက်သမျှ အဏုမြူ အထိမ်းအမှတ် ပြတိုက်ကြီး ရှိလေ၏။

ကျွန်မမှာ မတွေ့မမြင်ချင်တာတွေကို ပြန်၍ တွေ့ရ မြင်ရပြန်လေသည်။

ပြတိုက်ခန်းထဲ၌ လက်ပြတ် ခြေပြတ်များကို အဝတ်နှင့်ထုပ်လျက် တွန့်လိန် စုတ်ပြတ် ကွေးကောက်သွားဟန် ပြသထားသော ဗီရိုကို တန်းတွေ့ရလေ၏။

ကောလိပ်ကျောင်းနှင့် စာသင်ကျောင်းများ ပျက်စီးသွားပုံများကို ဓာတ်ပုံကြီးနှင့် ချိတ်ပြထားသည်။ ဆေးရုံ၊ အလုပ်ရုံ၊ ဈေးရုံ၊ စာတိုက် စသော အဆောက်အအုံကြီးများမှာ ပြာပုံကြီး ဖြစ်နေကြသည်။ အဏုမြူဗုံးကျပြီး ၁၅ မိနစ်အကြာ ရိုက်ကူးထားသော ကောင်းကင်၌ တွဲလောင်းဆိုင်းနေသော အဏုမြူ မီးခိုးလုံးဖြူကြီးတွေကား အပျက်အစီး တွေအပေါ်၌ ပန်းဆိုင်းကြီးကဲ့သို့ တွဲဆိုင်းနေကြသည်။

ပန်းချီဆရာ ခင်ရီမာရူကား၏ လူတစ်ရပ်ခန့်ရှိမည့် လက်ရာ ပန်းချီကားကြီးသည် ပြတိုက်ခန်းမကြီးထဲ၌ မြင်သူတို့၏နှလုံးကို ဆွေးမြည့် ကြေကွဲသွားစေအောင် ရေးဆွဲ

mgyoe.com

mgyoe.com SAMPLE BOOK

ပြထားပေသည်။ လူတစ်ကိုယ်လုံး အဝတ်အစား မရှိကြဘဲ လူ့အသားအရေများမှာ သားမွေးအဝတ် လွှမ်းခြုံထားသကဲ့သို့ အမျှင်လိုက် အမွေးကဲ့သို့ ဖွာရှုပ်နေကြလျက် ဒဏ်ရာ ဒဏ်ချက် ပြင်းစွာဖြင့် ပုံပန်းပျက်နေသော ကလေးများကို ပိုက်ချီထားသော ပုံကားကြီး ဖြစ်ပါသည်။

စားသောက်ဆိုင်များထဲမှ ဖန်ခွက်ကိုင် သောက်နေသော လူအပေါင်းတို့၏ လက်အသီးသီးမှာ ကြေမွလျက် ပုလင်းတွေ၊ ဖန်ခွက်တွေနှင့် လုံးထွေးပြီး အခဲကြီး ဖြစ်နေပုံကိုလည်း ဗီရိုထဲ၌ ထည့်ပြထားသည်။

မီတာ ၄၀၀၊ မိုင် ၃၀၀ အကွာအဝေးမှ ရှိရှိသမျှ ပုလင်းတွေ ပျော်ပြီး ပြားကပ်နေဟန်လည်း ပြထား၏။

ဒူးပြတ်၍ အဏုမြူဓာတ်ငွေ့သင့်လောင်၍ အနာကြီး ဖြစ်နေပုံ၊ ပါးတစ်ခြမ်း၌ အနာကြီး ဖြစ်နေပုံ၊ လည်ပင်း၌ ဖြစ်နေပုံ စသည်တို့ကို ပုံအမျိုးမျိုး ပုံကြီးချဲ့လျက် ပြထားသည်။ ဒဏ်ရာအနာနှင့် မတူဘဲ အထွတ်အဖုတွေ ပြုပ်ထနေကာ အချို့၌ ချိုင့်ဝင်နေလျက် ကိုယ်ပျက်နေသော အနူတွေကဲ့သို့ အမြင်ဆိုးလှသည်။

အခန်းနံရံ၌ ချိတ်ဆွဲထားသော နာရီပျက်များတွင် ဗုံးကျသည့် အချိန် ၁၁ နာရီ ၁၀ မိနစ်၌ စက်ရပ်နေကြလေ၏။

ကျွန်မတို့ ကိုယ်စားလှယ်အဖွဲ့အား လိုက်လံပြသသော ဧည့်ခံအဖွဲ့မှ အမျိုးသမီးကြီး တစ်ဦးက ကျွန်မကို ဝရန်တာသို့ ဆွဲခေါ်သွားလေသည်။ အမြင့်ပေါ်မှ ဆီးကြည့်လိုက်ရာ မြေကွက်လပ်ကြီးနှင့် တိုက်တာ အဆောက်အအုံသစ်များ ကျိုးတိုးကျဲတဲ တွေ့ရသည်။

"အဲဒီနေရာကြီးက အစက အကျဉ်းသားတွေထားတဲ့ ထောင်ကြီးပဲ။ အဏုမြူ ဗုံးကျတော့ ထောင်သားတွေ အားလုံး စုပြုံပြီး သေကုန်ကြတာ ဘယ်နှယောက်မှန်း၊ ဘယ်သူတွေမှန်း မပြောနိုင်တော့ဘူး။ မှတ်ပုံတင်စာရင်း အထောက်အထား ဘာမှ မကျန်ရှိဘူး"

ကျွန်မမှာ အောက်သို့ ငုံ့စိုက်လျက် ကြည့်နေသည်။ ထောင်ထဲ၌ အလုံပိတ်ထားသော အကျဉ်းသားတွေ စုပုံသေရပုံမျိုးကို မျက်စိထဲ၌ ကွင်းကွင်းကွက်ကွက် ပေါ်နေလေသည်။

ပြတိုက်ထဲ၌ နေ့လယ်စာ စားသောက်ကြပြီးနောက် အဏုမြူ ဆေးရုံသို့ သွားကြသည်။ လူနာများနှင့် မတွေ့မီ ဆရာဝန်ကြီး အခန်းထဲ၌ ဆရာဝန်ကြီးနှင့် ပထမ တွေ့ရသည်။

အဏုမြူဗုံးချစဉ်က ဆေးရုံထဲ၌ ဆရာဝန်၊ ဆရာမ၊ လူနာအားလုံး သေဆုံးသွားကြသည့် အကြောင်းကို ပြောပြရာဝယ် မျက်ရည်ဝဲနေလေ၏။ သူ့မှာ သေကံမရောက် သက်မပျောက်ဘဲ မသေမရှင်ဖြစ်နေသော လူနာတွေကို ကုသပေးရသည်။ သူတစ်ယောက်တည်း မနိုင်၍ ကျူရှူးမှ ဆရာဝန်တွေပါ လာရောက် ကုသပေးသော်လည်း မည်သူမျှ

mgyoe.com

mgyoe.com
SAMPLE BOOK

အသက်မရှင်ဘဲ သေကုန်ကြောင်း ပြောပြသည်။ ဖုံးကျပြီး နောက်တစ်နေ့၌ သေကျသော စာရင်းမှာ ခုနစ်သောင်း နှစ်ထောင် ရှိလေ၏။ မီးလောင်သေခြင်း၊ ကျိုးပဲ့သေခြင်းထက် အဏုမြူရေဒီယို ဓာတ်ငွေ့သင့်၍ သေသော စာရင်းက များလေ၏။

အဏုမြူဖုံးကျပြီးနောက် ကြုံတွေ့ရချက်များကို ဆရာဝန်အမြင်နှင့် စာအုပ်တစ်အုပ်ရေးပြီး ထုတ်သည်။ သို့သော် အမေရိကန်က ကန့်ကွက်၍ မထုတ်ခဲ့ရဘဲ ဤစာအုပ်ကြီးကို ယခုမှ ထုတ်ဝေခွင့် ရရှိကြောင်း ရှင်းပြောပြသည်။

အဏုမြူဖုံးကျခြင်း စူးစမ်းလေ့လာချက်၊ မျက်နှာစုံညီ ဆွေးနွေးပွဲ စသော စာအုပ်နှစ်အုပ်ကို ကိုယ်တိုင် လက်မှတ်ထိုး၍ ပေးဝေလေသည်။ လူနာများကို လျှောက်ကြည့်ကြသည့်အခါ သွေးတိုးရောဂါ၊ ကိုယ်ရေပြား ရောဂါ၊ သွေးနှင့်စပ်သည့် ရောဂါ၊ နှလုံးရောဂါ စသော အဏုမြူဓာတ်ငွေ့သင့်ပြီး နောက်ပိုင်းမှ တစ်စတစ်စ ဖြစ်ပွားပေါ်ပေါက်လာသော ရောဂါသည်များကို တွေ့ကြရသည်။

ကျွန်မတို့ကိုယ်စားလှယ်အဖွဲ့ကို ဆရာဝန်ကြီးက အခြားအဏုမြူ ဆေးရုံတစ်ရုံသို့ ခေါ်သွားလေသည်။ ထိုဆေးရုံကြီး၌ အဏုမြူဓာတ်ငွေ့သင့်သော လူနာ ၇၅ ယောက်ထားရှိရာ ကင်ဆာရောဂါ၊ အသည်းနှလုံး၊ အဆုတ်၊ ကိုယ်ရေပြား စသော ဝေဒနာသည်များ တွေ့ရှိရသည်။ မိခင်က မျက်နှာမြင်ပြီး ဘာမှမဖြစ်ဘဲ မိခင်ဝမ်းတွင်းမှ ဖွားမြင်လာသော ကလေးမှာ ဤဓာတ်ငွေ့သင့်လာ၍ တခြားစီ ခွဲထားလေ၏။

ဤကလေးမှာ မျက်လုံးကောင်းချင်မှ ကောင်းမည်။ နားကြားချင်မှ ကြားမည်ဟု ဆရာဝန်က ပြောပြလေသည်။

အဏုမြူ ဒုက္ခသည် လူနာများကို ကိုယ်စားလှယ်အဖွဲ့ကိုယ်စား ဩစတြေးလျ ကိုယ်စားလှယ်က သစ်သီးများ လက်ဆောင်ပေးသည်။ အခန်းကျယ်ကြီးတစ်ခု၌ စားပွဲခုံရှည်ကြီးတွင် ထိုင်ကြကာ ကိုယ်စားလှယ်အဖွဲ့နှင့် ဆရာဝန်များ ဆွေးနွေးပြောဆိုကြသော စကား အမေးအဖြေများကို သတင်းထောက်များက အသံသွင်းယူကြလေ၏။

ဆေးရုံမှအပြန် ပျက်စီးနေသော ဘုရားရှိခိုးကျောင်းကြီးကို တွေ့ရသည်။ ထိုအဆောက်အအုံနှင့် မနီးမဝေး၌ စာသင်ကျောင်းကြီး ရှိသည်။

ဤကျောင်းထဲ၌ စာပေသင်ကြားနေသော ကလေးများမှာ အဏုမြူ ဓာတ်ငွေ့သင့်၍ ဦးနှောက်ပျက်နေကြသဖြင့် ၎င်းတို့ကို တစ်စုထား၍ သင်ကြားရကြောင်း ပြောပြသည်။

“နားပင်းနေတဲ့ ကလေးတွေ၊ ကန်းနေတဲ့ ကလေးတွေဟာ နာဂါဆာကီးမှာ အများဆုံးပဲ။ ကျွန်မတို့ဆီမှာ လက်ထပ်ပြီး လင်က သူ့မယား အဏုမြူ ရေဒီယို ဓာတ်ငွေ့သင့်နေမှန်းသိရင် ချက်ချင်း ကွာရှင်းပစ်လိုက်တာပဲ၊ မပေါင်းတော့ဘူး”

ဧည့်ခံအဖွဲ့မှ အမျိုးသမီးကြီးက ပြော၍ ကျွန်မက အဏုမြူ ဒုက္ခသည် အမျိုးသမီးတွေ၏ တွေ့ကြုံခံစားချက်များကို ကမ္ဘာမှာ ထုတ်ဝေနေတဲ့ အမျိုးသမီး မဂ္ဂဇင်းတွေကို ရေးသားပေးပို့ကြဖို့ကောင်းကြောင်း အကြံပေး ပြောလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ရှင်တို့ပြည် ပြန်ရောက်သွားရင်လည်း ဂျပန်ပြည်က ဟီရိုရှီးမားနဲ့ နာဂါဆာကီးက အမျိုးသမီးတွေဟာ ဘာအာမခံချက်မှ မရှိဘဲ လူဖြစ်ရှုံးနေကြတဲ့ အကြောင်းကို ရှင်တို့ လူမျိုးတွေ သိအောင် ရေးပါရှင်"

အမျိုးသမီးကြီးသည် ဆက်လက်၍ မိဘမရှိ အဏုမြူ ဓာတ်ခိုးသင့်သော လေလွင့်နေသည့် ကလေးများအကြောင်းကို ပြောပြသည်။ ဂျပန်အစိုးရက အဏုမြူ ဒုက္ခသည်တွေကို ထိထိရောက်ရောက် အကူအညီ မပေးကြောင်းလည်း ညည်းညူ ပြောဆိုနေသည်။

ညဘက်တွင် မိုးပေါ်သို့ လက်ညှိုးထောင်ပြနေသော လူရုပ်ကြီးရှေ့၌ လူထုတရားပွဲကြီး ရှိလေ၏။

ကျွန်မတို့ ကိုယ်စားလှယ်များ ရောက်သွားသောအခါ ကွင်းကြီး တစ်ခုလုံး လူတွေ ပြည့်ကျပ်နေသည်။ သူငယ်တန်း ကလေးများ ထိုင်သော ကုလားထိုင်ငယ်ကလေးများနှင့် တရားဟောခွက်ဘေးတွင် ထိုင်ကြရသည်။ ကျွန်မဘေးနား၌ ထိုင်နေသော ကမ္ဘာ့အထူးသတင်းထောက်သည် အရုပ်ကြီးကို မော့ကြည့်လျက် သူ့ထင်မြင်ချက်ကို ပြောနေသည်။

"ဒီအရုပ်ကြီးကို ကြည့်စမ်းပါ။ အဏုမြူဗုံးရဲ့ ကြောက်မက်ဖွယ်ရာ ကောင်းတဲ့ အဓိပ္ပာယ် ဘာမှ မပေါ်ဘူး။ ဗလကောင်းကောင်း၊ ခွန်အား ကောင်းကောင်းနဲ့ ဒီအရုပ်ကြီး ကြည့်ရတာ အောင်မြင်ခြင်း အဓိပ္ပာယ်နဲ့ အားရ တက်ကြွနေတဲ့ ပုံကြီးနဲ့ တူနေတယ်။ ခင်ဗျား ထင်မြင်ချက်ကော"

သူပြောမှ ကျွန်မ သေသေချာချာ ကြည့်လိုက်သည်။ သူ့ထင်မြင်ချက်ကဲ့သို့ 'အောင်မြင်ခြင်း' ဘက်သို့ ဆွဲယူထင်မြင်ခြင်းထက် ကောင်းကင်ပေါ်သို့ ထောင်ထားသော လက်ညှိုးက အထင်အရှား ပေါ်လွင်နေသဖြင့် "သူ့လက်ညှိုးက အဓိပ္ပာယ်ရှိသားပဲ"ဟု ကျွန်မက ပြောလိုက်သည်။

တရားဟောခုံရှေ့တွင် ထိုင်နေကြသော လူထုပရိသတ်ကြီးကို ကြည့်လိုက်သည်။ ညှိုးနွမ်းသော လူအုပ်ကြီး ဖြစ်၍ ဆင်းရဲသားပိုင်း၊ အလုပ်သမားပိုင်းနှင့် များသော အားဖြင့် အဏုမြူ ဒုက္ခသည်တွေ ဖြစ်ကြသည်။ များပြားလှသော လူအုပ်ကြီးမှာ အစည်းအဝေး မစမီ အသံတစ်ချက်မှ မကြားရဘဲ တိတ်ဆိတ် ငြိမ်သက်နေကြသည်။ ဂျပန်အဘိုးကြီးများမှာ ကီမိုနိုများ ဝတ်ဆင်ထားလျက် မချမ်းသာသော မျက်နှာနှင့် လက်ညှိုးထောင်အရုပ်ကြီးကို မှိုင်ငေးကြည့်နေကြကုန်သည်။ ကလေးတွေကား မီးရောင်အောက်တွင် ပြေးလွှား ကစားနေကြသည်။

အစည်းအဝေးစလျှင် အဏုမြူဗုံး ဆန့်ကျင်ရေး ကောင်စီ ဥက္ကဋ္ဌက မိန့်ခွန်း ပြောသည်။

"ပထမတုန်းက ထင်မိတယ်။ ၁၀ နှစ်ကြာရင် အစစ အဆုံးသတ်ပြီး ငြိမ်းချမ်းသာယာသွားမယ်လို့ ထင်မိတယ်။ ဒီလိုထင်ခဲ့မိတာ ဘယ်လောက်မှားသလဲဆိုရင် ခင်ဗျားတို့

mgyyue.com

သိတဲ့ အတိုင်းပဲ။ အခု ၁၀ နှစ်ကျော်လို့လည်း စစ်ဘေးဒုက္ခဟာ လက်စမသတ်သေးဘူး။ နေ့စဉ်နေ့တိုင်း တဖြည်းဖြည်း သေနေကြရတုန်းပဲ။ ရှေ့ကို ကျုပ်တို့ရဲ့ သားစဉ်မြေးဆက်ဟာ ဒီအဏုမြူ ဓာတ်ငွေ့နဲ့ ဘယ်လောက် ဆက်သေကြဦးမလဲ၊ သေလက်စ မဆုံးသေးဘဲနဲ့ နောက်တစ်ကြိမ် အဏုမြူဗုံးများ ထပ်ချမယ် ဆိုရင်''

ကောင်စီ ဥက္ကဋ္ဌ စကားမဆုံးမီ လူထုပရိသတ်ထဲမှ ဆူညံစွာ ထအော်ကြ၍ ကျွန်မတို့က စကားပြန်ကို ဝိုင်းမေးကြသည်။

''အဏုမြူဗုံးကို ဆန့်ကျင်ကြပါ။ စမ်းသပ်နေတာတွေကို တားဆီးကြပါ''လို့ ထအော်နေကြတာဟု စကားပြန်က ပြောပြသည်။

ဤလက်ညှိုးထောင် အရုပ်ကြီးရှေ့၌ ပြုလုပ်သော 'အဏုမြူဗုံး ဆန့်ကျင်ရေး' တရားပွဲကြီးသည် ဘူးသီး၊ ခရမ်းသီးများ ခွဲကြည့်ရသကဲ့သို့ပင် လူထု၏ ရင်ထဲ၌ မျိုသိပ်ခံစားချက် အဖုံဖုံ အဝဝများကို ရင်ခွဲ ဖွင့်ပြသကဲ့သို့ ထင်ရှား ပေါ်လွင်လှသည်။

အဏုမြူ ဒုက္ခသည် မိခင်များ အစည်းအရုံးမှ အမျိုးသမီးသည် အသံကုန်ဟစ်လျက် ဒုက္ခသည်များ၏ အဖြစ်သနစ်ကို ပြောကြားနေရင်း မျက်ရည်မဆည်နိုင်အောင် ဖြစ်နေသည်။ လူအုပ်ထဲမှ အမျိုးသမီးများလည်း လက်ကိုင်ပဝါနှင့် မျက်ရည်သုတ်ရင်း နားထောင်နေကြသည်။

''ဗုံးကျတဲ့ နေ့က ကျွန်မယောက်ျားနဲ့ ကလေးတွေ အကုန်သေပါတယ်။ ကျွန်မရဲ့ ကလေး အငယ်ဆုံးဟာဆိုရင် သူ ကိုင်နေကျ အရုပ်ကလေးကို ဖက်ထားရင်း သူ့ တစ်ကိုယ်လုံးမှာ ရှိတဲ့ သွေးတွေကို တပွက်ပွက် အန်ထုတ်ရင်း အသက်ပျောက်သွားပါတယ်။ ဗုံးကျတုန်းက မသေဘဲ ကျန်ရစ်ခဲ့တဲ့ ကျွန်မအဖို့ဟာ တစ်ခါတည်း သေလိုက်ရတာက ကောင်းပါသေးတယ်။ အခုလို အဏုမြူဓာတ်ခိုးတွေသင့်ပြီး ရောဂါကြီး ဖြစ်နေပြီ။ ကျွန်မလို သေရမယ့်ရက်ကို စောင့်နေကြတဲ့လူတွေ ဒီပရိသတ်ကြီးထဲမှာ အများကြီး ရှိပါတယ်။ ကျွန်မတို့ မသေခင် အဏုမြူ ဘေးဒဏ်ကို ကမ္ဘာကသိအောင် ဒုက္ခသည်တွေ စုဝိုင်းပြီး ပြောခဲ့ဖို့ လိုပါတယ်။ ဒီလိုအစုအဝေးနှင့် ပြောနိုင်ကြအောင် အဏုမြူ ဒုက္ခသည် အသင်းကို ဝင်ကြပါ၊ အားပေးကြပါ။ ဒီအသင်းထဲဝင်ရင် ကွန်မြူနစ်တွေလို့ စွပ်စွဲကြတာ ဂရုမစိုက်ကြပါနဲ့။ အဏုမြူဗုံးဟာ ကွန်မြူနစ်တွေချည်း ရွေးကွက်ပြီးချမှာ မဟုတ်ပါဘူး။ အားလုံး ခံရမှာပါ''

အသက် ၄၀ ခန့် အရုပ်မြင့်မြင့်၊ ပိန်ပိန်ရှည်ရှည် လက်ကောက်နေသော အဏုမြူ ဒုက္ခသည် ယောက်ျားတစ်ဦးကား ဒေါမာန်ပါပါနှင့် ပြောဟောရာ ပရိသတ်မှာ သူနှင့် ရော၍ မကျေနပ်ချက်များကို ဝိုင်းအော်ဟစ်ကြသည်။

''ဂျပန်အစိုးရဟာ အဏုမြူ ဝေဒနာသည်တွေကို မကြည့်ရှုဘူး။ ဒုက္ခသည် အတွက် ဆေးရုံဖွင့်ပေးတယ် ဆိုပေမယ့် ဘဏ္ဍာရေး စီမံကိန်းဟာ ဒုက္ခသည်တွေအတွက် မလုံလောက်ဘူး၊ နာဂါဆာကီးမှာရှိတဲ့ လူဦးရေအနက် ဒုက္ခသည်တွေဟာ လေးဆယ်

mgyyue.com

mgyoe.com
SAMPLE BOOK

ရာခိုင်နှုန်း ရှိတယ်။ စစ်သားတွေ၊ အရာရှိတွေသာ ပင်စင်စရိတ် ပေးပြီး လုံလောက်အောင် ကြည့်ရှု ထောက်ပံ့ထားတယ်။ ကျုပ်တို့ ဒုက္ခသည်တွေဟာ ရပ်ဝေးကဆိုရင် နာဂါဆာကီး က ဆေးရုံလာတက်ဖို့တောင် စရိတ် မရှိကြဘူး။ ဒီရောဂါနဲ့ ဒီလိုပဲ တတိတိ သေကုန်ကြ တာပဲ။ ကျုပ်တို့ ဒုက္ခသည်တွေသာ ညီညီညွတ်ညွတ်နဲ့ အင်အားတောင့်တင်းမယ် ဆိုရင် အစိုးရကို လှုပ်ရှားနိုင်ပါလိမ့်မယ်''

ပရိသတ်ထဲမှ အစိုးရအပေါ်၌ မကျေနပ်ချက်ရှိသမျှ တစ်ယောက် တစ်ခွန်း ထအော်နေကြသည်။

နာဂါဆာကီး မြို့တော်ဝန် အလှည့် ဟောပြောရာ၌ အဏုမြူ ဒုက္ခသည်တွေ ညီညွတ်ကြဖို့ အားရှိလာရင် အစိုးရက လိုအပ်သမျှ ကူညီလိမ့်မယ်ဟု အားပေးစကား ပြောဟော၏။

ဂျပန်ကောင်စီ၊ တိုကျိုမှ ကိုယ်စားလှယ်က ''အစိုးရကို အကူအညီတောင်းဖို့ ကြိုးစားနေကြောင်း ၄ ကြိမ်မြောက် ကမ္ဘာ့ညီလာခံကြီးတွင် အစိုးရများကို ဒုက္ခသည်တွေ အတွက် အကူအညီပေးဖို့ ပန်ကြားပါမယ်။ နိုင်ငံခြား ကိုယ်စားလှယ်တွေက ခင်ဗျားတို့ လက်ရှိဒုက္ခကို သိမြင်သွားကြပါပြီ။ ခင်ဗျားတို့ ညီညွတ်ဖို့ လိုပါတယ်။ တိုကျိုမြို့ပေါ်မှာ အဏုမြူ ဒုက္ခသည် နှစ်သောင်းလေးထောင်လောက် ရှိတယ်။ သူတို့ဟာ အဏုမြူ ဒုက္ခ သည်လို့ မပြောချင်ကြဘူး။ ဖွဲ့စည်းတဲ့အထဲ မပါဝင်ချင်ဘူး။ သူတို့အတွက် ဒီရောဂါမျိုး ရှိမှန်း သိရင် အလုပ်ရဖို့ ခက်တယ်။ လက်ထပ်ဖို့ ခက်တယ်။ ဒါကြောင့် မြုံနေကြတယ်။ ကျုပ်တို့ ကောင်စီက ခင်ဗျားတို့အတွက် အစွမ်းကုန် ကြိုးစားနေတယ်''

သူသည် နှစ်သိမ့် စကား ပြောနေစဉ် လူထုမှ မျှော်လင့်ခြင်း အားတက်စွာဖြင့် မဆူမပူ တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေကြပြန်၏။

''ကျွန်မဟာ လူပါပဲ၊ ရှင်တို့လို လူချင်းအတူတူ ဖြစ်ပေမယ့် ကျွန်မ အဖေ ဘယ်သူ၊ ကျွန်မအမေ ဘယ်သူမှန်း မသိပါဘူး။ ကျွန်မကို လမ်းပေါ်က ကောက်ပြီး မွေးစား ကြည့်ရှုကြတဲ့ လူတွေကလည်း ကျွန်မ အမေ ဘယ်သူ၊ ကျွန်မ အဖေ ဘယ်သူ ဆိုတာ မပြောနိုင်ကြပါဘူး။ ကျွန်မဟာ မိန်းကလေး ဖြစ်ပေမယ့် ကျွန်မမျက်နှာပေါ်မှာ ရှိတဲ့ အဏုမြူတံဆိပ် အမှတ်ကြီးကြောင့် ဘယ်လူထဲမှ ကျွန်မ ရောလို့ ဝင်လို့ မရပါဘူး။ အရွယ်ရောက်လို့ ကျွန်မကို ယူမယ့် လူလည်း မရှိပါဘူး။ အလုပ်လုပ်စားလို့လည်း ဘယ်အလုပ်ရှင်ကမှ လက်မခံပါဘူး။ ကျွန်မဟာ သွေးအားယုတ်လျော့တဲ့ ဝေဒနာ ရှိနေပါတယ်။ ဒီဝေဒနာနဲ့ သေရမှာပါပဲ။ ကျွန်မ မသေခင် ပြောပါရစေ။ အဏုမြူဗုံးကို ဆန့်ကျင်ကြပါ။ ဒီဗုံးမျိုး ဒီကမ္ဘာမှာ ဘယ်သူမှ မချပါစေနဲ့။ ကျွန်မတို့လို ဒုက္ခသည်မျိုး တွေလည်း ဘယ်ကမ္ဘာမှ မရှိပါစေနဲ့''

ကျွန်မတို့ ကိုယ်စားလှယ်အဖွဲ့ထဲမှ မိန့်ခွန်းပြောရန် အင်ဒိုနီးရှားကို ရွေးချယ် ထားသည်။ အင်ဒိုနီးရှားက အင်ဒိုနီးရှား ဘာသာနှင့် မိန့်ခွန်းပြောသည်။ စကားပြန်က

mgyoe.com

mgyoe.com

ဂျပန်လို ပြန်ပြောနေသည်။ ကျွန်မတို့ အနားမှာ စကားပြန် မရှိတော့၍ အင်ဒိုနီးရှား ပြောသော စကားကို နားမလည်ကြချေ။

လူစုအစည်းအဝေးကြီးမှာ ည ၁၁ နာရီမှ ပြီးသည်။ ကျွန်မတို့ ဟိုတယ်သို့ ပြန်ရောက်သောအခါ ညဈေးတန်းကြီးမှ မီးရောင်များ ရှိသေး၍ ဈေးဘက်သို့ လျှောက်ကြသည်။ ကျွန်မက ဈေးဝယ်ချင်သည်။ စကားပြန်က ဂျပန်ပစ္စည်း ဂျပန်မှာ မဝယ်နဲ့၊ ဟောင်ကောင်မှာ ဝယ်ပါ။ ဟိုမှာ ပေါတယ်။ အချို့ဂျပန်တွေ နိုင်ငံခြားက ပြန်လာရင် ဂျပန်ပစ္စည်းကို ဟောင်ကောင်မှာ ဝယ်ခဲ့တယ်''ဟု ပြော၍ ရယ်ကြရသည်။

ဩဂုတ်လ ၉ ရက်နေ့ ဖြစ်လေ၏။

လက်ညှိုးထောင် လူရုပ်ကြီးရှေ့၌ ကျင်းပမည့် ၁၇ နှစ်မြောက် အဏုမြူဗုံးချ အထိမ်းအမှတ်ပွဲကြီး တက်ရန် ကျွန်မတို့ ကိုယ်စားလှယ်တစ်စု နံနက် ၁၀ နာရီ၌ ဟိုတယ်က ထွက်လာခဲ့ကြသည်။

နေရောင်မှာ ပူပြင်းလျက်ရှိ၍ ကွက်လပ်ကြီး တစ်ခုလုံး ရွက်ထည်ကြီးများ မိုးထားသည်။ တစ်မြို့လုံး လှုပ်လှုပ်ရွရွ ရှိနေသည်။

လူရုပ်ကြီးရှေ့၌ သွားလေသူတွေအတွက် ရည်ညွှန်းလျက် ဆွမ်းတော်ကြီး တင်သလိုပင် သရက်သီး၊ ပန်းသီး၊ နာနတ်သီး၊ မုန့်ပဲသရေစာများကို ခုံရှည်ကြီးများနှင့် ခင်းကျင်း ပြင်ဆင်ထားသည်။ ပန်း ဆီမီး အမွှေးတိုင်တို့မှာလည်း ဝေဆာမွှေးကြိုင်နေသည်။ ရွက်ထည်ရုံကြီးအောက်၌ လူများ ထိုင်ကြသည်။ တစ်ဖက်တွင် ဘင်ခရာတီးဝိုင်း ထား လျက် ကျောင်းသူလေးများ သီဆိုနေကြသည်။

လူရုပ်ကြီး ရှေ့တည့်တည့် နေပူစာတွင် ခမောက်အနက် အမြီးရှည်ကြီး ဆောင်းထားသော ဂျပန်ဘုန်းကြီး ငါးပါး ထိုင်နေကာ ထီးနီကြီး မိုးပေးထားကြသည်။ အရုပ်ကြီး၏ လက်ယာဘက်၌ အဝတ်ဖြူဝတ်ထားသော ဂျပန် ခရစ်ယာန်ဘုန်းကြီး၏ အစိမ်းရင့်ရောင်ဝတ်ရုံ ဆင်ထားသော ဂျပန်ဘုန်းကြီးက ထိုင်သည်။ ဗုဒ္ဓဘာသာ ဂျပန် ဘုန်းကြီးများနှင့် သံတမန်များ၊ အရာရှိများမှာ လက်ဝဲဘက်ရှိ ကျွန်မတို့ နိုင်ငံခြား ကိုယ်စားလှယ် မဏ္ဍပ်ထဲ၌ ထိုင်ကြသည်။

အခမ်းအနားစလျှင် ခမောက်နက်မြိတ်စ ရှေ့ဆွပ်ထားသော ဂျပန် ဘုန်းကြီး ငါးပါးသည် ပန်းခက်များကို ကိုယ်စီကိုင်ကာ လူရုပ်ကြီးရှေ့သို့ ထသွားကြလျက် ဆုတောင်း ရွတ်ဖတ်ကုန်သည်။ ဘုန်းကြီးတစ်ပါးက ပန်းကန်ထဲမှ ရေကို သစ်ခက်နှင့် ဆွတ်ကာ ပရိသတ်ဘက်သို့ ဖျန်းပက်သည့် ဟန်ပြုခိုက် အားလုံးထ၍ နေကြရသည်။

ဘင်ခရာများ တငြိမ့်ငြိမ့် တီးမှုတ်နေခိုက် ဘုန်းကြီးငါးပါး၏ ရွတ်ဆိုသံတို့မှာ အိပ်ငိုက်လောက်အောင် ညည်းညူဆွဲငင် ရွတ်ဆိုနေကြသည်။

ရွတ်ဖတ်ပြီး၍ အခမ်းအနားနှင့် ကိုယ့်နေရာကိုယ် ပြန်လာကြပြီးနောက် တစ်ဖက်မှ ခရစ်ယာန် ဘုန်းကြီးတွေက ထလာကာ ဆုတောင်းကြပြန်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အသံချဲ့စက်မှ မြို့တော်ဝန် ဇနီးမောင်နှံ ပန်းခွေချပြီး ဆုတောင်းမည်ဟု ဟစ်ကြွေးတလိုက်သည်။

အဝတ်နက်များ ဝတ်ဆင်ထားသော မြို့တော်ဝန် ဇနီးမောင်နှံတို့သည် ပန်းခွေကြီးကို ကိုင်ဆောင်ကာ ကြေကွဲဝမ်းနည်းစွာ အလေးပြုထားကြလေ၏။

၁၁ နာရီ ၁၀ မိနစ် ဖုံးကျချိန်၌ အားလုံး မတ်တတ်ရပ်ကြသည်။ ငြိမ်သက်စွာ ဆုတောင်းမေတ္တာ ပို့ကြသည်။ ငြိမ်သက်နေခိုက် အမြောက်သံ၊ ခေါင်းလောင်းသံများ တစ်မြို့လုံး ဆူညံစွာ ပဲ့တင်ထပ် မြည်ဟည်းနေလေ၏။

နာဂါဆာကီး အထိမ်းအမှတ်ပွဲမှာ ဟီရိုရှီးမား ဖုံးချ အထိမ်းအမှတ်ပွဲထက် စည်ကား ကြီးကျယ်လေသည်။ အစီအစဉ်တွေမှာ များပြားလှသည်။

မြို့တော်ဝန်က မိန့်ခွန်းပြောလေ၏။

"၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၉ ရက် ဒီအချိန် ဒီနာရီမှာ နာဂါဆာကီး မြို့ဟာ ကြောက်မက်ဖွယ်ကောင်းတဲ့ အဏုမြူဗုံးရဲ့ ဒဏ်ရာဒဏ်ချက်ကြီးကို အပြင်းအထန် ခံလိုက်ရတယ်။

ဒီလို ပျက်စီးခြင်း၊ ဆုံးရှုံးခြင်း၊ စိတ်ဒုက္ခဖြစ်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်းတွေ ခံစားရလင့်ကစား အဲဒီအချိန်ကစပြီး ကိုယ်ကို တောင့်တောင့်မတ်မတ်နဲ့ ကြံ့ကြံ့ခိုင်ခိုင် ထားကြပြီး ကမ္ဘာပေါ်မှာ အဏုမြူလက်နက်ဖြင့် မဟုတ်ဘဲ တရားမျှတခြင်း၊ စေ့စပ်ဆွေးနွေး ဖျန်ဖြေခြင်း နည်းလမ်းများဖြင့် တစ်ကမ္ဘာလုံး စည်ပင်ဝပြော အေးမြသာယာ ငြိမ်းချမ်းကြရန် အရေးကို နာဂါဆာကီး မြို့တော်သူ၊ မြို့တော်သားတွေဟာ အစဉ်တစိုက် ကြွေးကြော်ခဲ့ပါတယ်။

ဒီလို ကြွေးကြော်လာခဲ့ကြတာဟာ အဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံး၊ ငရဲမီး ဗုံးတို့ရဲ့ ဖျက်ဆီးခြင်းမှ ကင်းဝေးစေရန် ဖြစ်ပါတယ်။

ဒီလို ကျုပ်တို့ ကြွေးကြော်နေတဲ့ ကြားထဲကပဲ အားကောင်းတဲ့ လက်နက်တွေ ထုတ်လုပ်ချင်လို့ နျူကလီးယားဗုံးတွေ စမ်းနေကြတယ်။ စမ်းသပ်ခြင်းကြောင့် လေထု၊ ပင်လယ်ထု၊ မြေထုဟာ ညစ်ညမ်းစေတာ မဟုတ်ပါဘူး။ လူ့ရဲ့အသက်တွေလည်း ထိပါးစေပါတယ်။

အဏုမြူဗုံးထိမှန်သော နာဂါဆာကီး မြို့သားတစ်ယောက်အဖြစ် ကမ္ဘာ့အရပ်ရပ်ကို ကျွန်တော် ပန်ကြားချင်တာကတော့ အဏုမြူ စမ်းသပ်ခြင်း အပါအဝင် အဏုမြူဗုံး ပိတ်ပင်ရေး လုပ်ငန်းတွေမှာ ကမ္ဘာ့သူ၊ ကမ္ဘာ့သားများ အတူတကွ ပူးတွဲဆောင်ရွက်ကြဖို့ လှိုက်လှိုက်လှဲလှဲ တောင်းပန်ချင်ပါတယ်။

"နာဂါဆာကီးမှ ငြိမ်းချမ်းရေး" ဟူသော အလွန်မြင့်မားသည့် ဆောင်ပုဒ်ကို ကိုင်ဆောင်ထားကြသော အလံတော်ကို တလူလူလွှင့်ထူကြလျက် ကျွန်တော်တို့ မြို့တော်သူ၊

mgyoe.com

mgyobe.com SAMPLE BOOK


မြို့တော်သား အားလုံး ငြိမ်းချမ်းရေး လုပ်ငန်းကို ပိုမိုလုပ်ဆောင်လိမ့်မယ်ဆိုတာ ကြေညာလိုပါတယ်။ သေသူဝိညာဉ်များ ငြိမ်းချမ်းရေးလုပ်ငန်းကို ရှေ့ဆောင်ပေးကြပါစေ”

မြို့တော်ဝန် မိန့်ခွန်းပြောပြီးနောက် ဂျပန်ဝန်ကြီးချုပ် ပေးပို့သော မိန့်ခွန်းကို ဖတ်ကြားလေ၏။

သေဆုံးသူတွေနှင့် ဒုက္ခသည်တွေအတွက် ဂျပန်အစိုးရက လိုက်လိုက်လှဲလှဲ ဝမ်းနည်းကြေကွဲကြောင်းနှင့် ဒုက္ခသည်တွေကို အစွမ်းကုန် ကူညီပါမည့်အကြောင်း ပါရှိလေ၏။

နာဂါဆာကီး ဘုရင်ခံ၊ မြူနီစီပယ်ဥက္ကဋ္ဌ၊ အဏုမြူဖုံး ဆန့်ကျင်ရေး ဥက္ကဋ္ဌတို့ အသီးသီး မိန့်ခွန်းပြောကြားပြီးနောက် မစ္စရာမာဒိ အလယ်တန်း ကျောင်းသူကလေးက မိန့်ခွန်းပြောကြားရာ လူအုပ်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်လျက် လိုက်ဖိုနေကြကုန်သည်။ ကျောင်းသူကလေးမှာ ငိုကြီးချက်မဖြင့် ရှိုက်ငင်၍ ပြောနေသည်။ ကြေကွဲစရာကောင်းသော သူ့ခံစားချက်မှာ လူတိုင်း၏ ရင်ကို လာရိုက်လေသည်။

အဏုမြူစမ်းသပ်ခြင်းကို ရပ်စဲကြပါ။ အဏုမြူဖုံးကို ပိတ်ပင်ကြပါဟု တမ်းတငိုယို ပန်ကြားလျက်ရှိနေစဉ် နိုင်ငံခြား ကိုယ်စားလှယ်တွေ နေရာမှထကြကာ ကလေးမလေးကို ဓာတ်ပုံ ဝိုင်းရိုက်ယူကြသည်။

ကလေးမလေး ပြောပြီး မြန်မာကြေးစည်သံလို အသံမျိုး ထုရိုက်လျက် ဗုဒ္ဓဘာသာ ဘုန်းကြီးများက ဆုတောင်းမေတ္တာ ပို့သကြလေသည်။

ဘုန်းကြီးတွေ ရွတ်ဖတ်နေဆဲ ပန်းခြင်းတောင်းများဖြင့် ဧည့်သည်တော်များကို ပန်းဝေငှပေးပြီးနောက် ဆိုင်ရာက အသံချဲ့စက်မှ အမည်ခေါ်ပေးသည်။ ကျွန်မတို့အားလုံး လူရုပ်ကြီးရှေ့၌ ပန်းသွားထားကြရသည်။

ထို့နောက် လှပသော ခြင်းတောင်းတွေထဲ၌ ခိုဖြူ ၁၀၀ ခန့် ထည့်ကာ ကျောင်းသူလေးများ ဆွဲယူလာကြသည်။ ငြိမ်းချမ်းရေးတေးသံ တီးမှုတ်လျက် ခိုများကို ကောင်းကင်သို့ လွှတ်လိုက်ကြလေ၏။ လူရုပ်ကြီး၏ ခေါင်းပေါ်၌ ခိုဖြူများ အုပ်ဖွဲ့ကာ ဝံပျံလျက်နေလေသည်။

အခမ်းအနားပြီးလျှင် ကျွန်မတို့ ကိုယ်စားလှယ်အဖွဲ့ ဟိုတယ်သို့ ပြန်ကြသည်။ ကျူရှူးနားရှိ အူဇန်တောင်ပေါ်မြို့သို့ ဘတ်စ်ကားနှင့် ထွက်ခွာသွားကြသည်။ တောင်ပေါ်ဟိုတယ်၌ အပန်းဖြေ တစ်ညအိပ်ခဲ့ကြပြီးနောက် တိုကျိုသို့ ပြန်ခဲ့ကြသည်။

ခရီးပင်ပန်းလာသဖြင့် တိုကျို၌ ရထားဆိုက်လျှင် တစ်နေ့ အနားယူကြမည်ဟု ကြံစည်လာခဲ့ကြသည်။

တိုကျိုသို့ ရောက်ရောက်ချင်း နိုင်ငံခြား ကိုယ်စားလှယ်အားလုံး လေးကြိမ်မြောက်ကမ္ဘာ့ညီလာခံကြီးသို့ မိုင် ၁၀၀၀ ခရီးကျင် ချီတက်လာကြသော ငြိမ်းချမ်းရေး တပ်ကြီးသည် မြို့တော်သို့ ညနေရောက်မည်ဖြစ်၍ ကိုယ်စားလှယ်အားလုံး ကြိုဆိုကြပြီး ၎င်းတို့နှင့်အတူ မြို့ပေါ်တွင် စီတန်း လမ်းလျှောက်ရမည့် အစီအစဉ်ကို ပြောလေသည်။

mgyobe.com

mgyoe.com
SAMPLE BOOK


နိုင်ငံခြား ကိုယ်စားလှယ် အားလုံးအနက် မြန်မာပြည်မှ ကျွန်မနှင့် ဂျာမနီမှ ပါမောက္ခနှစ်ဦးမှာ ညနေပိုင်း လွှင့်မည့် တိုကျို ရုပ်မြင်သံကြား ရေဒီယိုတွင် အသံလွှင့် ဟောပြောရမည်ဟု အစီအစဉ်ထဲ၌ ပါလာ၏။

ကျွန်မ တည်းမည့် ပရင့်စ် ဟိုတယ်ထဲတွင် တိုကျို သတင်းစာ အစောင်စောင်မှ သတင်းထောက်များက ကျွန်မနှင့် တွေ့ရန် အသင့်စောင့်နေကြသည်။ ခရီးရောက်မဆိုက် အပန်းမှ မဖြေရဘဲ သူတို့ မေးသမျှ ဖြေပြောနေရလေ၏။

ညနေပိုင်းတွင် ကျွန်မနှင့် ဂျာမနီ ကိုယ်စားလှယ် နှစ်ဦးကို ရုပ်မြင်သံကြား တိုကျိုမှ လာခေါ်သွားသည်။

ဟီရိုရှီးမားနှင့် နာဂါဆာကီး၌ တွေ့မြင်ရသော ခံစားချက်ကို ဟောပြောရမည် ဖြစ်သည်။

ရေဒီယို ခန်းမဆောင်ကြီးထဲ၌ ကျွန်မတို့ ကိုယ်စားလှယ် နှစ်ဦးနှင့်အတူ ဂျပန် ပြည်တွင် နာမည်ကျော်ကြားလှသော ရုပ်ရှင်မင်းသမီး နှစ်ဦး၊ ပါမောက္ခ တစ်ဦးပါ ပါဝင်ကာ အဏုမြူဗုံး၏ ဆိုးရွားကြောက်မက်ဖွယ် ကောင်းပုံကို တစ်လှည့်စီ ဟောပြော ကြရသည်။

အသံနှင့် ရုပ်ပုံကို တစ်ပြိုင်တည်း တစ်ချိန်တည်း ဖမ်းယူ ထုတ်လွှင့်နေသော ဓာတ်ခွဲခန်းကြီး၌ ထိုင်ကာ အသံလွှင့်ဟောပြောရင်း ခုံတစ်ခုပေါ်တွင် တင်ထားသော ရုပ်မြင်သံကြား ရေဒီယိုထဲ၌ ဟီရိုရှီးမားနှင့် နာဂါဆာကီး၌ ခံစားတွေ့ကြုံချက်များကို ဟောပြောနေသည့် ကျွန်မ၏ ရုပ်ပုံကို တစ်ချိန်တည်း တစ်ပြိုင်တည်း ပြန်မြင်နေရ လေသည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ၈ နာရီ ၁၅ မိနစ်

ဟိုတယ် အောက်ထပ်သို့ ဆင်းသွားသောအခါ လူမစုံသေး၍ ညှော်ခန်းထဲ၌ ထိုင်စောင့်နေရသည်။

ကျွန်မတို့ နိုင်ငံခြားကိုယ်စားလှယ်များ အထိမ်းအမှတ် ကျင်းပမည့်ကွင်းကြီးထဲသို့ ရောက်သွားကြသောအခါ တစ်ကွင်းလုံး လူတွေ ပြည့်နေပေသည်။

ထမင်းစား ပန်းကန်ပြား တစ်ချပ်လောက် ရှိမည့် ရွှေရောင် ဖဲပွင့်ကြီးများကို ခါးသော၌ ချိတ်ဆင်ထားကြသော အခမ်းအနားမှူးများ၊ အရာရှိကြီးများ၊ မင်း ပရိသတ်များကို တွေ့ရသည်။ နိုင်ငံခြား ဧည့်သည်၊ နိုင်ငံခြား သံတမန်တို့သည် ဝိညာဉ်ဂူကြီး၏ မျက်နှာစာရှိ လူသွားလမ်းကျယ်ကြီး ခြားလျက် တစ်ဖက်နှင့်တစ်ဖက် မျက်နှာချင်းဆိုင် ထိုင်ကြသည်။

ကျွန်မတို့ ထိုင်သော ခုံတန်းရှေ့တန်း၌ ဂျပန်ဘုရင့်မြေးတော် တကာမတ်ဆုမင်းသားကြီးနှင့် ကြင်ရာတော် မင်းသမီး၊ ဝန်ကြီးချုပ်၊ အထက်လွှတ်တော် နှစ်ရပ်မှ ဥက္ကဋ္ဌများ၊ ဟီရိုးရှီးမား မြို့တော်ဝန်၊ ဟီရိုရှီးမား ဘုရင်ခံ စသော အစိုးရပိုင်းမှ ပုဂ္ဂိုလ်ကြီးများ ထိုင်နေကြသည်။

ကွင်းကြီးရှေ့ရှိ ကွက်လပ်ကြီး တစ်ခုလုံး အပြည့်ခင်းထားသော ခုံတန်းများပေါ်၌ များပြားလှသော လူထုပရိသတ်ကြီး ထိုင်နေကြသည်။ ဂူကြီးတစ်ဖက်တွင် တူရိယာဝိုင်းကြီးနှင့် သီဆိုကြမည့် ကျောင်းသူများမှာ နက်ပြာရောင် ဂါဝန်များ ဆင်တူဝတ်ထားကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

နေရောင်ခြည်မှာ ပြူထွက်စပြုနေလေသည်။ ကွင်းထဲ၌ အသံချဲ့စက်သံ၊ ဓာတ်ပုံရိုက်သံများမှတစ်ပါး အသံဗလံများ တိတ်လျက် နေသည်။ လူထုကြီးသည် ဝမ်းနည်း ကြေကွဲနေသော အသွင်ကို ဆောင်ယူဖော်ပြနေကြလျက် အနက်ရောင်ဝတ်စုံများ ဖုံးလွှမ်းနေသော မင်းပရိသတ်၊ နိုင်ငံခြား သံကိုယ်စားလှယ်၊ ဧည့်သည်တော်တို့ကို ငေးမော ကြည့်ရှုနေကြ၏။ အစီအစဉ် နံနက် ရှစ်နာရီ၌ အခမ်းအနားစသည်။ အခမ်းအနားမှူးက အခမ်းအနား ဖွင့်လှစ်ကြောင်း ပြောကြားပြီးနောက် ဟီရိုရှီးမား မြို့တော်ဝန်သည် ဂူကြီး၏ ရင်ပြင် အမြင့်ပေါ်သို့ ခေါင်းငိုက်စိုက်ချလျက် လှမ်းတက်သွားလေသည်။

ဂူကြီးတစ်ဖက်မှ လွမ်းဆွတ်ကြေကွဲဖွယ်ကောင်းလှသော ဘင်ခရာသံများ ထွက်ပေါ်လာလေသည်။ အတက် အဆင်းထိပ်မှနေ၍ မြို့တော်ဝန်သို့ ပန်းခွေကြီး ကမ်းလှမ်းပေးလိုက်သည်။ မြို့တော်ဝန်သည် လွမ်းသူ့ပန်းခွေကြီးကို ကိုင်ဆောင်သယ်ပိုး ကာ ဂူကြီးရှေ့၌ အသာလေးချလျက် အရိုအသေ အလေးပြုပြီးနောက် ပြန်ဆင်းလာကာ သူ့နေရာ၌ ပြန်ထိုင်သည်။

အနောက်တိုင်းဝတ်စုံ ဆင်ယင်ထားသော တကာမတ်ဆု မင်းသားနှင့် ဂါဝန်ဝတ် မင်းသမီးတို့ နေရာမှ ထသွားကြကာ ပန်းခွေကြီးကို နှစ်ဦး သယ်ဆောင် ကိုင်ယူသွားလျက် ဂူကြီးရှေ့၌ ချလိုက်ကာ အလေးပြုကြလေ၏။

မင်းသား၊ မင်းသမီး အလေးပြုပြီးမှ အစီအစဉ်အတိုင်း နန်းရင်းဝန်၊ အထက် အောက်လွှတ်တော် ဥက္ကဋ္ဌများ၊ ဟီရိုရှီးမား ဘုရင်ခံ စသူတို့က အသီးသီး ပန်းခွေ တက်ချကြပြီးနောက် သေသူဝိညာဉ်တို့၏ ဆွေမျိုးများထဲက ဆွေမျိုးတစ်စုက ပန်းခွေချကာ အလေးပြုကြလေသည်။ ဝိညာဉ်ဂူကြီးတွင် လွမ်းဆွတ်ဖွယ်ရာ ဘင်ခရာများ တီးမှုတ်လျက် အခမ်းအနားဖြင့် လွမ်းသူ့ပန်းခွေ ချလျက်နေကြသော ရှုခင်းကြီးကို မမိုတ်မသုန် ငေးစိုက် မျှော်ကြည့်နေကုန်သော လူထုကြီးက ရင်ဖိုလျက် နေကြလေသည်။ နိုင်ငံခြား ဧည့်သည် တော်၊ သံတမန် စသော ပုဂ္ဂိုလ်တိုင်းမှာမူ အသီးသီး ဆွေးမြည့်သော အကြည့်နှင့် ရှုကြည့် ငေးမော နေကြသည်။ ကြေကွဲစရာ ကောင်းလှသော ဘင်ခရာသံတို့ကို နားထောင်ရင်း ကျွန်မမှာ ရင်ထဲ၌ လှိုက်ဖိုနေလေသည်။

ပန်းခွေချ အစီအစဉ် အခမ်းအနားကြီးပြီးလျှင် မြို့တော်ဝန်က မိန့်ခွန်းပြောရန် အခမ်းအနားမှူးက ကြေညာလိုက်သည်။

လွမ်းဆွတ်ကြေကွဲစရာ တီးမှုတ်လျက်နေသော ဘင်ခရာသံများသည် တသဲ့သဲ့ စဲသွားတော့ကာ မြို့တော်ဝန်၏ မိန့်ခွန်းသံသည် ပျံ့နှံ့ရိုက်ခတ်သွားလေ၏။

"ဒီနေ့ ငြိမ်းချမ်းရေးကို ကြိုဆိုကြတဲ့အခါမှာ ကျုပ်တို့ရင်ထဲမှာဖြင့် ရှေးအတိတ် က လုပ်ရားမှုကြီးဟာ အသစ်ပြန်ဖြစ်ရတော့တယ်။ လွန်ခဲ့တဲ့ ၁၃ နှစ်က အဏုမြူဗုံး ချခဲ့ခြင်းကြောင့် ဖြစ်ပေါ်ခံစားကြရတဲ့ ဒုက္ခအဖုံဖုံဟာ အင်မတန် ကြီးကျယ်လှပါတယ်။ လူ့သမိုင်းမှာ ကျုပ်တို့ ကြုံတွေ့ရခဲ့တဲ့ ပျက်စီးပြုန်းတီးပုံမျိုးဟာ ဘယ်လိုပျက်စီးပုံမျိုးနဲ့မှ မပြိုင်နိုင်ပါဘူး…"

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မ ထိုင်နေသော ခုံတန်းနောက်ဘက်မှ ဂျပန် စကားပြန်က ဘာသာပြန် ပြောပေးနေသည်။ ဘာသာပြန် ပြောပြနေသည်ကို နားစွင့်လျက် ကျွန်မမှာ ပေါင်းမိုးဂူကြီးကို မျက်တောင်မခတ် ငေးကြည့်နေမိသည်။ အဝေးမှ တောင်တန်းကြီးကို နောက်ခံထားသော တိုက်တာ အဆောက်အအုံတို့သည် နေရောင်ခြည်အောက်၌ ဆောက်ပြီးစ သစ်လွင်သော အဆင်းသဏ္ဌာန်တို့ဖြင့် ကြော့မော့နေကြပေသည်။ မြို့တော်ဝန်၏ အသံသည် အတားအဆီးမရှိသော ကွက်လပ်ကြီးကို ဖုံးလွှမ်းသွားအောင် မြည်ကျူးရိုက်ခတ်နေလေ၏။ ဂူကြီးထဲ၌ ကိန်းအောင်းနေကြသော ဝိညာဉ်အပေါင်းတို့နှင့်တကွ သိန်းသောင်းမက မရေတွက်နိုင်သော လူထုကြီးမှာ နားစိုက်လျက် တိတ်ဆိတ်ငြိမ်သက်နေခိုက် လေရူးသည် လိုရာလွင့်မြူးလျက် တဟူးဟူး တိုက်ခတ်လျက်ရှိသည်။

"အဏုမြူဗုံး ကျတဲ့ နေ့ကစပြီးတော့ ဟီရိုရှီးမားမြို့ မြေပြင်မှာ ကျန်ရစ်ခဲ့တဲ့ အသက်တွေကို အခုထက်ထိ ခြိမ်းခြောက်လျက် ရှိနေဆဲပါပဲ··· အဏုမြူ ဒုက္ခသည် အပေါင်းတို့ဟာ မသေခင် သေလောက်အောင် ဝေဒနာဆိုးကို ခံစားလျက် နေကြရပါတယ်။ ဒီလိုဒုက္ခဆိုး အဖုံဖုံ အဝဝနဲ့ ဝေဒနာခံစားနေကြရတဲ့ အဖြစ်အပျက်ဆိုးကြီးတွေကို မျက်မှောက်ပြုကြပြီး ကျုပ်တို့ရဲ့ အာရုံပြုချက်ဟာ ငြိမ်းချမ်းရေးပါပဲ။ လူတို့ရဲ့ အဓိကတာဝန် ငြိမ်းချမ်းရေးကို အမှတ်အသား ပြုကြရန်၊ အလေးအနက် ပြုကြရန် ဟီရိုရှီးမား ငြိမ်းချမ်းရေး မြို့တော် ပြန်လည်တည်ဆောက်ဖို့ ကြိုးပမ်းစေပါတယ်။

ယနေ့ဟာဖြင့်···

ကျုပ်တို့ရဲ့ ပတ်ဝန်းကျင်မှာ စိမ်းလန်းစွာ စိုပြည်သာယာလျက် လှပစွာ စီရရီရှိနေတဲ့ တိုက်တာအိမ်များ၊ တစ်ဖက်တစ်ချက်နဲ့ လှပသော လမ်းကြီး လမ်းငယ် အသွယ်သွယ်များကို တွေ့မြင်ကြည့်ရှုပြီး ကျုပ်တို့ဟာ ကွယ်လွန် သေဆုံးကုန်သော ဝိညာဉ်များကို လေးမြတ်စွာ ရိုကျိုးဂုဏ်ပြုလျက် ရှိပြီးလျှင် ငြိမ်းချမ်းရေး ရရှိမည်ဆိုသော ငြိမ်းချမ်းရေး ယုံကြည်ချက်ကို ဆတက်ထမ်းပိုး တိုးစေပါတယ်။

အဏုမြူလက်နက် ပိတ်ပင်ရေး တစ်နိုင်ငံတည်း အဏုမြူလက်နက် စမ်းသပ်ရမည် ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ အာကာသ ကောင်းကင်ကြီးမှာ စစ်ဆေးကွပ်ကဲ ရှာဖွေသော အတတ်ပညာ ညီလာခံကြီး ဖွင့်လှစ်လျက်ရှိခြင်းသို့ ဦးတည်လျက် ရှိနေသော သတင်းတွေဟာ လူတွေရဲ့ အဏုမြူပိတ်ပင်ရေး ဆန္ဒတောင့်တချက် ပြင်းပြနေကြတာတွေဟာ အနာဂတ်အတွက် အနာဂတ်ရောင်ခြည်ပါပဲ။

လူထုဆန္ဒပြမှုမှာ ကျုပ်တို့ရဲ့အသံကို ကမ္ဘာက ပိုကြားလာအောင် ခိုင်မာအောင် လုပ်ရပါလိမ့်မယ်။ အဏုမြူလက်နက် သုံးခြင်း၊ ပြုလုပ်ခြင်းကို လုံးဝပိတ်ပင်အောင် ခွန်တိုက်အားတိုက် ကြိုးပမ်းကြရမယ်။ ဒီလို ကြိုးပမ်းချက်တွေဟာ လူ့ဘောင်ကြီး ပျက်ပြုန်းမှာကို ကယ်တင်ခြင်း သဘောပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါကြောင့်… သန္တိဌာန်ကို အားသစ်တွေလောင်း ချမှတ်ပြီးတော့ ကျုပ်တို့ရဲ့ ခံစားချက် အတွေ့အကြုံအရ ကမ္ဘာ့အား သည်ပန်ကြားချက်ကို သိစေလိုက်ပါတယ်''

ဩဘာ လက်ခုပ်သံကြီးကို ကြောက်ခမန်းလိလိ ကြားရလေသည်။

မြို့တော်ဝန် မိန့်ခွန်းပြီးလျှင် မြောက်မြားစွာသော ကျောင်းသူကလေးတို့သည် ခြင်းကလေးတွေ ကိုယ်စီဆွဲ၍ ထွက်လာကာ ခြင်းထဲမှ ခိုဖြူကလေး ၁၀၀ ခန့်ကို ဆွဲထုတ်၍ မိုးပေါ်သို့ မြှောက်လွှတ်လိုက်ကြသည်။

၈ နာရီ ၁၅ မိနစ်…

လူထုကြီးသည် နေရာမှ ထကြသည်။ အဏုမြူဗုံး ကျချိန် ကျရောက်သည်နှင့် တစ်ပြိုင်နက် ငြိမ်သက်စွာ ခေါင်းစိုက်ချလျက် သေသူတို့အား တသ ဆုတောင်းကြကုန်သည်။ မြေပြင်၌ တစ်ခဲနက် ငြိမ်သက် အလေးပြုနေကြခိုက် ကောင်းကင်၌ ခိုဖြူများ အုပ်စုဖွဲ့ကာ ပျံဝဲလျက် ရှိနေကြပြီးလျှင် ခေါင်းလောင်းသံ၊ အမြောက်သံများကို တသိမ့်သိမ့် ကြားရလေသည်။

အစီအစဉ်အတိုင်း အလေးပြုပြီးနောက်၊ နန်းရင်းဝန်၊ အထက် အောက် လွှတ်တော် ဥက္ကဋ္ဌ၊ ဘုရင်ခံ စသည်တို့၏ မိန့်ခွန်းရပ်များ ပြောကြားပြီးနောက် ကျောင်းသူ ၁၀၀ ခန့် သီဆိုသော ငြိမ်းချမ်းရေး တေးသံကို သီဆိုတီးမှုတ်ကြလေသည်။

အခမ်းအနား ပြီးဆုံးမှ ကျွန်မမှာ ဧည့်သည်များနှင့်အတူ ဗိညာဉ်ဂူကြီး တက်ကြည့်ကြသည်။ တက်ရောက်ကြည့်ကြသော လူထုပရိသတ် များပြားလွန်း၍ တိုးဝှေ့ကြည့်ရသည်။ နံနက်လင်းစက ဘုန်းတော်ကြီးများ စုဝေးကာ ဂူရှေ့၌ ဆုတောင်း ရွတ်ဖတ်သွားကြလျက် လူအပေါင်းတို့ ထွန်းထားခဲ့သော အမွှေးတိုင်များအချို့ မငြိမ်းကြသေးချေ။ ဂူကြီးအောက်ရှိ ကျောက်ပြား၌ ထွင်းထုထားသော ကမ္ပည်းစာတန်းကို မြင်ခဲ့ရသည်။

ကျွန်မတို့ ဟိုတယ်သို့ ပြန်ရောက်လာကြသောအခါ တစ်အောင့်နားရန်သာ အချိန်ရလျက် လူထုခန်းမဆောင်ကြီး၌ ဟီရိုရှီးမား အဏုမြူဗုံး ဆန့်ကျင်ရေးကောင်စီ လူထုစုဝေးပွဲကြီးသို့ ဆက်သွားကြရသည်။ စင်မြင့်ပေါ်သို့ မတက်ကြမီ တိုကျိုမြို့မှ နောက်ထပ် အမီ ရောက်လာကြသော နိုင်ငံခြားကိုယ်စားလှယ်သစ်များနှင့် မိတ်ဖွဲ့ပေးလေ၏။ ကျွန်မတို့ စင်မြင့်ပေါ်သို့ ရောက်၍ နေရာထိုင်ခင်းယူပြီးမှ ပိတ်ကားချထားသော ကတ္တီပါကားလိပ်ကြီး ဆွဲဖွင့်လှစ်လိုက်သည်။

စင်မြင့်အောက်၌ အစည်းအဝေး တက်ရောက်လာကြသော လူထုကြီးကား ခန်းမဆောင်ကြီး တစ်ခုလုံး ပြည့်လျှံကျပ်နေတော့သည်။

အစည်းအဝေးစလျှင် မြို့တော်ဝန်၊ ကောင်စီဥက္ကဋ္ဌတို့ မိန်းခွန်းပြောအပြီး အနိုင်နိုင်ငံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားနေချိန်ခိုက် ဗမာပြည်က ဝန်ကြီးချုပ် ဦးနု့ သဝဏ်လွှာ မရောက်ပါလားဟု ကိုယ်စားလှယ်များ ဝိုင်းပြောကြသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

စင်မြင့်ပေါ်၌ နိုင်ငံခြား ဧည့်သည်တော်များက တစ်ဖက်၊ ဂျပန်ကောင်စီမှ တစ်ဖက် ထိုင်ကြကာ အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျာမနီဘာသာ၊ ဂျပန်ဘာသာဟု ဘာသာ လေးမျိုး သတ်မှတ်ထားရာ ဆိုင်ရာ ဆိုင်ရာ ဘာသာပြန်ပေးချက်ကို နားကြပ်နှင့် နားထောင်ရသည်။

မြန်မာပြည်မှ မြန်မာနိုင်ငံ ကမ္ဘာ့နိုင်ငံရေး ကွန်ဂရက် ဒုတိယဥက္ကဋ္ဌ စာရေးဆရာ ဂျာနယ်ကျော် မမလေးက နိုင်ငံခြားသား ဧည့်သည်တော်များကိုယ်စား မိန့်ခွန်းစကား ပြောပါလိမ့်မည်ဟု ကျွန်မ အလှည့်ကျ၍ အခမ်းအနားမှူးက ကြေညာလိုက်သည်။

ကျွန်မ ထိုင်နေရာမှ မထခင် ခရီးအတူတူ ထွက်လာခဲ့ကြသော နိုင်ငံအသီးသီး မှ နိုင်ငံခြား ကိုယ်စားလှယ် မိတ်ဆွေများက လေသံနှင့် ဝိုင်း၍ တစ်ယောက်တစ်ခွန်း အားပေးလိုက်ကြသည်။

ညက ကိုယ်စားလှယ် အစည်းအဝေးမှ အတည်ပြုလိုက်သော မိန့်ခွန်းရပ်ကို တစ်ပိုဒ်စီ တစ်ပိုဒ်စီ ဖတ်ပြောလျက် စကားပြန်က ဂျပန်လို ပြန်ပြောနေခိုက် ဂျပန်သို့ ထွက်မလာမီ မြို့တော်ခန်းမဆောင်ကြီး၌ ကျင်းပခဲ့သော ငြိမ်းချမ်းရေး ညီလာခံကို မျက်စိထဲ၌ မြင်ယောင်နေမိသည်။

ကျွန်မ မျက်စိရှေ့မှောက်၌ တွေ့ရသော လူထုကြီးသည်လည်း မြို့တော်ခန်းမ ငြိမ်းချမ်းရေး ညီလာခံကြီးသို့ တက်ရောက်ကြသော လူထုပရိသတ်ကြီးကဲ့သို့ ထင်ယောင် မိတော့သည်။

မိနစ် ၂၀ ခန့် စိတ်ပါလက်ပါ မိန့်ခွန်းပြောကြားခဲ့ပြီးနောက် ကျွန်မ နေရာသို့ ပြန်ခဲ့သည်။ ခရီးသွားဖော်သွားဖက် နိုင်ငံခြား ကိုယ်စားလှယ်များက လက်ကမ်းလျက် လက်ဆွဲနှုတ်ဆက်ကြလေ၏။ ဘုံဘေမြို့မှ အမျိုးသမီးဆရာဝန်မက ကျွန်မလက်ကို ဆုပ်ကိုင်ကာ "မိန့်ခွန်းပြောတဲ့ လူလက်က မအေးဘူး၊ ကျွန်မ လက်ကကို အေးနေတယ်"ဟု ကိုယ်စားလှယ်များဘက်သို့ တိုးတိုးလှည့် ပြောလိုက်ကာ ရယ်မောနေလေသည်။

တစ်နေ့လုံး အဏုမြူဆန့်ကျင်ရေး စည်းဝေးတက်နေကြရလေ၏။ အစည်းအဝေး ကြီးကို တစ်နေ့လုံး စည်းဝေး ကျင်းပနေခိုက် ထူးခြားချက်မှာ တယ်လီဖုန်းတစ်ခုမှာ ကျွန်မတို့နှင့် အတူတူ တစ်နေ့လုံး စည်းဝေး တက်နေရရှာသည်။ မြို့အသီးသီးရှိ အဏုမြူ ဆန့်ကျင်ရေး ကောင်စီများ၊ ထို့ပြင် အလုပ်သမား ယူနီယံ၊ လယ်သမား၊ တံငါသည်အသင်း စသော အသင်းအဖွဲ့အစည်းတို့မှ ၄င်းတို့၏ သဝဏ်လွှာများကို ၄င်းတို့မြို့မှ တယ်လီဖုန်း ဖြင့် လှမ်းခေါ် ပေးပို့နေကြသဖြင့် သူသည်လည်း စင်မြင့်ပေါ်၌ တစ်ချိန်လုံး စည်းဝေးတက် စကားပြောနေရလေ၏။

လူထုအစည်းအဝေးကြီးအပြီး ညနေဘက်တွင် ဟီရိုးရှီးမား မြို့တော်ဝန်က နိုင်ငံခြား ကိုယ်စားလှယ်များအား ညစာစားပွဲ တည်ခင်းကျွေးမွေးလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုနေ့ညသည် ဟီရိုရှီးမားတွင် အဏုမြူ မီးထွန်းပွဲကြီး ရှိလေ၏။ မြို့တော်ဝန်က ညစာစားပြီး မီးထွန်းပွဲကြည့်ရန် ဖိတ်ခေါ်သည်။ နိုင်ငံခြား ကိုယ်စားလှယ်များ မြို့တော်ဝန်နှင့်တကွ မီးထွန်းပွဲကြည့်ရန် ထွက်ခွာသွားကြသည်။

ဘုံဘေမြို့ ဆရာဝန်မမှာ ယနေ့ညပင် တိုကျိုသို့ ပြန်မည် ဆိုသဖြင့် သူ့ကို နှုတ်ဆက်နေရခြင်းကြောင့် မီးထွန်းပွဲသို့ လိုက်ရန် မမီလိုက်ဘဲ ကျန်ရစ်ခဲ့သည်။

ဆရာဝန်မ ဘူတာရုံသို့ ဆင်းသွားသောအခါ၌ ကျွန်မမှာ မီးထွန်းပွဲကို ကြည့်ချင်လာသည်။ ဟိုတယ် မန်နေဂျာအား မီးထွန်းပွဲ ပြုလုပ်သည့် နေရာကို စုံစမ်းကြည့်သည်။

''တစ်မြို့လုံး ပတ်နေတဲ့ မြစ်တွေထဲမှာ ထွန်းကြတာပဲ။ ကုန်းပေါ်မှာ ထွန်းတာ မဟုတ်ဘူး။ ခင်ဗျား လမ်းတည့်တည့် လျှောက်သွားရင် မြစ်တွေ တွေ့မှာပဲ''

ကျွန်မသည် မြစ်ထဲတွင် ထွန်းကြသော အဏုမြူ မီးထွန်းပွဲကို ကြည့်ရန် ဟိုတယ်မှ ထွက်လာခဲ့သည်။ ဟိုတယ်ဝတွင် ကားမမီ၍ ကျန်ရစ်ခဲ့သော ဩစတြေးလျ ကိုယ်စားလှယ် မစ္စတာရစ်ဘီနှင့်တွေ့၍ သူလည်း ကျွန်မနှင့်အတူ လိုက်လာသည်။

ဟိုတယ်ရှေ့ ကွက်လပ်ကြီးထဲ၌ရှိသော သေသူ့ဝိညာဉ်တို့ ကိန်းအောင်းရာ ပေါင်းမိုးဂူကြီးတစ်ဝိုက်၌ လူတွေ ကြိတ်ကြိတ်တိုးနေလျက် စည်ကားလှသည်။ ထွန်းညှိ ပူဇော်ထားသော ဖယောင်းတိုင် မီးရောင်များဖြင့် လင်းလက်နေလေ၏။

ဟိုတယ်လမ်းတစ်လျှောက် လမ်းဘေးနှစ်ဖက်တွင် ဈေးဆိုင်များ ပြည့်နှက်နေသည်။ ရွှေတိဂုံ ကုန်းတော်ကြီး စောင်းတန်းကြီး၌ရှိသော ပန်းဆိုင်များကဲ့သို့ ပန်း၊ ဆီမီး၊ ဖယောင်းတိုင် ရောင်းကြသော ဆိုင်များ ဖြစ်ကြသည်။ ဆိုင်ရှေ့၌ ဖြတ်ကျော်သွားသော လူတိုင်းအား ''ပန်းယူပါဦးရှင်၊ ဆီမီး ဖယောင်းတိုင် ယူပါဦးရှင်''ဟု ဂျပန်မများက အလုအယက် ဆီးကြို ဖိတ်ခေါ် ရောင်းနေကြလေ၏။

ကျွန်မတို့ ဈေးဆိုင်များကို ကျော်ဖြတ်ကာ ဂူကြီး၌ ပန်း၊ ဆီမီးများဖြင့် ပူဇော်ကန်တော့နေကြသော လူအုပ်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

ဂူကြီးနှင့် မလှမ်းမကမ်းတွင် မြစ်ကြီးကို တွေ့ရသည်။ မြစ်ကမ်း နဖူးပေါ်၌ ထောင်သောင်းမကသော လူအုပ်ကြီးကို ကမ်းညွှတ်အောင် တွေ့ရလေ၏။ လူအုပ်ကြားထဲသို့ တိုးဝင်ကာ မြစ်ကမ်းနဖူးပေါ်မှ မြစ်ထဲသို့ ဆီးကြည့်လိုက်သည်။

မြစ်ထဲတွင် ပိတ်ဖြူ မျက်နှာကြက် မိုးထားသော ဖောင်ကြီး တစ်ဖောင် ပြုလုပ်ထားသည်။ ဖောင်ပေါ်၌ ဂျပန် ဘုန်းတော်ကြီးများ တစုတဝေး ထိုင်နေကြသည်။ ဗျပ်စောင်းကဲ့သို့သော တူရိယာများကို ပိုက်ကိုင်ထားကြလျက် အဆက်မပြတ် တီးခတ်နေကြပြီးလျှင် ရွတ်ဖတ်ဆုတောင်းနေကြသော အသံများသည်လည်း တအီအီနှင့် သံပြိုင် ဆွဲငင်လျက် ညည်းတွား သရဇ္ဈာယ်နေကြကုန်သည်။

မြစ်တစ်ဖက်ကမ်းမှ ကမ်းပါးပေါ်၌လည်း လူထုကြီးမှာ တိမ်းညွှတ်နေတော့သည်။ လူအုပ်ကြီးထဲတွင် တောင်ပုံရာပုံ ထပ်ပုံထားသော မီးပုံးများကို တွေ့ရလေ

mgyoe.com

mgyoe.com
SAMPLE BOOK

သည်။ မီးပုံးပုံသဏ္ဌာန်မှာ ရေနံဆီသံပုံးကဲ့သို့ လေးထောင့်ပုံး ဖြစ်သည်။ ဆီစိမ်စက္ကူ အစိမ်း၊ အနီ၊ အဝါရောင်များ ကပ်ထားသည်။ လူအပေါင်းတို့သည် ကိုယ့်မီးပုံး ကိုယ်ဆွဲလျက် ကမ်းပေါ်မှ တစ်ဦးပြီးတစ်ဦး ဆင်းလာကြလေသည်။ မီးပုံးများကို ဖောင်ပေါ်၌ရှိသော ဘုန်းတော်ကြီးများလက်သို့ သွားအပ်ကြသည်။ ဘုန်းတော်ကြီးများသည် မီးပုံးများကို လှမ်းယူလျက် မီးပုံးထဲ၌ မီးတိုင်ထွန်းစိုက်ကာ ရေထဲသို့ ချမျှောလိုက်ကြလေ၏။ ရောင်စုံမီးပုံးလေးများသည် တအီအီ ရွတ်ဖတ်သံ၊ ဗျပ်စောင်းသံများဖြင့် တငြိမ့်ငြိမ့် မျောသွားကြလေ၏။

မြစ်ရိုးတစ်လျှောက်လုံး၌ ပေါလောပေါလောနှင့် မျောနေကြသော ရောင်စုံမီးပုံးများကို မျက်စိတစ်ဆုံး မီးဖောင်ကြီးသဖွယ် မြင်နေရသည်။

ကျွန်မသည် ကမ်းပေါ်မှ ကျွန်မ မျက်စိအောက်တွင် ဖြတ်မျောသွားကုန်သော မီးပုံးကလေးများကို ဆီးငုံ့ကြည့်လိုက်သည်။ မီးပုံးများတွင် ဆေးရောင်နက်ဖြင့် အမည်ကမ္ပည်းစာတန်းကလေးများ ရေးထားကြလေ၏။

မြစ်ထဲ၌ အဆက်မပြတ် မျောလျက်ရှိကြကုန်သော မီးပုံးတွေသာလျှင် လှုပ်လှုပ်လှုပ်လှုပ်နှင့် တွေ့ရလေလျက် ကမ်းနဖူးပေါ်မှ ဆီးထိုင်ကြည့်နေသော လူအုပ်ကြီးမှုကားအရုပ်ကြီးတွေ စီရရီထောင်ချထားဘိအလား တုတ်တုတ်မျှ မလှုပ်ဘဲ ဆိတ်ဆိတ်ငြိမ်လျက်ရှိကြလေ၏။

ဝမ်းနည်းပက်လက်ဖြစ်ကာ တစ်ခဲနက် ဆိတ်ငြိမ်နေကြသော လူအုပ်ကြီးနှင့်အတူ ကျွန်မတို့မှာ ရင်ထဲ၌ ဆို့လျက် ငိုင်ကြည့်နေမိသည်။

မြစ်ထဲ၌ တသီတတန်းကြီး မျောနေကုန်သော မီးပုံးများမှာ အမှန်စင်စစ် မီးပုံတစ်ပုံးဆိုလျှင် အလောင်းတစ်လောင်း ဖြစ်ချေသတည်း။

အဏုမြူဗုံးချသည့် အချိန်အခါက နေဆယ်စင်း ထွက်သကဲ့သို့ ပူပြင်းလှသောဓာတ်အားဖြင့် လူတို့မှာ ဆီပူအိုးကြီး လောင်းချလိုက်သည့်အလား တစ်ကိုယ်လုံးရှိ အရေခွံတွေ အမြွာမြွာကွာကျကုန်သော အသားနီလန်သွားလျက် ပြာဖြစ်သွားလေ၏။ အသက်မထွက်ဘဲ တစ်ကိုယ်လုံးရှိ အရေခွံကို ဆုတ်ခွာချပြီး အသားနီလန်သွားသော သူတို့မှာကားမခံမရပ်နိုင်အောင် ပူပြင်းလှသဖြင့် ရေရှိရာ ဤမြစ်ထဲသို့ ခုန်ချကြလေ၏။

အဏုမြူဓာတ်ငွေ့ကြောင့် ဤမြစ်ထဲတွင် ရှိသော မြစ်ရေမှာ ရေနွေး ကျွက်ကျွက်ဆူနေသော အပူချိန် ဒီဂရီထက် ငါးဆတိုးပြီး ပွက်ပွက်ဆူလျက် နေလေရာ ခုန်ချနေသမျှသော လူတိုင်းပင် ရေနွေးအိုးကြီးထဲ၌ ထည့်ပြုတ်ဘိသကဲ့သို့ မရှူမလှ အသက်ထွက်သွားကြသောကြောင့် အလောင်းများမှာ မြစ်ထဲ၌ တောင်ပုံရာပုံ ထပ်မျောနေခဲ့လေ၏။

မြစ်ထဲခုန်ချ၍ မချိမဆံ့ အသက်ထွက်သွားသော သွားလေသူတို့အား ရည်စူးလျက် သက်ဆိုင်ရာတို့က လူတစ်ဦး မီးပုံးတစ်ပုံးကျစီ ထွန်းပြီးလျှင် ဆုတောင်းတသသမျှောလိုက်ကြသော အဏုမြူ မီးထွန်းပွဲကြီး ဖြစ်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မမှာ မျက်တောင်မခတ်မိဘဲ ငေးစိုက်လျက် ရင်ဆိုင်နေစဉ် မစ္စတာ ရစ်ဘီက လေသံနှင့် ကပ်မေးလိုက်သည်။

"မမလေး… ကဗျာရေးသလား"

ကျွန်မက ခေါင်းခါလိုက်သည်။ ကျွန်မ မျက်စိအောက်မှ ရေအဟုန်ဖြင့် စီးပါသွားသော မီးပုံးတွေ ကြည့်ရင်း… "ကျွန်မသာ ကဗျာရေးမယ် ဆိုရင် ဒီအကာမြူမီးထွန်းပွဲနဲ့ ပတ်သက်ပြီး ကျွန်မ ရေးမယ့်ကဗျာနဲ့ နာမည်တော့ စဉ်းစားမိပြီ"ဟု ကျွန်မက ဆက်ပြောလိုက်သည်။

"ဘယ်လို နာမည်လဲ"

ကျွန်မသည် အရှိန်နှင့် မျောလာသော မီးပုံးကလေး တစ်လုံးကို လက်ညှိုးထိုးညွှန်ကာ စဉ်းစားမိသော ကဗျာအမည်ကို ထုတ်ပြောလိုက်သည်။

"ဘယ်သူပါလိမ့်"

မစ္စတာရစ်ဘီသည် "အား…"ဟုဆိုကာ သက်ပြင်းချလိုက်သည်။ ထို့နောက် လေသံနှင့် မသက်မသာ ပြောနေသည်။

"ကျုပ်ဖြင့် ရေထဲက မီးပုံးတွေ မြင်ရတာထက် ကမ်းပေါ်က လူထုကြီး တိတ်ဆိတ်နေကြတာကို ကြည့်ရတာ စိတ်အထိခိုက်ဆုံးပါပဲ၊ ခင်ဗျားကော"

"သေသေချာချာ နားထောင်စမ်း…ကျွန်မတို့နောက်က မိန်းမတွေ ဆီက လာတဲ့ အသံကို နားထောင်စမ်းပါ"

မစ္စတာရစ်ဘီသည် သူ့ခေါင်းနောက်ကို လှည့်လိုက်လေသည်။

"အား…သူတို့ ရှိုက်နေကြတယ်"

သူသည် ပြောပြီး လူအုပ်ကြီးနှင့်အတူ တိတ်ဆိတ်ငြိမ်သက် သွားလေ၏။

ကျွန်မသည် ဤမြစ်ကမ်းပါးပေါ်၌ လူအုပ်ကြီးနှင့် မခွဲမခွာ တစ်ချိန်လုံး ထိုင်နေချင်စိတ် ဖြစ်ပေါ်လာသည်။

"မမလေး…ခင်ဗျားတို့ မြန်မာပြည်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်တဲ့ လူတွေကို ကွန်မြူနစ်တွေလို့ မစွပ်စွဲဘူးလား"

ကျွန်မသည် မစ္စတာရစ်ဘီ ဘက်သို့ မျက်နှာ လှည့်ကြည့်လိုက်သည်။

"ရှင်တို့ ဩစတြေးလျမှာကော"

ဟု သူ့မေးခွန်းဖြင့် သူ့ ပြန်မေးလိုက်သည်။

"ကျုပ်တို့ တိုင်းပြည်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်း လုပ်တဲ့သူတိုင်း ကွန်မြူနစ်ဝါဒဖြန့်တယ် စွပ်စွဲကြတယ်။ မြန်မာပြည်မှာကော ဘယ်လိုလဲ"

"ကမ္ဘာ့ငြိမ်းချမ်းရေး လုပ်ငန်းကြီး ကမ္ဘာမှာ ကျယ်ပြန့်သွားမှာ စိုးလို့ မကျယ်ပြန့်အောင် တစ်ဖက်က ပုတ်ခတ်စွပ်စွဲပြီး ဝါဒဖြန့်တာကို ကြားလူတွေက သံယောင်လိုက်ပြီး ယုံကြ၊ ထင်ကြတာပါရှင်။ စစ်တားဆီးရေး လုပ်ငန်း၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ

mgyoe.com

mgyoe.com
SAMPLE BOOK


စနစ်ချင်း မတူပေမယ့် အေးချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးဆိုတဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းနဲ့ ဝါဒတွေကို စတည်ထောင်ကြတာ ကွန်မြူနစ်ပါတီ၊ ကွန်မြူနစ် စနစ်တွေမှ မဟုတ်ဘဲ။ သိပ္ပံပညာရှင်ကြီးတွေ၊ စာရေးဆရာကြီးတွေက စတည်ထောင်ခဲ့ကြတာပဲ။ ကျွန်မတို့ မြန်မာပြည်မှာလည်း ရှင်တို့ ဩစတြေးလျပြည်လိုပေါ့''

''ကျုပ်အယူအဆကတော့ ကမ္ဘာ့ငြိမ်းချမ်းရေးကို ပါတီနိုင်ငံရေး အသွင်မျိုး မလုပ်ကြဘဲ လူတိုင်း ပါဝင်ကြလေအောင် ကျယ်ပြန့်အောင် လုပ်ကြဖို့ လိုတယ်။ တိုကျို ရောက်ရင် ညီလာခံမှာ ကျုပ်တော့ ကမ္ဘာ့ငြိမ်းချမ်းရေး တိုးတက်ကျယ်ပြန့်ရေး ကော်မရှင်မှာ ပါဝင်ဆွေးနွေးမယ်…ခင်ဗျားကော ဘယ်ကော်မရှင်မှာ ပါမလဲ''

''ကျွန်မလည်း ဒီကော်မရှင် တက်မှာပဲ''

''ကျုပ်တို့ ဩစတြေးလျ ပြည်သူပြည်သားတွေကို ဟောဒီကမ်းပါးပေါ်ကို မ လာပြီး ဟောဒီမြစ်ထဲက မီးပုံးတွေနဲ့ ဟောဒီမြစ်ကမ်းပါးပေါ်က လူအုပ်ကြီးကို ပြလိုက်ရင်တော့ ကမ္ဘာ့ငြိမ်းချမ်းရေး လုပ်ငန်းကို ကောင်းကောင်း သဘောပေါက်သွားကြမှာပါပဲ''

''အဏုမြူ ဆေးရုံနဲ့ အဏုမြူ ပြတိုက်ကြီးပါ ပြဖို့ လိုတယ်''

ဟု ကျွန်မက ဝင်ဖြည့်စွက်လိုက်လေသည်။

မစ္စတာရစ်ဘီသည် ပြောပြီး တီးတိုးရှိုက်လိုက်ကာ ပခုံးနှစ်ဖက် လှုပ်လိုက်သည်။

ကျွန်မသည် စောစောက စိတ်ကူးအတိုင်း ဟိုတယ်သို့ ပြန်ခဲ့သည်။ အဝတ်အစားများ လဲခဲ့ပြီးနောက် ကမ်းပါးဆီသို့ တစ်ယောက်တည်း တစ်ခေါက် ပြန်လာလေသည်။

ကမ်းပါး၌ လူအုပ်ကြီးမှာ ပိုများလာသလို ထင်ရသည်။ ကျွန်မသည် မြစ်ကမ်းပေါ်၌ လူအုပ်ကြီးနှင့် အတူရောကာ ထိုင်ချလိုက်သည်။

မြစ်ထဲမှ တအီအီနှင့် ရွတ်ဖတ် ဆုတောင်းနေကြသော အသံများနှင့် မြစ်ကမ်းပါးပေါ်မှ အသံမထွက်အောင် ကျိတ်ရှိုက်လျက် နေကြသော အသံများကို နားနှင့် မဆံ့ ကြားနေရလေ၏။

မီးပုံးတစ်ပုံး ရေထဲ ချမျှောလိုက်ရင်း ကျွန်မစိတ်ထဲ၌ လူတစ်ယောက် မြစ်ထဲသို့ ခုန်ချလိုက်သလို ထင်ရလေသည်။ ပွက်ပွက်ဆူနေသော ရေထဲက မချိမဆံ့ အော်ဟစ်ညည်းတွားလိုက်သော အသံဗလံတွေကို ကြားယောင်လိုက်ကာ ကြက်သီးမွေးညင်း ထသွားလေသည်။

ဟီရိုရှီးမား၌ အဏုမြူဗုံးချသော အချိန်မှာ နံနက် ၈ နာရီ ၁၅ မိနစ် ဖြစ်သည်။ ကျောင်းသွားကြရန် မိဘများကို နှုတ်ဆက်လျက် အိမ်က ထွက်လာကြသော ကျောင်းသူ၊ ကျောင်းသားကလေးများ၏ အသက်ပေါင်း ထောင်သောင်းမက ဤမြစ်ရေပူကြီးထဲ၌ ခုန်ချကာ သေဆုံးသွားကြရခြင်းကြောင့် သူတို့ မသေခင်၊ စုံးစုံးမမြုပ်ခင် ရေပြင်ပေါ်၌ လက်ကလေးတွေ ယှက်ကြကာ အမိ၊ အဖတို့အား တညည်းခေါ် အော်ဟစ်သွားကြသော အသံများကို ကျွန်မ နားထဲ၌ တစီစီကြားမိတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ခြေသံမကြားအောင် အပေါ်ထပ်သို့ ပြေးတက်ခဲ့သည်။ ကျွန်မ နေသော အခန်းမှာ အစွန်ဆုံးကျလျက် မီးရောင်နှင့် အလှမ်းဝေးသည်။ ကပျာကယာ အခန်းတံခါးသော့ ဖွင့်ပြီး မီးခလုတ် လှမ်းဖွင့်လိုက်သည်။ အထဲဝင်ဝင်ချင်း အခန်းတံခါးကို ပြန်ဆွဲပိတ်လိုက်သောအခါ တံခါးနှင့် မျက်နှာချင်းဆိုင် လူသွားလမ်း အုတ်နံရံတွင် ဖြုန်းခနဲ လူရိပ်မြင်လိုက်ရသဖြင့် မျက်လုံးတွေ ပြာလျက် ကျွန်မခေါင်းမှာ ပုတ်လောက်နီးနီး ကြီးသွားလေသည်။ ကျွန်မ မြင်လိုက်သော အရိပ်မှာ တံခါးလှမ်းဆွဲလိုက်စဉ်က တစ်ဖက်အုတ်နံရံ၌ ထင်သွားသော ကျွန်မ၏ အရိပ်ပင် ဖြစ်ချေသည်။

အခန်းမီးပိတ်လျက် အိပ်ရာပေါ်တွင် ပစ်လှဲလိုက်သည်။ ကျွန်မ ရင်ထဲ၌ တဒိတ်ဒိတ် ခုန်နေတုန်းပင်။ အိပ်ရာပေါ်မှ တသဲ့သဲ့ကြားနေရသော မြစ်ထဲက ရွတ်ဖတ်သံများသည် အဝေးက ပျံ့လွင့်ရိုက်ခတ်လာသော အသံတစ်မျိုးဖြင့် နားထဲ၌ စူးနင့်နေသည်။ ဤဟိုတယ်မြေပေါ်၌ လောင်ကျွမ်း သေဆုံးသွားသူတို့သည် ကျွန်မ အခန်းထဲသို့ ဝင်လာကြသလိုလို စိတ်က ထင်ယောင် မြင်ယောင်သည်နှင့် ချက်ချင်း စောင်ကြီးကို ဆွဲကာ ခေါင်းမြီး ခြုံလိုက်သည်။ ကျွန်မမှာ စောင်ခြုံထဲ၌ တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ ချွေးဒီးဒီး ကျနေတော့၏။

ရှုမဝမဂ္ဂဇင်း၊ အတွဲ ၁၂၊ အမှတ် ၁၃၉။

❑

mgyoe.com SAMPLE BOOK

# အဏုမြူ ဆန့်ကျင်ရေး ကမ္ဘာ့ညီလာခံ

ဩဂုတ်လ ၁၂ ရက်နေ့၌ ဝါးဆီးဒါး တက္ကသိုလ် ခန်းမဆောင်ကြီး၌ ဂျပန် အမျိုးသား အဏုမြူ ဆန့်ကျင်ရေး ညီလာခံကြီး ကျင်းပကြသည်။

မြန်မာပြည်မှ ဦးသံဗျင်၊ ဦးသန်းဆွေ၊ ဦးသောင်း၊ စောသကလ ကိုယ်စားလှယ် လေးဦးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် ဗမာနိုင်ငံ အထွေထွေ အတွင်းရေးမှူးဟောင်း ကိုမျိုးမြင့်ပါ ကျွန်မ တည်းခိုနေသော ဟိုတယ်သို့ ညက ရောက်လာကြသည်။

နံနက်စောစော အိပ်ရာမှထလိုက်ရာ တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို ကိုယ်လက်များ နာနေတော့သည်။ ခရီးဆက်တိုက် အအိပ်ပျက်၊ အစားပျက်ဖြစ်၍ မောပန်းသည့် လက္ခဏာသည် ရင်ထဲ၌ တလှပ်လှပ် ဖြစ်လျက်နေ၏။ ခရီးကြမ်း ဆက်တိုက်ကြီး နှင်လာခဲ့ပြီးနောက် တစ်ရက်မှ အားခွင့် နားခွင့် မရှိပေ။ ညက ရုပ်မြင်သံကြား၊ ရေဒီယို အသံလွှင့်ပြီး ပြန်ခဲ့ရာ ညီလာခံ ပြင်ဆင်ရေး ကော်မတီ အစည်းအဝေးသို့ ဆက်တက်ရသည်။ ဟိုတယ်သို့ ည ၁၂ နာရီမှ ပြန်ရောက်လာ၏။ ရှေ့ဆက်၍လည်း ညီလာခံကြီး မပြီးဆုံးမချင်း အစည်းအဝေးနှင့် တစ်နေ့လုံး အချိန်ကုန်ကာ မောပန်းရဦးမှာကို တွေးမိသည်နှင့် ရင်ထဲတွင် မသက်မသာ ရှိသွားသည်။

"မမလေးစံ စောင့်နေပါပြီ၊ သွားနိုင်ပါပြီလား"

တယ်လီဖုန်းမှ စကားပြန်၏ အသံကြားရသည်။ အဝတ်အစား လဲရပုံသည် တစ်ယောက်တည်း အခန်းထဲ၌ ပတ်ချာလှည့်ပြေးနေရသည်။ ခုတင်ခြေရင်းမှ သေတ္တာ

mgyoe.com